# မကြာသေးမီက ပြဋ္ဌာန်းခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေကို သုံးသပ်ချက်

## မြန်မာနိုင်ငံတွင်မြေယာစီမံခန့်ခွဲရေးနှင့် စပ်လျဉ်းသည့် ဥပဒေနှင့်မူဝါဒမူဘောင်များတိုးတက်ကောင်းမွန်စေခြင်း

Photo : Bawi Tha

စားနပ်ရိက္ခာဖူလုံရေး လုပ်ငန်းအဖွဲ့
မြေယာအရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့
၂၀၁၂ခုနှစ် နိုဝင်ဘာလ

www.myanmarfswg.org

# ကျေးဇူးတင်လွှာ

စာရေးသူအနေဖြင့် စားနပ်ရိက္ခာဖူလုံရေး လုပ်ငန်းအစုအဖွဲ့၏ မြေယာအရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် ပျိုးပင်လုပ်ငန်းအစီအစဉ်မှ ဝန်ထမ်းများအား ဤအစီရင်ခံစာရေးသားရာတွင် ကူညီပံ့ပိုးသည့်အတွက် ကျေးဇူးတင်ရှိပါသည်။ ရရှိနိုင်သော စာအုပ်စာတမ်း ပစ္စည်းများကို ရှာဖွေခြင်း၊ မြန်မာနိုင်ငံတွင် အဓိကအရေးပါသော အကျိုးစီးပွား ပါဝင်ပတ်သက်သူများနှင့် တွေ့ဆုံရန် စီစဉ်ခြင်း တို့တွင် ပျိုးပင်လုပ်ငန်းအစီအစဉ်မှ သုတေသနနှင့် ဖွံ့ဖြိုးရေး မန်နေဂျာ Siusue Mark က အကူအညီ ပေးခဲ့သည့် အတွက် အထူး ကျေးဇူး တင်ရှိပါသည်။ ရန်ကုန်မြို့ပြင်ပသို့ နိုင်ငံတော်အစိုးရ၊ ရပ်ရွာပြည်သူလူထုနှင့် ပြည်သူလူထုအဖွဲ့အစည်း အကျိုးစီးပွား ပါဝင်ပတ်သက်သူများထံ ကွင်းဆင်းလုပ်ငန်း ခရီးစဉ်များသွားရောက်စဉ်လမ်းညွှန်ခြင်း၊အကူအညီပေးခြင်းများပြုလုပ်ပေးခဲ့ကြသောမြေယာအရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ ဦးစံသိန်းနှင့် ဦးသစ်ဆန်းတို့အား ကျေးဇူးတင်ပါသည်။

Robert B. Oberndorf, J.D.
Senior Law & Policy Advisor, Forest Trends Association
ဥပဒေနှင့် မူဝါဒ အကြီးတန်းအကြံပေး၊ သစ်တောဆိုင်ရာ အလားအလာများ အသင်း

FOREST TRENDS

<u>စာတမ်းအနှစ်ချုပ်သုံးသပ်တင်ပြချက်</u>

မြန်မာနိုင်ငံတွင် သိသိသာသာနှင့်လျင်မြန်သော ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပွားလျက်ရှိပါသည်။ ယင်းတို့ကြောင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ဒေသစီးပွားရေး၊ ကမ္ဘာ့စီးပွားရေးတို့အတွင်း ပိုမို ပေါင်းစည်း ပါဝင်နိုင်ခြင်း ကဲ့သို့သော အကျိုးကျေးဇူးများကို နိုင်ငံသားများအားလုံး သာတူညီမျှ မျှဝေခံစားနိုင်သည့် အများပါဝင်နိုင်သော လူ့ဘောင်အဖွဲ့အစည်း ပေါ်ပေါက်မည့် အလားအလာ ရှိပါသည်။ ဤဖွံ့ဖြိုးတိုးတက်မှုတွင် မြေ၊ သစ်တောများနှင့် ရေ အပါအဝင် နိုင်ငံတွင်းရှိ သဘာဝ သယံဇာတ အရင်းအမြစ်များသည် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းများဖြစ်ပါသည်။ မြေယာကို မည်သူက၊ မည်သို့ ၊မည်သည့် ရည်ရွယ်ချက်အတွက် အသုံးပြုမည် စသည့်ဆုံးဖြတ်ချက်များသည် ကျေးလက်တွင် နေထိုင်ကြသည့် လယ်ဧကအနည်းငယ် လုပ်ကိုင်ကြသော တောင်သူလယ်သမားများ အများစုပါဝင်သော မြန်မာပြည်သူလူထုအတွက် ကျယ်ပြန့်သော အကျိုးဆက်များ ရှိနိုင်ပါသည်။ မြန်မာနိုင်ငံ နေရာဒေသအများအပြားတွင် အကြီးစား မြေယာအသုံးပြုခွင့်ပေးမှုများကြောင့် လယ်ဧကအနည်းငယ် လုပ်ကိုင်ကြသော တောင်သူလယ်သမားအများစုမှာ ၎င်းတို့ပိုင် မြေယာများမှ ဖယ်ထုတ်ခံနေရ ခြင်းသည် ကျေးလက်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ခြိမ်းခြောက်လျှက်ရှိပါသည်။

ဤလေ့လာချက်တွင် မြန်မာနိုင်ငံ၌ မြေပမာဏ အနည်းငယ်မျှ လုပ်ကိုင်သော လယ်သမားများ အတွက် မြေယာ လုပ်ပိုင်ခွင့် ဆိုင်ရာ လက်ရှိဥပဒေများနှင့် စီးပွားရေး အခြေအနေတို့ကို ဆန်းစစ်လေ့လာထားပါသည်။ မြေပမာဏ အနည်းငယ်မျှ လုပ်ကိုင်သော လယ်သမားများနှင့် အထူးသဖြင့် အမျိုးသမီးများသည် လယ်လုပ်ခွင့်များကို ဥပဒေအရ ကာကွယ် စောင့်ရှောက်မှု အပြည့်အဝ ရရှိကြစေရန် မူဝါဒနှင့် ဥပဒေများ တိုးတက်ကောင်းမွန်စေရန် ပြုပြင်ရေးနှင့် အဖွဲ့အစည်းစနစ်နှင့် အစီအမံများ တည်ထောင်ရေး အကြံပြုချက်များလည်း ဖော်ပြပါထားပါသည်။

မြေယာပိုင်ဆိုင်မှု လုံခြုံမှုနှင့် မြေယာဆိုင်ရာ ပဋိပက္ခမှုများဆိုင်ရာ ပြဿနာများကို မဖြေရှင်းပါက နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၊ ရေရှည်တည်တံ့သော စီးပွားရေး ကြီးထွားမှု၊ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရေး၊ လူမှုရေး သာယာဝပြောမှုနှင့် နိုင်ငံသားအားလုံး၏ အခွင့်အရေးများကို လေးစားသော တည်ငြိမ်သည့် ဒီမိုကရေစီ အုပ်ချုပ်မှု စနစ် ပေါ်ပေါက်လာရေးတို့အပေါ် ထိခိုက်မှု ရှိနိုင်ကြောင်း နိုင်ငံတော်အစိုးရက အသိအမှတ်ပြုထားပြီးဖြစ်ပါသည်။

ထို့သို့အသိအမှတ်ပြုပြီးဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ပြည့်စုံသော မူဝါဒနှင့် ပြည့်စုံသော မြေယာဥပဒေများ ရေးဆွဲရန် အရေးတကြီး လိုအပ်လျက် ရှိပါသည်။ ယင်းတို့ကို ရေးဆွဲရန်မှာ ဂရုတစိုက် လေ့လာခြင်း၊ ပြည်သူလူထု အဖွဲ့အစည်းများ၊ လယ်သမားများ၊ ပုဂ္ဂလိကကဏ္ဍမှ ကုမ္ပဏီများ၊ အခြား အကျိုးစီးပွား ပါဝင်ပတ်သက်သူများနှင့် အများပါဝင် နိုင်သော တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။ မူဝါဒနှင့် ဥပဒေများသည် လယ်ဧကအနည်းငယ် လုပ်ကိုင်ကြသော တောင်သူလယ်သမားများ၊ မိသားစုများနှင့် ရပ်ရွာများအား မြေယာလုပ်ပိုင်ခွင့် လုံခြုံမှုနှင့် လူမှုရေး ကာကွယ်စောင့်ရှောက်မှုများ ပေးရန်နှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို အတိအလင်း ဖြည့်ဆည်းပေးရန် ဖြစ်ပါသည်။ မြေယာအရင်းအမြစ်များနှင့် စပ်လျဉ်းသည့် ဓလေ့ထုံးတမ်း ဥပဒေများကိုလည်း မူဝါဒတွင် တရားဝင် အသိအမှတ်ပြုပြီး တိုင်းရင်းသားလူနည်းစုများ၏အခွင့်အရေးများနှင့် မြေယာဆိုင်ရာဆုံးဖြတ်ချက်ချမှတ်သော လုပ်ငန်းစဉ်များနှင့် အဖွဲ့အစည်း အသီးသီးတွင် ၎င်းတို့ ပါဝင်နိုင်ရေးအတွက် မြေယာစုပေါင်းပိုင်ဆိုင်မှု အစီအမံများ ပြဋ္ဌာန်းပေးရန်ဖြစ်ပါသည်။ အစိုးရအနေဖြင့် သီးနှံအလည့်ကျစိုက်ပျိုးသည့်စနစ်များ၏တန်ဖိုးကို အကျိုးရှိသောမြေယာအသုံးချမှုအဖြစ် အသိမှတ်ပြုပေးရန် လိုအပ်ပြီး ယင်းနှင့်ဆိုင်သည့်မြေယာလုံခြုံမှုသက်တမ်း၊ သီးခြားမြေယာလုပ်ပိုင်ခွင့်အစီအစဉ်တို့ကိုလည်း ကာကွယ်ပေးရန်လိုအပ် ပါသည်။မည်သည့်မူဝါဒမဆို မြေယာပဋိပက္ခများပေါ်ပေါက်လာသည့်အခါ ဖြေရှင်းပေးနိုင်ရန်အတွက် မျှတပြီး ထင်သာမြင်သာ ရှိသော အစီအမံများကို ပြဋ္ဌာန်းပေးရပါမည်။ အမျိုးသား စားနပ်ရိက္ခာဖူလုံမှု၊စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားအားလုံး၏ အခွင့်အရေးများကို ဟန်ချက်ညီ ဆောင်ရွက်နိုင်ရပါမည်။

လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဥပဒေတို့ကို လွှတ်တော်က ၃၀-၃-၂၀၁၂ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ယခင်ဥပဒေများနှင့် နှိုင်းယှဉ်ပါက ရွှေ့ပြောင်းမဟုတ်သော တောင်ယာစိုက်ပျိုးရေးကို တရားဝင်မြေအသုံးပြုမှုအနေဖြင့် အသိအမှတ်ပြုခြင်း၊ လယ်သမားများသည် နိုင်ငံတော်အစိုးရ၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ မြေလွတ်မြေရိုင်းများကို အသုံးပြုနေသည်ဟု အသိအမှတ်ပြုခြင်း ကဲ့သို့သော တိုးတက်ကောင်းမွန်သည့်အချက်အချို့ ရှိပါသည်။ သို့ရာတွင် ခြုံငုံ၍ ကြည့်ပါက ဥပဒေများသည် မရှင်းလင်းဘဲ ကုန်းမြင့်ဒေသများရှိ လယ်ဧကအနည်းငယ် လုပ်ကိုင်ကြသော

တောင်သူလယ်သမားများ၏ အခွင့်အရေးများကို အကာအကွယ်ပေးမှု အားနည်းပါသည်။ အမျိုးသမီးများ မြေကို မိမိတို့အမည်ပေါက် ပိုင်ဆိုင်ရန်၊ အမွေဆက်ခံရန်၊ မြေလွတ်မြေရိုင်းများ အသုံးပြုခွင့် ရရှိရန် တူညီသော အခွင့်အရေးများ ရှိကြောင်းကိုလည်း ရှင်းလင်းတိကျစွာ ဖော်ပြထားခြင်း မရှိပါ။ ဥပဒေများကို အခြေခံအားဖြင့် အကြီးစား စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန် အတွက်သာ ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်ပြီး လယ်သမားအများစုဖြစ်သည့် လယ်ဧက အနည်းငယ် လုပ်ကိုင်ကြသူများအတွက် လုံလောက်သော ကာကွယ်စောင့်ရှောက်မှုများ ပြဋ္ဌာန်းပေးခြင်း မရှိပါ။ အထူးသဖြင့် လယ်ယာမြေအတွက် လယ်ယာလုပ်ခွင့် လုံခြုံမှုမှာ အားနည်းလျက် ရှိပါသည်။ နိုင်ငံတော်အစိုးရသည် လယ်ယာမြေ အတွက် လယ်လုပ်ခွင့်ကို ပယ်ဖျက်နိုင်သည့် လုပ်ပိုင်ခွင့် ရှိခြင်းကြောင့် လယ်ဧကအနည်းငယ် လုပ်ကိုင်ကြသူများသည် လယ်လုပ်ခွင့် ဆုံးရှုံးမည့် အန္တရာယ်ကို မကာကွယ်နိုင်ဘဲ ရှိပါသည်။ ထို့အပြင် လယ်သမားများ ရွေးချယ် စိုက်ပျိုးသည့် သီးနှံများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရက ထိန်းချုပ်မှု လက်ကျန်များ ရှိနေဆဲဖြစ်ပါသည်။

အထူးသဖြင့် လယ်ယာမြေဥပဒေနှင့် မြေလွတ် မြေလပ်နှင့် မြေရိုင်းဥပဒေများတွင် ထုံးတမ်းစဉ်လာဥပဒေအရ မြေယာ အသုံးပြုခွင့်များကို အသိအမှတ်ပြုခြင်း၊ မြေအသုံးပြုခွင့် အခွင့်အရေးများကို ရပ်ရွာအလိုက် မှတ်ပုံတင်ရန် ခွင့်ပြုရေး အစီအမံများ ပြုလုပ်ခြင်းတို့ကို ထည့်သွင်းပေးရန် အကြံပြုပါသည်။ သစ်တောများနှင့် မြေလွတ်မြေရိုင်းများကို စိုက်ပျိုးမြေများ အဖြစ် ပြောင်းလဲခြင်း၊ အိုးအိမ်ဆောက်လုပ်ရေးစီမံချက်များကြောင့် စိုက်ပျိုးမြေများ ဆုံးရှုံးခြင်း၊ မြို့များတိုးချဲ့ခြင်းနှင့် လူဦးရေတိုးပွားခြင်းတို့ကြောင့်ဖြစ်ပေါ်လာသော မြေအသုံးပြုမှုအပြောင်းအလဲများကို ထင်ဟပ်လျက် နိုင်ငံအတွင်း မြေများကို ပြည့်စုံသော လုပ်ငန်းစဉ်ဖြင့် ပြန်လည် အတန်းအစားခွဲရန် လိုအပ်လျက်ရှိပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ကျေးလက် ဒေသများတွင် မြေယာဆိုင်ရာ ပဋိပက္ခများ လျော့နည်းပြီး လယ်ဧကအနည်းငယ် လုပ်ကိုင်သူများအတွက် စစ်မှန်သော လယ်လုပ်ခွင့်လုံခြုံမှု ဖြည့်ဆည်းပေးနိုင်ပါမည်။ ထို့အပြင်ဥပဒေများ၌ အမျိုးသမီးများ၏ သီးခြားလွတ်လပ်သော အခွင့်အရေး များကို အတိအလင်းဖော်ပြထားရန်ဖြစ်ပါသည်။ ထို့အပြင် အမျိုးသားအကျိုးစီပွားအတွက် မြေသုံးပြုမှု အခွင့်အရေးများကို ရုပ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အထူးသဖြင့် လွတ်လပ်စွာကြိုတင်၍ သိမြင်နားလည်မှုအပေါ်အခြေခံသော သဘောတူညီမှုရယူရေး အခြေခံမှု ကိုထည့်သွင်းပြဋ္ဌာန်းထားရန်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြေယာဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဥပဒေများကို ပြန်လည်ပြင်ဆင်ရန်အတွက် ပြည်သူလူထု အဖွဲ့အစည်းများ၊ တောင်သူလယ်သမားအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်း၍လုပ်ဆောင်ရန်လည်း လိုအပ်ပါသည်။လယ်ယာမြေအုပ်ချုပ်မှုအဖွဲ့အစည်းများ(လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်တို့တွင်)အဆင့်အားလုံးတွင် ယင်းအုပ်စုများ ကိုယ်စားပြုပါဝင်မှုကို အာမခံချက် ပေးရန် လိုအပ်လျက်ရှိပါသည်။ ထို့အပြင် မြေယာအသုံးပြုမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူလူထုအနေဖြင့် လွတ်လပ်စွာ ရယူအသုံးပြုနိုင်စေမည့် အစီအမံများနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှု နည်းလမ်း များကိုလည်း ဖန်တီးထားရှိရန် အထူးအရေးကြီးပါသည်။ ချမှတ်သော ဆုံးဖြတ်ချက်များမှာ သင့်တင့်လျောက်ပတ်မှု ရှိပြီး မြန်မာနိုင်ငံရှိ နိုင်ငံသားများအားလုံး အကျိုးကျေးဇူးဖြစ်ထွန်းစေရန်အတွက် ဤသို့ဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။

လယ်သမားများသည် ၎င်းတို့ထွန်ယက်စိုက်ပျိုးသော လယ်ယာမြေများနှင့် အနီးကပ် ဆက်စပ် ပတ်သက်နေပြီး မည်သည့် သီးနှံများ စိုက်ပျိုးရန် အသင့်တော်ဆုံးဖြစ်ကြောင်း ဆုံးဖြတ်ချက်များ ချမှတ်ရန် အကောင်းဆုံးအနေအထားတွင် ရှိသူများ ဖြစ်ပါသည်။ ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းလမ်းများ၊ သီးနှံများနှင့် နည်းပညာများဆိုင်ရာ သတင်းအချက်အလက်များ ဖြည့်ဆည်းပေးခြင်းအားဖြင့် လယ်သမားများအား ပံ့ပိုးမှုပေးရန် ဖြစ်ပါသည်။ သို့ဖြင့် လယ်သမားများသည် မိမိတို့ မြေပေါ်တွင် စိုက်ပျိုးမည့်သီးနှံအမျိုးအစားများကိုသိမြင်နားလည်မှုပေါ်(လုံလောက်သောသတင်းအချက်အလက်ကို)အခြေခံ၍ရွေးချယ်နိုင်မည် ဖြစ်ပြီး လယ်ယာမြေ ဥပဒေတွင် မသင့်တော်သော ကန့်သတ်ချက်များကို ဖယ်ရှားသင့်ပါသည်။

မြေယာမှတ်ပုံတင်သည့်စနစ်နှင့် လယ်မြေနှင့် မြေလွတ်မြေလပ်မြေရိုင်းများကို လွှဲပြောင်းသောစနစ်၊ အခကြေးငွေနှင့် အကောက်ခွန်များ ပေးဆောင်သောစနစ်တို့ကို ကျစ်လစ်အောင်ပြုလုပ်ပြီး လယ်ဧက အနည်းငယ်သာ လုပ်ကိုင်သော လယ်သမားများအတွက် ရိုးရှင်းလွယ်ကူစေရန်စီစဉ်ထားရှိရေးကို ဦးစားပေးတစ်ရပ်အဖြစ် ယူဆကြပါသည်။ နိုင်ငံတော်အစိုးရ၏ ဖြစ်နိုင်သမျှ အနိမ့်ဆုံးလက်လှမ်းမီစေမည့်အဆင့်တွင် ယင်းလုပ်ငန်းများအားလုံးကို တစ်နေရာတည်း ကောင်တာတစ်ခု တည်း၌ အပြီးအပြတ်ဆောင်ရွက်ပေးနိုင်မည့် ဝန်ဆောင်မှုမျိုး တည်ထောင်နိုင်ရန် အလားအလာကို စူးစမ်းသင့်ကြောင်း အကြံပြု ပါသည်။ ဤလုပ်ငန်းနှင့် တစ်ပါတည်း လစ်ဟာချက်များနှင့် ရှေ့နောက်မညီမှုများကို ဖြေရှင်းရန် ဥပဒေပြင်ဆင်ချက်များ

ပြုလုပ်ခြင်းဖြင့် လယ်ဧကအနည်းငယ်သာ လုပ်ကိုင်သော လယ်သမားများအနေဖြင့် ဥပဒေအရ ၎င်းတို့လယ်ယာလုပ်ပိုင်ခွင့်များနှင့် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်မှု ကိုရရှိလာစေပြီး အကျိုးကျေးဇူး ပိုမိုဖြစ်ထွန်းနိုင်ပါမည်။

မည်သည့်ဥပဒေမဆို အောင်မြင်စွာ အကောင်အထည်ဖော်ရန်အတွက် တရားမျှတပြီး သာတူညီမျှမှုရှိသောပဋိပက္ခ အငြင်းပွားမှုဖြေရှင်းသည့် အစီအမံများမှာ အခြေခံဖြစ်ပါသည်။ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မြေယာ အငြင်းပွားမှုများကိုကြားနာစစ်ဆေးရန် သီးခြားလွတ်လပ်သောအုပ်ချုပ်မှုအဖွဲ့ ဖွဲ့စည်းရန် အကြံပြုပါသည်။ ဤအဖွဲ့အစည်းသည် ကဏ္ဍအလိုက်ဝန်ကြီးဌာနအားလုံးမှသီးခြားကင်းလွတ်ပြီး တိုင်းဒေသကြီးပြည်နယ်အားလုံးတွင်အဖွဲ့ခွဲများရှိလျက် နိုင်ငံသားများအားလုံးက ယင်းအဖွဲ့များကိုရယူအသုံးပြုနိုင်ရပါမည်။ ဤအဖွဲ့အား မြေယာအုပ်ချုပ်မှုအဖွဲ့အစည်းများကချမှတ်သည့် ဆုံးဖြတ်ချက်များပေါ် အယူခံမှုများကို ကြားနာစစ်ဆေးရန် လုပ်ပိုင်ခွင့် ပေးရပါမည်။ ဤသို့ ဆောင်ရွက်သည့်အပြင် တရားရုံး မဟုတ်သောကြားနာစစ်ဆေးစီရင်ရေးအစီအမံများကိုလည်း ချမှတ်ထားရန်လိုအပ်ပါသည်။ သို့ဖြင့် ယင်းတို့တွင် မြေယာ အငြင်းပွားမှုများ၌ ပါဝင်ပတ်သက်သူများအားလုံး တန်းတူညီမျှ ပါဝင်နိုင်စေရပါမည်။နောက်ဆုံးတွင် မြေယာဥပဒေတွင်း၌ မြေပိုင်ဆိုင်မှုအခွင့်အရေးများကို အများပြည်သူအတွက် သိမ်းယူမည်ဆိုပါက မျှတသောပေါက်ဈေးဖြင့် လျော်ကြေးပေးရန် ဆိုင်ရာခေတ်မီသည့် အကာအကွယ်ပေးမှုများကို ထည့်သွင်းပြဋ္ဌာန်းရန်ဖြစ် ပြီးမြေသိမ်းယူမှုအက်ဥပဒေကို ပယ်ဖျက်ရန် ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံ၏ မြေယာအရင်းအမြစ်များနှင့် လယ်လုပ်ခွင့် လုံခြုံမှုဆိုင်ရာ တည်ဆဲ ဥပဒေမူဘောင်သည် ခေတ်စနစ်နှင့် လျော်ညီခြင်းမရှိတော့ဘဲ ညှိနှိုင်းပြင်ဆင်ရန် လိုအပ်လျက် ရှိပါသည်။ မြေယာစီမံခန့်ခွဲရေးဆိုင်ရာ နိုင်ငံတကာနှင့် ဒေသတွင်း အကောင်းဆုံး လုပ်နည်းလုပ်ဟန်များကိုလည်း ပေါင်းစည်းထည့်သွင်းပေးရန် လိုအပ်လျက် ရှိပါသည်။ နည်းဥပဒေများနှင့် စည်းမျဉ်းများကို ပြင်ဆင်ခြင်းဖြင့် မြေယာဥပဒေနှင့် မြေလွတ် မြေလပ် မြေရိုင်း ဥပဒေများ၏ လက်ရှိအားနည်းချက်များကို လက်ငင်း ဖြေရှင်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## မာတိကာ


| | | |
|---|---|---|
| **Chapter 1**<br>အခန်း ၁ | **Introduction**<br>နိဒါန်း | **1** |
| **Chapter 2**<br>အခန်း ၂ | **National Land Policy**<br>အမျိုးသား မြေယာမူဝါဒ | **3** |
| **Chapter 3**<br>အခန်း ၃ | **Overview of Rural Land Classification, Management and Conflict Issues**<br>ကျေးလက် မြေယာ အမျိုးအစားခွဲခြားခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ပဋိပက္ခ ကိစ္စရပ်များ | **7** |
| **Chapter 4**<br>အခန်း ၄ | **Overview of Laws Relating to Rural Land Management in Myanmar**<br>မြန်မာနိုင်ငံတွင် ကျေးလက် မြေယာ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သော ဥပဒေများကို ခြုံငုံလေ့လာခြင်း | **15** |
| **Chapter 5**<br>အခန်း ၅ | **Analysis of the Farmland Law (2012)**<br>လယ်ယာမြေ ဥပဒေ (၂၀၁၂ခုနှစ်) ကို ဆန်းစစ်ချက် | **19** |
| **Chapter 6**<br>အခန်း ၆ | **Analysis of the Vacant, Fallow and Virgin Lands Management Law (2012)**<br>မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေ (၂၀၁၂ခုနှစ်) ကို ဆန်းစစ်ချက် | **22** |
| **Chapter 7**<br>အခန်း ၇ | **Recommendations for Improving the Law on Land**<br>မြေယာဆိုင်ရာ ဥပဒေ တိုးတက်ကောင်းမွန်ရေး အကြံပြုချက်များ | **25** |
| **Chapter 8**<br>အခန်း ၁ | **Conclusion**<br>နိဂုံး | **28** |
| **Annex**<br>နောက်ဆက်တွဲ | | **29** |
| **Table 1: Land Classification, Control, Conflict and Tenure Security**<br>ဇယား ၁ - မြေအမျိုးအစားခွဲခြားခြင်း၊ ထိန်းချုပ်ခြင်း၊ ပဋိပက္ခမှုနှင့် မြေအသုံးပြုခွင့် လုံခြုံမှု | | **9** |

# အတိုကောက်ဝေါဟာရများ

| | |
|---|---|
| ASEAN | Association of Southeast Asian Nations<br>အရှေ့တောင်အာရှနိုင်ငံများအသင်း |
| CCVFV | Central Committee for the Management of Vacant, Fallow and Virgin Lands မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဆိုင်ရာ ဗဟိုကော်မတီ |
| ESIA | Environmental and Social Impact Assessment သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေး သက်ရောက်မှုအကဲဖြတ်ချက် |
| FAB | Farmland Administration Body<br>လယ်ယာမြေအုပ်ချုပ်မှုအဖွဲ့ အစည်း |
| LUC | Land Use Certificate<br>မြေအသုံးပြုမှုသက်သေခံလက်မှတ် |
| MoAI | Ministry of Agriculture and Irrigation<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| MoECaF | Ministry of Environmental Conservation and Forestry<br>သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောဝန်ကြီးဌာန |
| SLRD | Settlement and Land Records Department<br>ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန |
| GAD | General Administration Department<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| VFV Law | Vacant, Fallow, Virgin Lands Management Law<br>မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေ |

## အခန်း ၁

## နိဒါန်း

ဤပြန်လည်သုံးသပ်ချက်တွင် တည်ဆဲမြေယာဥပဒေများကို ဆန်းစစ်လေ့လာပြီး မြန်မာနိုင်ငံရှိ လယ်ဧကအနည်းငယ်သာ လုပ်ကိုင်သော လယ်သမားများအနေဖြင့် လယ်လုပ်ခွင့် အခွင့်အရေးများ ကို ဥပဒေအရ အပြည့်အဝ အကာအကွယ်ပေးမှု ရရှိစေရေးအတွက် ပိုမိုကောင်းမွန်အောင် ပြုပြင်နိုင်မည့်အချက်များ၊ ဥပဒေတွင် ထည့်သွင်းရေးသားရန် အဖွဲ့အစည်း စနစ်များနှင့် အစီအမံများ တည်ထောင်ရန် အကြံပြုချက်များကို ဖော်ပြထားပါသည်။ ဤသုံးသပ်ချက်ကို မြေယာမူဝါဒ အဓိက အပြောင်းအလဲများအား အသေးစိတ်ဖော်ပြခြင်းဖြင့်စတင်ပြီး ဆက်လက်ပြုလုပ်ရန် လိုအပ်သော အပြောင်းအလဲများအတွက် အကြံပြုချက်များကို ဖော်ပြထားပါသည်။ ဆက်လက်၍ လက်ရှိမြေအတန်းအစား ခွဲခြားသည့်အုပ်စုများကို ခြုံငုံဖော်ပြပြီး မြေယာနှင့် သက်ဆိုင်သော နိုင်ငံတော်အစိုးရအဖွဲ့အစည်းများ မြေယာပဋိပက္ခမှုကို အဓိကမောင်းနှင်ပေးသော အချက်အချို့ကို ဆက်လက်၍ ဖော်ပြထားပါသည်။ ထို့နောက် လယ်ယာမြေဥပဒေနှင့် မြေလွတ် မြေလပ်နှင့် မြေရိုင်း စီမံခန့်ခွဲမှုဥပဒေတို့ကို အသေးစိတ် ဆန်းစစ်လျက် ပိုမိုကောင်းမွန်စေရန် အကြံပြုချက်များကို ဖော်ပြထားပါသည်။ မဲခေါင်ဒေသခွဲ အတွင်းရှိ အခြားနိုင်ငံများ၏ အတွေ့အကြုံအပေါ် တစ်စိတ်တစ်ဒေသ အခြေခံထားပါသည်။

မြေယာဥပဒေနှင့် မြေလွတ် မြေလပ်နှင့် မြေရိုင်းဥပဒေကို မြန်မာနိုင်ငံ လွှတ်တော်က ၃၀-၃-၂၀၁၂ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေတို့သည် စနစ်တကျကာကွယ်စောင့်ရှောက်မှုများ ချမှတ်ခြင်းမရှိပဲ လက်ရှိပုံစံအတိုင်းသာ ဆောင်ရွက်မည် ဆိုပါက မြန်မာနိုင်ငံရှိ လယ်ဧကအနည်းငယ်သာလုပ်ကိုင်သော လယ်သမားများနှင့် ရပ်ရွာများ၏ လယ်လုပ်ခွင့် လုံခြုံမှုကို မည်ကဲ့သို့ထိခိုက်နိုင်ကြောင်း ဤသုံးသပ်ချက်တွင် ဖော်ပြထားပါသည်။ လယ်လုပ်ခွင့်လုံခြုံမှု အားနည်းပါက မြေယာ ပဋိပက္ခဖြစ်မှု တိုးပွားလာပြီး လူမှုရေး မတည်မငြိမ်မှု များပြားလာမည်ဖြစ်ပါသည်။ နောက်ဆုံးအနေဖြင့် မြန်မာနိုင်ငံတွင် မြေယာစီမံခန့်ခွဲမှုနှင့် မြေယာအသုံးပြုမှုစီမံကိန်းရေးဆွဲခြင်းတို့အတွက် ပြည့်စုံပြီး ဟန်ချက်ညီသော ချဉ်းကပ်ပုံ ချမှတ်ကျင့်သုံး ရာတွင် အသစ်ပြဋ္ဌာန်းလိုက်သည့် လယ်ယာမြေဥပဒေနှင့် မြေလွတ်မြေလပ်မြေရိုင်းဥပဒေများ ပေါင်းစည်းထည့်သွင်း ပါဝင်သင့်ကြောင်း ဤအစီရင်ခံစာ၌ အကြံပြုဖော်ပြထားပါသည်။

ဤသို့ ဆောင်ရွက်ရန်အတွက် နိုင်ငံတော်အစိုးရသည် နိုင်ငံအတွက် ပြည့်စုံသော မြေယာဥပဒေနှင့် မြေယာစီမံခန့်ခွဲမှု မူဝါဒ တို့ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဂရုပြု၍ စဉ်းစားရန်ဖြစ်ပါသည်။ မဲခေါင်ဒေသခွဲအတွင်းရှိ အခြား နယ်မြေဒေသများတွင် ဖြစ်ပွားခဲ့သော ကုန်ကျစရိတ်မြင့်မားသည့် အမှားအယွင်းများကို ရှောင်လွှဲနိုင်ရန်အတွက် ယင်းသို့သော မူဝါဒနှင့် ဥပဒေ ပြုပြင် ပြောင်းလဲမှုများကို တစ်ဆင့်ချင်း ဆောင်ရွက်ပြီး မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များကိုလည်း အချက်အလက်ပြည့်စုံစွာ အခြေပြု၍ ချမှတ်ရန် လိုအပ်ပါသည်။ မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များမှာ ပြည်သူလူထု အဖွဲ့အစည်းများ အပါအဝင် သက်ဆိုင်အကျုံးဝင်သော အကျိုးစီးပွားပါဝင်သူများအားလုံး ပါဝင်နိုင်ရမည်ဖြစ်ပါသည်။ သက်ဆိုင်သူများ ပါဝင်စေလျက် တစ်ဆင့်ချင်းဆောင်ရွက်သည့်ချဉ်းကပ်ပုံသည် မြေယာ အရင်းအမြစ်များကို ပိုမိုကောင်းမွန်စွာ အုပ်ချုပ်နိုင်ရေး အားပေးပြီး နိုင်ငံသားများ၏ အခွင့်အရေးများကိုလည်း အလေးဂရုပြုလျက် နိုင်ငံ၏ သဘာဝ အရင်းအမြစ် များကို ရေရှည်တည်တံ့သော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စေနိုင်ပါမည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မြေယာပဋိပက္ခမှုများကိုလည်း ခြုံငုံဖော်ပြထားပါသည်။ မြေအတန်းအစားခွဲခြားမှု နှင့် အုပ်ချုပ်မှု အာဏာပိုင်များ၏ လုပ်ငန်းနယ်ပယ်များ ထပ်နေခြင်းတို့ကြောင့် လယ်လုပ်ခွင့် မလုံခြုံမှုနှင့် မြေယာပဋိပက္ခမှု ပြဿနာများ ပိုမိုဖြစ်ပွားရကြောင်းကိုလည်း ဖော်ပြထားပါသည်။ ဖော်ပြထားသော သတင်းအချက်အလက်များမှာ မြန်မာ နိုင်ငံတွင်း မြေယာပဋိပက္ခမှုဆိုင်ရာ မကြာသေးမီက ဆောင်ရွက်ခဲ့သော သုတေသနများ၊ ကွင်းဆင်းခရီးစဉ်များ၊ အကျိုးစီးပွား ပါဝင်ပတ်သက်သူများနှင့် တွေ့ဆုံခြင်းများ၊ ကျေးလက်မြေယာစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများကို ပြန်လည်သုံးသပ်ချက်တို့ အပေါ်တွင် အခြေခံပါသည်။ မြေယာပဋိပက္ခမှုဆိုင်ရာ ပြဿနာများမှာ နိုင်ငံခြားရင်းနှီးမြုပ်နှံမှု ရေရှည်တည်တံ့သော အခွင့်အရေး ကြီးထွားမှုနှင့် လူမှုရေးတည်ငြိမ်မှုတို့အပေါ် ထိခိုက်နိုင်သော ကြီးလေးသည့် စိုးရိမ်ပူပန်မှုတစ်ရပ်ဖြစ်ကြောင်း နိုင်ငံတော် အစိုးရကအသိအမှတ်ပြုပါသည်။ ဤအစီရင်ခံစာတွင်နိုင်ငံအတွင်း၌မြေယာပဋိပက္ခဖြစ်မှု၏သဘောသဘာဝကို ပိုမို ကောင်းမွန်စွာ နားလည်သဘောပေါက်ရန်အတွက် နိုင်ငံတော်အစိုးရ၏ ကနဦးဆောင်ရွက်ချက်များကို ဆွေးနွေးဖော်ပြထား

ပါသည်။ သို့ရာတွင် မြေယာပဋိပက္ခမှု၏ ပြဿနာများကို နိုင်ငံတော်အစိုးရက ပိုမို၍ နားလည်သဘောပေါက်လာသော်လည်း ဥပဒေများတွင် ထင်ဟပ်ပြဋ္ဌာန်းထားခြင်းမရှိကြောင်း အသိအမှတ်ပြုရမည် ဖြစ်ပါသည်။

မြေယာပဋိပက္ခမှုများကြောင့် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး အန္တရာယ်ကျရောက်နိုင်မှုများကို ထည့်သွင်းစဉ်းစားလျက် မြေယာဆိုင်ရာမူဝါဒနှင့် ဥပဒေမူဘောင် တိုးတက်ကောင်းမွန်စေရန် မည်သို့ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အကြံပြုချက်များ ဖော်ပြထားပါသည်။ အကြံပြုချက်များမှာ မြန်မာနိုင်ငံရှိ လယ်ဧကအနည်းငယ် လုပ်ကိုင်သော လယ်သမားများ၊ အမျိုးသမီးများ၊ အိမ်ထောင်စုများနှင့် ရပ်ရွာများ၏ အခွင့်အရေးများနှင့် လယ်လုပ်ခွင့် လုံခြုံမှုတို့ အပေါ် အဓိကထားပါသည်။ အကြံပြုချက်များသည် မြန်မာနိုင်ငံအတွက် မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ပြည့်စုံသောမူဝါဒနှင့် မြေယာဥပဒေ ရေးဆွဲရန် လိုအပ်ကြောင်း စူးစိုက်ဖော်ပြပါသည်။ ပြည့်စုံသော မြေယာဥပဒေတွင် မြေယာအတန်းအစားခွဲခြားမှု အားလုံးပါဝင်ပြီး မြေယာဆိုင်ရာဥပဒေနှင့် ထိန်းချုပ်မှုမူဘောင်တို့ ညီညွတ်မှုရှိစေရန် ဖြစ်ပါသည်။ လယ်ယာမြေနှင့် မြေလွတ် မြေလပ် မြေရိုင်း ဥပဒေများတွင် လယ်ယာမြေပြုပြင်ရေးနှင့် မြေလွတ်မြေရိုင်း ပြုပြင်ရေးများကို မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ပြည့်စုံသော မူဝါဒ တစ်ရပ်နှင့် မြေယာဥပဒေတို့ကို ရေးဆွဲပြဋ္ဌာန်းရန် အကြံပြုချက်မှာ နိုင်ငံတော်အစိုးရကိုယ်စားလှယ်များနှင့် နိုင်ငံတွင်းရှိ အကြံပေး အများအပြားတို့၏ လက်ရှိထင်မြင်ယူဆချက်အတိုင်းပင် ဖြစ်ပါသည်။

ကျေးလက်ဒေသ မြေယာစီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒနှင့် ဥပဒေမူဘောင်များ ပိုမိုကောင်းမွန်လာစေနိုင်မည့်နည်းလမ်းများ ဆိုင်ရာ အကြံပြုချက်များသည် နိုင်ငံတကာ အကောင်းဆုံးလုပ်နည်းလုပ်ဟန်များ၊ မဲခေါင်ဒေသခွဲအတွင်းရှိ အခြားနယ်မြေများမှ ရရှိသော သင်ခန်းစာများအပေါ်တွင် အခြေပြုပါသည်။ ယင်းအကြံပြုချက်များမှာ အထွေထွေမှုများနှင့် နိုင်ငံတော် အစိုးရ ဆုံးဖြတ်ချက် ချမှတ်သော အဖွဲ့အစည်းများနှင့် သက်ဆိုင်အကျုံးဝင်သော အကျိုးစီးပွားပါဝင်ပတ်သက်သူများက အသုံးပြုနိုင်သော အယူအဆများ အဖြစ် တင်ပြထားခြင်းဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဥပဒေနှင့် မူဝါဒမူဘောင် ရေးဆွဲရာတွင် တိုင်ပင်ဆွေးနွေးသော လုပ်ငန်းစဉ်ကို အသုံးပြုရန် အထူးအရေးကြီးပါသည်။ ယင်းသို့သောလုပ်ငန်းစဉ်တွင် ပြည်သူလူထုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်နိုင်သည့် အခန်းကဏ္ဍကို ပိုမို၍ ခွင့်ပြုရန် လိုအပ်ပါသည်။ နိုင်ငံတကာအဆင့်၊ ဒေသအဆင့်နှင့် နယ်မြေခံ ကျွမ်းကျင်မှုများကို နိုင်ငံတော်အစိုးရက တက်ကြွစွာ ရယူပြီး ထည့်သွင်းစဉ်းစားရန်ဖြစ်ပါသည်။ အနည်းဆုံးအားဖြင့် ဤလုပ်ငန်းစဉ်တွင် သက်ဆိုင်အကျုံးဝင်သော အကျိုးစီးပွားပါဝင်ပတ်သက်သူများအား မူဝါများနှင့် ဥပဒေတို့ကို မူကြမ်းများရေးဆွဲနေစဉ် မှတ်ချက်ပြုရန် ခွင့်ပြုရပါမည်။ ယင်းသို့သော လုပ်ငန်းစဉ်မှာ ပိုမို၍ အချိန်ကြာမြင့်နိုင်သော်လည်း ဆုံးဖြတ်ချက်ချမှတ်မှုများ ပိုမိုကောင်းမွန်ခြင်း၊ ပြဋ္ဌာန်း လိုက်သော ဥပဒေများအတွက် ထောက်ခံမှု ကျယ်ပြန့်ခြင်း၊ အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်ခြင်းတို့ ရရှိပါမည်။အကြောင်းအရာများနှင့်စပ်လျဉ်း၍ နောက်ဆုံး ဆုံးဖြတ်ချက်မှာမူ နိုင်ငံတော်အစိုးရ၏တာဝန် အဖြစ် ဆက်လက်၍ တည်ရှိမည် ဖြစ်ပါသည်။

## အခန်း ၂

## အမျိုးသားအဆင့်မြေယာမူဝါဒ

### လယ်လုပ်ခွင့်မူဝါဒအပြောင်းအလဲများ

လွတ်လပ်ရေးရပြီးကာလနှင့် ဆိုရှယ်လစ်ခေတ်တစ်လျှောက်တွင် (၁၉၄၇ မှ ၁၉၈၈ခုနှစ်) ထုတ်ပြန်ကြော်ငြာခြင်း မရှိသော်လည်း လက်တွေ့အားဖြင့်ကျင့်သုံးသော မြေယာမူဝါဒမှာ တောင်သူလယ်သမားများ၏ လယ်လုပ်ခွင့်နှင့် ၎င်းတို့လုပ်ကိုင်သောလယ်ကို ဆက်လက်၍ လုပ်ကိုင်ခွင့်တို့ကို အကာအကွယ်ပေးပြီး တစ်ချိန်တည်းမှာ နိုင်ငံတော်က မြေယာပိုင်ဆိုင်မှုကို ထိန်းသိမ်းထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းမှာ ကုန်ထုတ်လုပ်မှုနည်းလမ်းများ (means of production) ကို ဗဟိုချုပ်ကိုင်၍ ပိုင်ဆိုင်မှု ရယူထားရှိပြီး စီးပွားရေးကို ပူးပေါင်း၍ စီမံခန့်ခွဲရမည်ဟူသော ဆိုရှယ်လစ်အယူအဆပေါ်တွင် အခြေခံပါသည်။ဤမူဝါဒကို ဖော်ဆောင်ရန်အတွက်ရေးဆွဲသောဥပဒေများသည် မြေပိုင်ရှင်စနစ်ကိုပယ်ဖျက်ခြင်း၊ လယ်ဧက အနည်းငယ် လုပ်ကိုင်သော လယ်သမားများအား မြေငှားစာချုပ်များ ချုပ်ဆိုလျက် မြေယာပြန်လည်ခွဲဝေသည့် စနစ်ကို တည်ထောင်ခြင်း၊ ကြွေးမြီကြောင့် လယ်ယာများကို ရရာဈေးဖြင့် ထိုးရောင်းရပြီး လယ်မြေများ မဆုံးရှုံးစေရန် လယ်သမား များအား အကာအကွယ် ပေးခြင်း၊ သီးစားလုပ်ပိုင်ခွင့်များကိုခွဲဝေချထားရာ၌ ပိုမိုဆင်းရဲသော လယ်သမားများအား ဦးစားပေးခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

၁၉၈၈ နောက်ပိုင်းတွင် နိုင်ငံတော်အစိုးရသည် ဈေးကွက်ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက် စီးပွားရေးကြီးထွားရန် လျာထားသော ဦးတည်ရည်ရွယ်သော လုံးဝကွဲပြားခြားနားသည့် မူဝါဒသစ်ကို ကျင့်သုံးပါသည်။ ဤမူဝါဒအရ ဆိုရှယ်လစ် ထိန်းချုပ်မှုများကို ဖြေလျော့ပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြုပ်နှံမှုကို အားပေးပါသည်။ မြေယာနှင့်စပ်လျဉ်း၍ ဤမူဝါဒကို အကောင်အထည် ဖော်ရာတွင် ၁၉၉၁ ခုနှစ် မြေရိုင်းများဆိုင်ရာ ညွှန်ကြားချက်ဖြင့် တစ်စိတ်တစ်ဒေသ အကောင်အထည် ဖော်ပါသည်။[၁] ယင်းညွှန်ကြားချက်အရ ပြည်တွင်းပြည်ပ ရင်းနှီးမြုပ်နှံမှုဖြင့် အကြီးစားစီးပွားဖြစ် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများ တည်ထောင်ဆောင်ရွက်နိုင်ပါသည်။ ဤသို့ ဆောင်ရွက်ရန်အတွက် အဓိကအားဖြင့် မြေယာအသုံးပြုခွင့်ကို တောရိုင်းမြေ (သို့မဟုတ် မြေလွတ် မြေလပ်နှင့် မြေရိုင်း) ဟု သတ်မှတ်ထားသောမြေသို့ လွှဲပြောင်းပေးခြင်းဖြင့် ဆောင်ရွက်ပါသည်။ နိုင်ငံခြားပြည်ပပို့ကုန်ကို အဓိကထားသည့် အကြီးစား စိုက်ခင်းကြီးများ တည်ထောင်ရန်အတွက် မကြာခဏ ပုဂ္ဂလိကတစ်ဦးချင်းနှင့် ကုမ္ပဏီများအား လွှဲပြောင်းပေးခြင်းဖြစ်ပါသည်။ ယင်းသို့လွှဲပြောင်း ပေးရာတွင် မကြာခဏ ထုံးတမ်းစဉ်လာဥပဒေ သို့မဟုတ် အမှန်တကယ်လုပ်ကိုင်နေသူများ၏ လယ်လုပ်ခွင့်တို့ကို အသိအမှတ်ပြုခြင်းမရှိပါ။ လွန်ခဲ့သော ဆယ်စုနှစ် ၂ စုအတွင်းတွင် ဤညွှန်ကြားချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ၌ မြေယာ သိမ်းဆည်းမှုနှင့် ပဋိပက္ခဖြစ်မှုအတိုင်းအတာနှင့် အကျယ်အဝန်းများ နိုင်ငံတစ်ဝှမ်းတွင် အထူးသဖြင့် ကုန်းမြင့်ဒေသများတွင် သိသိသာသာ တိုးမြင့်လာပါသည်။ ယင်းညွှန်ကြားချက်၏ ရည်ရွယ်ချက်အတိုင်းပင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဥပဒေ၌ အများအပြား ပြန်လည်၍ဖော်ပြထားသည်ကိုတွေ့ရပါသည်။

မြန်မာနိုင်ငံတွင် ယခုအခါ မြေယာအသုံးပြုမှုနှင့် လယ်လုပ်ခွင့်မူဝါဒ ရေးသားပြဋ္ဌာန်းထားခြင်းမရှိပါ။ သို့ရာတွင် မြေယာ ပြဿနာများ၏ ပိုမို အရေးပါလာပြီး မြေယာအငြင်းပွားမှုများကို သာတူညီမျှဖြေရှင်းချက်များ ဖော်ထုတ်ပေးရန် လိုအပ်ချက်ကို နိုင်ငံတော်အစိုးရတာဝန်ရှိသူများက အသိအမှတ်ပြုလာကြကြောင်း ရှင်းလင်းသိသာပါသည်။ ဤအစီရင်ခံတွင် မကြာသေးမီက ပြဋ္ဌာန်းခဲ့သောဥပဒေများကို နောက်ပိုင်း၌ အသေးစိတ် ဆန်းစစ်ဖော်ပြမည်ဖြစ်ပြီး ယင်းဥပဒေများတွင် အချို့သော ဆုံးဖြတ်ချက်များ၌ နိုင်ငံတော်၏ထိန်းချုပ်မှုကို လျှော့ချပြီး လယ်သမားများအား လွတ်လပ်ခွင့်များ ပိုမို၍ ပေးအပ် ထားခြင်းကြောင့် ကောင်းမွန်သည်ဟု ယူဆရန်ရှိပါသည်။ တချိန်တည်းမှာပင် မကြာသေးမီက ပြဋ္ဌာန်းခဲ့သော ဥပဒေများ၏ အဓိကရည်ရွယ်ချက်မှာ အနှစ်သာရအဖြစ် အပြောင်းအလဲမရှိသေးဘဲ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သည့် လုပ်ငန်းကြီးများ အား မြှင့်တင်ခြင်းကို ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရန် တစ်ခုတည်းသော နည်းလမ်းအဖြစ် နိုင်ငံတော်အစိုးရ တာဝန်ရှိသူအချို့က ဆက်လက်၍ ရှုမြင်လျက်ရှိသည်ဟု ယူဆရပါသည်။

မူဝါဒနှင့်ဥပဒေတို့အကြား ကွဲပြားခြားချက်မှာ အခါများစွာပင် ရှုပ်ထွေးဖွယ်လေ့ရှိပါသည်။ မူဝါဒစာတမ်းမှာ နိုင်ငံတော်အစိုးရက လက်ခံကျင့်သုံးလျက်ရှိသော လုပ်ငန်းဆောင်ရွက်မှုလမ်းညွှန် သို့မဟုတ် မျှော်မှန်းချက်ဖြစ်ပါသည်။ ဥပဒေများမှာမူ အခန်းများ၊ အပိုဒ်များ ပုံစံဖြင့် အတိအကျ အကြောင်းအရာတစ်ခုဆိုင်ရာ လုပ်ပိုင်ခွင့်များ၊ အခွင့်အရေးများနှင့် တာဝန်များကို တိကျစွာ ဖော်ပြထားခြင်း ဖြစ်ပါသည်။မူဝါဒစာတမ်းများကို မကြာခဏ ဥပဒေများ ရေးဆွဲခြင်း၊ ပြဋ္ဌာန်းခြင်း၊အကောင်အထည်ဖော်ခြင်းတို့တွင် လမ်းညွှန်အဖြစ် လက်ခံအသုံးပြုလေ့ရှိပါသည်။တဖန် ဥပဒေပြဋ္ဌာန်းရန် တာဝန်ယူရသူများက ဥပဒေကို အဓိပ္ပာယ် ကောက်ယူရာ၌ အထောက်အကူဖြစ်စေရန်လည်း မူဝါဒစာတမ်းများကို ရေးသားပြုစုထားကြပါသည်။ မူဝါဒမှာ အမှန်တကယ် ထိရောက်မှုရှိရန်အတွက် နိုင်ငံတော်အစိုးရ လုပ်ငန်းဆောင်ရွက်သော အဖွဲ့အစည်းများက ဆောင်ရွက်ရမည့် လုပ်ဆောင်ချက်လမ်းကြောင်းများကို အသေးစိတ် ဖော်ပြထားရပါမည်။ ထို့အပြင် တိုင်းတာနိုင်မှု ရှိရမည့်အပြင် သီးခြားလွတ်လပ်သော ပြည်သူလူထုအဖွဲ့အစည်းများက စောင့်ကြည့်စစ်ဆေးနိုင်ရပါမည်။ စနစ်တကျ ရေးသားပြုစုထားသော မူဝါဒစာစောင်များသည် ဥပဒေများကို ဖြည့်စွက်ပြီး ဥပဒေများနှင့် ချိတ်ဆက်မှု ရှိပါသည်။

ဤပြန်လည်သုံးသပ်ချက်တွင် လယ်ဧကအနည်းငယ်လုပ်ကိုင်သူများနှင့် စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းကြီးများ၏ လိုအပ်ချက်များကို ဟန်ချက်ညီစေသော ရှုမြင်ပုံဖြင့် တည်ဆဲ မြေယာဥပဒေများကို ဆန်းစစ်လေ့လာရန် အဓိကအာရုံ စူးစိုက်ဖော်ပြပါမည်။ သို့ရာတွင် ယင်းဥပဒေများ ရေးဆွဲရာတွင် မြန်မာနိုင်ငံအတွက် နိုင်ငံတော်အစိုးရက လက်ခံကျင့်သုံး လျက်ရှိသော မျှော်မှန်းချက်ကို ဖော်ပြသည့် မြေယာအသုံးပြုမှုနှင့် လယ်လုပ်ခွင့်ဆိုင်ရာ ကောင်းစွာတွေးတော ဆင်ခြင်ထားပြီး ရှင်းလင်းသော နိုင်ငံတော်အစိုးရ၏ မူဝါဒအပေါ် အခြေခံရန် အထူးလိုအပ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံရှိ မြေယာအရင်းအမြစ်များကို ရေရှည်တည်တံ့သောနည်းလမ်းဖြင့် စီမံခန့်ခွဲခြင်းနှင့် မြန်မာနိုင်ငံရှိ ကျေးလက်ရပ်ရွာများအတွက် လယ်ယာလုပ်ပိုင်ခွင့် လုံခြုံမှုတို့ဆိုင်ရာ ပြဿနာများကို လုံလောက်စွာဖြေရှင်းပေးရပါမည်။

နိုင်ငံတော်အစိုးရသည် မူဝါဒရေးဆွဲရာတွင် တိုင်ပင်ဆွေးနွေးသောလုပ်ငန်းစဉ်ကို ကျင့်သုံးပြီး ပြည်သူလူထုအဖွဲ့အစည်းများနှင့် တောင်သူလယ်သမား ကိုယ်စားလှယ်များက ပြန်လည်သုံးသပ်ခြင်း မှတ်ချက်ပြုခြင်းများ ဆောင်ရွက်နိုင်စေရန် ဖြစ်ပါသည်။ ပြည့်စုံသော မူဝါဒမရေးဆွဲမီ ကြိုတင်၍ပုံစံထုတ်စီစဉ်ပြီး သဘောတူညီထားခြင်းဖြစ်ရပါမည်။ လုပ်ငန်းစဉ်မှာ သတင်းအချက်အလက်များ လွတ်လပ်စွာစီးဆင်းနိုင်စေရန် ပွင့်လင်းပြီး ထင်သာမြင်သာ ရှိစေရပါမည်။ လိုအပ်ပါက တိုင်းရင်းသား ဘာသာစကားများဖြင့် ဘာသာပြန်ဆိုခြင်းများလည်း ထည့်သွင်းဖော်ပြရပါမည်။ သက်ဆိုင်အကျုံးဝင်သော မူဝါဒစာတမ်းများကို အချိန်မီ ဖြန့်ဝေပြီး တိုင်းဒေသကြီးပြည်နယ်များတွင် အမျိုးသမီးများ၊ ပြည်သူလူထုအဖွဲ့အစည်းများ၊ တောင်သူလယ်သမားများ ပါဝင်လျက် တိုင်ပင်ဆွေးနွေးမှုများ စနစ်တကျပြုလုပ်ရန် အထူးလိုအပ်ပါသည်။ တိုင်ပင်ဆွေးနွေးမှု ရလဒ်များကို မူဝါဒစာစောင်သစ်များအတွင်း ပေါင်းစည်းထည့်သွင်းရန်လည်းအထူး လိုအပ်ပါသည်။ မြေယာနှင့် မြေယာအသုံးပြုမှု လက်ရှိအနေအထား၊ မြေယာအသုံးပြုမှုနှင့် လယ်လုပ်ခွင့်ပဋိပက္ခများကို ပြည့်စုံခိုင်မာစွာ သုတေသနပြုလုပ်ရရှိသည့် ရလဒ်များနှင့် ရေရှည်တည်တံ့နိုင်သော မြေယာနှင့်ဖွံ့ဖြိုးရေး နိုင်ငံတော်အဆင့် ရွေးချယ်နိုင်မည့်နည်းလမ်းများ ဆန်းစစ်လေ့လာချက်တို့အပေါ်တွင် မူဝါဒကိုအခြေခံရမည်ဖြစ်ပါသည်။

## ၂၁ ရာစုအတွက် မြေယာမူဝါဒချမှတ်ရေး အခြေခံမူများ အကြံပြုချက်

မြန်မာနိုင်ငံအတွက် မြေယာအသုံးပြုခွင့်မူဝါဒ ချမှတ်ရန် အခြေခံမူမှာ အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုတွင် ဧကအနည်းငယ်သာ လုပ်ကိုင်သော လယ်သမားများ၏ အဓိကအခန်းကဏ္ဍကို အသိအမှတ်ပြုခြင်းအားဖြင့် ၎င်းတို့၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များကို စက်မှုလယ်ယာဖွံ့ဖြိုးရေးလိုအပ်ချက်များနှင့် ဟန်ချက်ညီစေရန်ဖြစ်ပါသည်။ မြေယာမူဝါဒဖြင့် လယ်ဧကအနည်းငယ် လုပ်ကိုင်သော လယ်သမားများနှင့် ၎င်းတို့၏ လယ်လုပ်ခွင့် လုံခြုံမှုကို ကာကွယ်စောင့်ရှောက်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးဖြစ်စေရန် လယ်ယာမြေကို သာတူညီမျှ ဖြန့်ဝေပေးနိုင်ရမည် ဖြစ်ပါသည်။

လယ်ဧကအနည်းငယ် လုပ်ကိုင်သော လယ်သမားများ လယ်ယာလုပ်ပိုင်ခွင့်လုံခြုံမှုရှိခြင်းကြောင့် လယ်ယာစိုက်ပျိုးရေး ထွက်ကုန်တိုးမြင့်လာပြီး စားနပ်ရိက္ခာဖူလုံမှုလည်းတိုးမြင့်လာခြင်းအပါအဝင် အမျိုးသားစီးပွားရေးကြီးထွားမှုကို အထောက်အကူပြုကြောင်း ဤမူဝါဒက အသိအမှတ်ပြုပါသည်။ (မှတ်စု ၂) ပံ့ပိုးမှုပေးနိုင်သောအခြေအနေများတွင် အသေးစား လယ်ယာလုပ်ငန်းသည် တွယ်ကျင်ပြီး အကျိုးကျေးဇူးဖြစ်ထွန်းနိုင်ကြောင်း (မှတ်စု ၃) စက်မှုလယ်ယာထက် ပိုမို၍ ထွက်နှုန်း

ကောင်းမွန်နိုင်သော လုံခြုံသော အလုပ်အကိုင်များရရှိပြီး နယ်မြေဒေသနှင့် အမျိုးသားအဆင့် စားနပ်ရိက္ခာထုတ်လုပ်မှုနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုကို များစွာ အထောက်အကူပြုနိုင်ကြောင်း (မှတ်စု ၄၊ ၅) သုတေသနပြုလုပ်ရာမှ တွေ့ရှိရပါသည်။ ပံ့ပိုးမှုပေးသော အခြေအနေများဆိုရာ၌ သင့်တော်သော စိုက်ပျိုးရေးမူဝါဒများ သွင်းအားစုများနှင့် ကြွေးမြီတို့ကို သင့်တော်သော နှုန်းထားများဖြင့် ရယူအသုံးပြုနိုင်ခြင်းကဲ့သို့သော ဆွဲဆောင်မှုများ၊ နည်းပညာတိုးချဲ့ရေး ပံ့ပိုးမှုပေးခြင်း၊ တည်ငြိမ်သော ဈေးကွက်များနှင့် အားကောင်းသော ဖြန့်ဝေမှု၊ ဈေးကွက်တင်ရောင်းချမှုနှင့် ကုန်သွယ်ရေးလမ်းကြောင်းများ ပါဝင်ပါသည်။

ဇကေအနည်းငယ်လုပ်ကိုင်သောသူများ၏ လယ်လုပ်ခွင့်လုံခြုံမှု ရှိစေခြင်းအားဖြင့် လူမှုရေးတည်ငြိမ်မှု တိုးတက်ကောင်းမွန်လာပြီး ပဋိပက္ခမှုကို လျှော့ချကာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုတွင် တိုင်းရင်းသားအုပ်စုများနှင့် အမျိုးသမီးများ ပါဝင်မှုကို အားပေး မြှင့်တင်နိုင်ကြောင်း ဤမူဝါဒက အသိအမှတ်ပြုပါသည်။ (မှတ်စု ၆) ထွက်နှုန်းကောင်းသော အသေးစား လယ်ယာ လုပ်ငန်းပေါ်တွင် အခြေပြုသော အားကောင်းသည့် ကျေးလက်စီးပွားရေးများ ရှိခြင်းဖြင့် မကျေမနပ်မှုများ ကျယ်ပြန့်စွာ ဖြစ်ပွားစေမည့် အခြေအနေကိုလျှော့ချနိုင်ပါသည်။မူဝါဒတွင် နယ်မြေခံ(သို့)ရပ်ရွာဒေသ၏ လုပ်နည်းလုပ်ဟန်များကို အသိအမှတ်ပြုပါက မတူညီသော လူမှုရေးအုပ်စုများ၊ တိုင်းရင်းသားအုပ်စုများအနေဖြင့် ညီညွတ်သင့်မြတ်စွာ နေထိုင်ရန် အကူအညီပေးနိုင်ပါသည်။

ကျေးလက်ဒေသဆင်းရဲနွမ်းပါးသူများသည် မြေယာရယူအသုံးပြုခွင့်လုံခြုံမှုရှိပါက သဘာဝပတ်ဝန်းကျင်ရေရှည် တည်တံ့နိုင်မှုကို အားပေးမြှင့်တင်နိုင်ကြောင်း မြေယာမူဝါဒတွင် အသိအမှတ်ပြုပါသည်။ လယ်သမားများသည် သဘာဝ အရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ပြီး (မှတ်စု ၇) နောက်ထပ်ရာသီဥတု အပြောင်းအလဲ ဖြစ်ပွားခြင်းကို တားဆီးကာကွယ်ကြခြင်းကြောင့် ဖြစ်ပါသည်။ မြေပိုင်ခွင့် လုံခြုံမှုရှိသူများသည် မိမိတို့၏ အရင်းအမြစ်များကို ဂရုတစိုက် စီမံခန့်ခွဲပြီး ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရန် ပိုမို၍ အလားအလာရှိပါသည်။ သို့ဖြင့်အသုံးမပြုသော သို့မဟုတ် အစွန်အဖျားဒေသတွင်ရှိသော သို့မဟုတ် သစ်တောနယ်မြေများတွင် စိုက်ပျိုးရေးတိုးချဲ့ပြုလုပ်ခြင်းထက် ရှိရင်းမြေပေါ်တွင် အထွက်တိုးစေပါသည်။

- ထုံးတမ်းစဉ်လာဥပဒေကို အသိအမှတ်ပြုခြင်းအား နိုင်ငံတော်အစိုးရမူဝါဒတွင် ရှင်းလင်းစွာဖော်ပြထားရန် လိုအပ်ပါသည်။ ထုံးတမ်းစဉ်လာဥပဒေမှာ တိုင်းရင်းသားလူမျိုး အုပ်စုအသီးသီးနှင့် ပထဝီနယ်မြေအသီးသီးတွင် ကွဲပြားခြားနားမှု ရှိပါသည်။ ယင်းသို့ကွဲပြားခြားနားခြင်းကို မည်သည့်မူဝါဒ စာစောင်စာတမ်းတွင်မဆို အသိအမှတ်ပြု ဖော်ပြရပါမည်။ ထုံးတမ်းစဉ်လာဥပဒေကို ပြဋ္ဌာန်းဥပဒေကဲ့သို့ တစ်တန်းတစ်စားတည်း သတ်မှတ်ပေးရန် ဖြစ်ပါသည်။

- အလှည့်ကျစိုက်ပျိုးရေးစနစ်များ၏ တန်ဘိုးကို အသိအမှတ်ပြုခြင်း နှင့် ၎င်းတို့၏ လုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုခြင်းတို့မှာ မြေယာကိုသီးနှံ စိုက်ပျိုးထွက်ရှိစေသောအသုံးပြုမှုဖြစ်စေရန် လိုအပ်ပါသည်။ အလှည့်ကျမြေလွတ်ထားရှိသော စနစ်မှာ ဒေသခံတိုင်းရင်းသားများ၏ အသိပညာကို ထင်ဟပ်ဖော်ပြခြင်းဖြစ်ပြီး သဘာဝ ပတ်ဝန်းကျင်နှင့် အဖွဲ့အစည်း စနစ် ပတ်ဝန်းကျင်များက ပံ့ပိုးမှုပေးနိုင်မည်ဆိုပါက ဂေဟစနစ်ပိုင်းခံနိုင်ရည်ရှိပါသည်။ မြေလွှာနှင့်ရေ ထိန်းသိမ်း ကာကွယ်နိုင်ရန် အထောက်အကူပြုသည့်အပြင် ယဉ်ကျေးမှုခိုင်မာရေးနှင့် လူမှုရေးလုံခြုံမှုရှိရေးတို့ကို အထောက်အကူပြုပါသည်။ (မှတ်စု ၈၊ ၉) ထို့အပြင် စားနပ်ရိက္ခာ ထုတ်လုပ်မှုကိုလည်း တိုးမြှင့်စေပါသည်။ (မှတ်စု ၁၀) ယင်းစနစ်များသည် ထုံးတမ်းစဉ်လာ အလွတ်သဘော မြေအသုံးပြုခွင့်အောက်တွင် အကျုံးဝင်ပြီး လူတစ်ဦးချင်း သို့မဟုတ် စုပေါင်းအခွင့်အရေးများပေါ်တွင် အခြေပြုပါသည်။ စိုက်ပျိုးမြေ သို့မဟုတ် သစ်တောအဖြစ် အမျိုးအစား သတ်မှတ်ထားသော မြေများအားလုံးနှင့်လည်း သက်ဆိုင်ပါသည်။ နိုင်ငံတော်အစိုးရသည် အလှည့်ကျမြေလွတ်ထားရှိသော စနစ်များကို တန်ဘိုးရှိသော စိုက်ပျိုးရေးအလေ့အကျင့် လုပ်နည်းလုပ်ဟန်များအဖြစ် အသိအမှတ်ပြုပြီး ရေရှည်တည်တံ့နိုင်သော ကုန်းမြင့်စိုက်ပျိုးရေးကို ပံ့ပိုးမှုပေးသည့် လယ်လုပ်ခွင့်အစီအမံအသစ်များ သတ်မှတ်ပေးခြင်းဖြင့် ဥပဒေအရ ၎င်းတို့၏ သီးခြားမြေအသုံးပြုမှု အစီအစဉ်များကို အကာအကွယ်ပေးရပါမည်။

- လွတ်လပ်စွာလယ်လုပ်ခွင့်မှာ ယင်းမူများကို အမျိုးသားမူဝါဒတွင် ကျင့်သုံးခြင်းဖြစ်ပါသည်။ သို့ဖြင့် လယ်သမားများသည် အများပြည်သူအကျိုးစီးပွားနှင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်သရွေ့ သို့မဟုတ် လယ်ယာမြေ၏ စိုက်ပျိုးထုတ်လုပ်နိုင်စွမ်း အလားအလာကို ပြင်းထန်စွာ မထိခိုက်သရွေ့ လယ်ယာမြေကို မည်သည့် စိုက်ပျိုးရေး ရည်ရွယ်ချက်အတွက်မဆို အသုံးပြုနိုင်စေရန်ဖြစ်ပါသည်။ လယ်သမားများအနေဖြင့် အသင့်တော်ဆုံးသီးနှံများကို

ရွေးချယ်နိုင်စေရန်အတွက် ပြောင်းလွယ်ပြင်လွယ်မရှိဘဲ တင်းကြပ်သော မြေယာအမျိုးအစား အသေးစိတ် သတ်မှတ်မှုများကို ဖယ်ရှားရန်ဖြစ်ပါ သည်။

- အမျိုးသားအဆင့်မြေယာအသုံးပြုမှုအစီအစဉ်ရေးဆွဲခြင်း - နိုင်ငံတစ်ဝှမ်းတွင် ပြည့်စုံပြီး ပါဝင်ဆောင်ရွက်သော မြေအသုံးပြုမှု စီမံကိန်းရေးဆွဲရေး ရှင်းလင်းသောလုပ်ငန်းစဉ်ကို သတ်မှတ်ဖော်ပြရန် လိုအပ်ပါသည်။ ဤ လုပ်ငန်းစဉ်မှာ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးသက်ရောက်မှုများကို လျှော့ချပြီး မြန်မာနိုင်ငံရှိ မြေအသုံးပြုသူများအားလုံး၏ လိုအပ်ချက်များကို ဟန်ချက်ညီစေရန် ဖြစ်ပါသည်။

- မြေယာအမျိုးအစားသတ်မှတ်ရာတွင် ပြောင်းလွယ်ပြင်လွယ်ရှိခြင်း - မူဝါဒတွင်လက်ရှိ မြေအမျိုးအစားသတ်မှတ်သည့် နယ်နိမိတ်များနှင့် စနစ်များမှာ အချို့သောဖြစ်ရပ်များတွင် အသုံးလည်းမဝင်၊ လက်တွေ့လည်းမကျ၊ ပကတိ အခြေအနေကိုလည်း ထင်ဟပ်ခြင်းမရှိတော့ကြောင်း အသိအမှတ်ပြုရန်ဖြစ်ပါသည်။ သစ်တောများနှင့် မြေလွတ် မြေလပ် မြေရိုင်းများကို စိုက်ပျိုးမြေများအဖြစ် ပြောင်းလဲရေး စီမံချက်များ၊ မြေယာအိုးအိမ်ဖော်ထုတ်ရေး စီမံချက်များနှင့် မြို့ပြတိုးချဲ့ခြင်းတို့ကြောင့် စိုက်ပျိုးမြေများဆုံးရှုံးခြင်း၊ လူဦးရေတိုးပွားခြင်းတို့ကြောင့် ဖြစ်ပေါ် လာသော မြေအသုံးပြုမှု အပြောင်းအလဲများကို ထင်ဟပ်ပေါ်လွင်စေရန် နိုင်ငံတွင်းရှိ မြေယာများကို ပြန်လည်၍ အမျိုးအစားသတ်မှတ်သည့် ပြည့်စုံသော လုပ်ငန်းစဉ်တစ်ရပ်ရှိရန် လိုအပ်ပါသည်။ ထို့အပြင် မြေယာအမျိုးအစား သတ်မှတ်မှုများ၌ ကုန်းမြင့်လယ်မြေဒေသများတွင် ယခုအခါ အသုံးပြုနေသော အလှည့်ကျမြေလွတ်ထားရှိသည့် စနစ်များအမျိုးမျိုးကို ထည့်သွင်းဖော်ပြရန် လိုအပ်ပါ သည်။

- မြေယာအသုံးပြုမှု အခွင့်အရေးများကို အကာအကွယ်ပေးခြင်း - နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူအတွက် သာလျှင် မြေယာအသုံးပြုမှု ပိုင်ဆိုင်ပစ္စည်းအခွင့်အရေးများကို ပယ်ဖျက်နိုင်ကြောင်းနှင့် ဤသို့ဆောင်ရွက်သည့် လုပ်ငန်းစဉ်မှာ ပွင့်လင်းပြီး ထင်သာမြင်သာရှိရမည်ဖြစ်ကြောင်း အသိအမှတ်ပြုရန်ဖြစ်ပါသည်။ မြေယာမူဝါဒ အတွင်းသို့ မျှတသော လျော်ကြေးပေးခြင်းအတွက် ပြဋ္ဌာန်းချက်များပါဝင်သော မိမိဆန္ဒမပါဘဲ ပြန်လည် နေရာချထားရေးဆိုင်ရာ နိုင်ငံတကာစံချိန် စံနှုန်းများကို ထည့်သွင်းရန်ဖြစ်ပါသည်။ ယင်းမူဝါဒကို ဆက်လက်၍ မြေယာဥပဒေအတွင်းသို့ပေါင်းစည်းထည့်သွင်းနိုင်မည် ဖြစ်ပါသည်။ (နောက်ဆက်တွဲ ၁ ကိုကြည့်ပါ။)

- အမျိုးသမီးများမြေယာပိုင်ဆိုင်ရန်၊ ရောင်းချရန်နှင့် အမွေဆက်ခံရန် တန်းတူအခွင့်အရေးများရှိကြောင်း အသိအမှတ် ပြုခြင်း - အမျိုးသမီးများသည် မြေယာကို သီးခြားလွတ်လပ်စွာ ရယူအသုံးပြုနိုင်ခြင်း ပိုင်ဆိုင်ခွင့် အခွင့်အရေး ရှိခြင်းတို့မှာ မြေယာမူဝါဒ၏ အဓိကမောင်းနှင်သော အကြောင်းအချက်တစ်ရပ်ဖြစ်ရပါမည်။ အမျိုးသမီးများအား မြေယာကို တန်းတူညီမျှ ရယူအသုံးပြုခွင့်ပေးခြင်းဖြင့် စိုက်ပျိုးထုတ်ထုတ်လုပ်မှု တိုးမြင့်လာခြင်း၊ စီးပွားရေး စွမ်းဆောင်နိုင်ခြင်းတို့ ရှိလာပြီး အမျိုးသမီးများသည် ကျား-မ အခန်းကဏ္ဍ အခြေပြု လူမှုရေးနှင့် နိုင်ငံရေး မညီမျှမှုများကို စိန်ခေါ်ခြင်း၊ ပြောင်းလဲခြင်းများ ပြုလုပ်လာနိုင်မည်ဖြစ်ပါသည်။ အမျိုးသမီးများကို ခွဲခြားဆက်ဆံမှု ပုံစံအားလုံး ပပျောက်စေရေးကွန်ဗင်းရှင်း (CEDAW) သည် အမျိုးသား အဆင့် မြေယာမူဝါဒ၏ အခြေခံအုတ်မြစ် တစ်ရပ်ဖြစ်ရပါမည်။ မြန်မာနိုင်ငံသည် ယင်းကွန်ဗင်းရှင်းတွင် ပါဝင်လက်မှတ်ရေးထိုးပြီး ဖြစ်ပါသည်။ အမျိုးသမီးများသည် မြေယာနှင့် အခြားအရင်းအမြစ်များကို သာတူညီမျှ တန်းတူရယူအသုံးပြုနိုင်ရန် အစိုးရများ အနေဖြင့် အာမခံချက်ပေးရေး ကို CEDAW တွင် သတ်မှတ်ထားပါသည်။

- သိမြင်နားလည်မှုပေါ်အခြေခံသော လွတ်လပ်စွာ ကြိုတင်၍ သဘောတူညီမှု (FPIC) - မြေယာမူဝါဒ အားလုံးအတွက် အရေးပါသော အပိုင်းတစ်ရပ်အဖြစ် FPIC သည် နယ်မြေခံပြည်သူများ၏ မိမိတို့မြေဆိုင်ရာ အခွင့်အရေးများကို ဖော်ပြပြီး စီမံချက်များကိုငြင်းပယ်ရန် အခွင့်အရေး၊ မြေယာအသုံးပြုခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်း ဆိုင်ရာ ဆွေးနွေးမှုများတွင် သတ်မှတ်ချက်နှင့် စည်းကမ်းချက်များ ချမှတ်ရန် အခွင့်အရေး အပါအဝင် ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်များကို ၎င်းတို့ကိုယ်တိုင် ကျင့်သုံးနိုင်ရန် ၎င်းတို့ကိုယ်ပိုင် ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်များကို ကျင့်သုံးနိုင်စေမည်ဖြစ်ပါသည်။ စက်မှုစိုက်ပျိုးရေးစိုက်ခင်းကြီးများ သို့မဟုတ် အခြေခံ အဆောက်အအုံ စီမံချက်များ မစတင်မီ ထိခိုက်မည့် ရပ်ရွာပြည်သူလူထု၏ သဘောတူညီချက်

ရယူခြင်းဖြင့် ကောင်းမွန်သော ဆက်ဆံရေးများ ဖြစ်စေပြီး ကုမ္ပဏီ၏အကျိုးအမြတ်များ ဆုံးရှုံးခြင်း၊ နိုင်ငံတော်အစိုးရ၏ ဝင်ငွေဆုံးရှုံးခြင်းတို့ ဖြစ်စေနိုင်သည့် ပဋိပက္ခမှုများကို တားဆီးကာကွယ်နိုင်မည်ဖြစ်ပါသည်။ (မှတ်စု ၁၁)[1].

- သတင်းအချက်အလက်ကိုအများပြည်သူ ရယူနိုင်ခြင်း - မြေယာနှင့်ပတ်သက်သော သတင်းအချက်အလက်၊ မြေယာဆိုင်ရာ နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များအတွက် ကြိုတင်သတိပေးခြင်းနှင့် မှတ်ချက်ပြုရန် အစီအမံများ တည်ထောင်ခြင်း

[1]Oxfam, *Land and Power: Oxfam Briefing Paper, September 2011*

## အခန်း ၃

<u>ကျေးလက်မြေယာအမျိုးအစားခွဲခြားခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ပဋိပက္ခပြဿနာများကို ခြုံငုံဖော်ပြခြင်း</u>

ယခုအခါ မြန်မာနိုင်ငံတွင် မြေယာပဋိပက္ခ ပြဿနာများ ကြီးထွားလာနေခြင်းကို အာရုံစူးစိုက်မှု ပိုမိုရရှိလာပါသည်။ မြန်မာနိုင်ငံ၏မြေယာ ပဋိပက္ခမှာ ရှုပ်လျားသော သမိုင်းကြောင်းရှိပါသည်။ မြေယာပဋိပက္ခမှာ နိုင်ငံတော် အစိုးရ အာဏာပိုင်များ၊ အပစ်အခတ် ရပ်စဲထားသော အုပ်ချုပ်မှုအဖွဲ့များ၊ အပစ်အခတ်ရပ်စဲထားခြင်း မရှိသော အုပ်ချုပ်မှုအဖွဲ့များက မြေယာကို အမျိုးအစားခွဲခြားခြင်း၊ အသုံးပြုခြင်း၊ တာဝန်များထပ်နေသော အဖွဲ့များက စီမံခန့်ခွဲပုံစသည်တို့နှင့် သက်ဆိုင်ပါသည်။ ။ ယင်းအခြေအနေတို့ကို ပိုမို၍ နားလည်သဘောပေါက်စေရန် အောက်ဖော်ပြပါ ခြုံငုံဖော်ပြချက်ကို ပြုစုထားခြင်း ဖြစ်ပါသည်။ အောက်ပါဇယား ၁ တွင် မြေယာအမျိုးအစား သတ်မှတ်ခြင်း၊ ပဋိပက္ခမှုနှင့် လယ်လုပ်ခွင့်လုံခြုံမှုတို့ အချင်းချင်း ဆက်စပ်ပုံကို ဖော်ပြထားပါသည်။

<u>ပြဋ္ဌာန်းဥပဒေတွင်ကျေးလက်မြေယာအမျိုးအစားခွဲခြားခြင်း</u>

မြန်မာနိုင်ငံတွင် မြေယာပဋိပက္ခမှုတိုးပွားလာခြင်းနှင့် ဆက်စပ်နေသော အခြေအနေများကို နားလည်သဘောပေါက်ရန်အတွက် ကျေးလက် မြေယာအမျိုးအစား ခွဲခြားသည့် ပြဋ္ဌာန်းဥပဒေပါ စနစ်များ မည်သို့သတ်မှတ်ထားကြောင်း အပြည့်အဝ နားလည် သဘောပေါက်ရပါမည်။ နိုင်ငံ၏ ကျေးလက် မြေယာအမျိုးအစား ခွဲခြားခြင်းများမှာ မကြာခဏပင် အမှန်တကယ် မြေယာ အသုံးပြုမှုနှင့် ကိုက်ညီခြင်းလည်းမရှိ၊ (သို့မဟုတ်) အမှန်တကယ် မြေယာ အသုံးပြုမှုကို ထည့်သွင်းစဉ်းစားလေ့မရှိပါ။

နိုင်ငံအတွင်း မြေယာအမျိုးအစားခွဲခြားပုံ အမျိုးမျိုးကိုတည်ဆဲ ဥပဒေမူဘောင်တွင် အဓိပ္ပာယ်ဖော်ရာတွင်မကြာခဏဆိုသလို ရှင်းလင်းကောင်းမွန်လှခြင်းမရှိပါ။ယင်းကြောင့်ပင် မြေယာပဋိပက္ခများ ဖြစ်ပွားလာစေနိုင်ပြီး နောင်အခါတွင် ရေရှည်တည်တံ့ နိုင်ခြင်းမရှိသည့် မြေယာအရင်းအမြစ် စီမံခန့်ခွဲမှုများကိုလည်း ဖြစ်စေနိုင်ပါသည်။ ပိုမို၍ ရှုပ်ထွေးစေသည်မှာ နိုင်ငံအတွင်း မြေယာအမျိုးအစား ခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ ဥပဒေဟောင်းများ အချင်းချင်း ဆန့်ကျင်နေမှုများ အများအပြား ရှိနေခြင်းဖြစ်ပါသည်။ ထို့ကြောင့် မြေယာအရင်းအမြစ်များ အုပ်ချုပ်မှုမှာ အကျိုးစီးပွား ပါဝင်ပတ်သက်သူများအားလုံးအတွက် ခက်ခဲပြီး ရှုပ်ထွေးစေပါသည်။ ယင်းကိုနိုင်ငံအတွင်း ဥပဒေများ အချင်းချင်း ညီညွတ်မှုမရှိခြင်းဟု ဆိုနိုင်ပါသည်။

မြန်မာနိုင်ငံတွင် တည်ဆဲဥပဒေမူဘောင်အရ ကျေးလက်မြေယာကို မည်ကဲ့သို့ အမျိုးအစားခွဲခြားကြောင်း အောက်ပါအတိုင်း အခြေခံအားဖြင့် ခြုံငုံဖော်ပြကြပါသည်။

*သစ်တောကြိုးဝိုင်းမြေ*

သစ်တောကြိုးဝိုင်းမြေများမှာ သစ်တောဥပဒေ (၁၉၉၂) တွင် ပါရှိသော ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်ပါသည်။ သစ်တော ထွက်ကုန်များ ထုတ်လုပ်ရန် အဓိကအားဖြင့် ရည်ရွယ်သော ကာကွယ်စောင့်ရှောက်ထားသည့် သစ်တောမြေ အမျိုးအစား တစ်ရပ်ဖြစ်ပါသည်။ တည်ဆဲဥပဒေအရ သစ်တောမြေကို ဒေသခံ ကျေးလက် ထုတ်လုပ်မှု သို့မဟုတ် ရပ်ရွာပြည်သူလူထု သစ်တောလုပ်ငန်းများအမျိုးအစားအသီးသီးအတွက် အသုံးပြုနိုင်ပါသည်။

နိုင်ငံတွင်းရှိ သစ်တောကြိုးဝိုင်းနယ်မြေ အများအပြားကို မြေအမျိုးအစားသတ်မှတ်မှု အပြောင်းအလဲမရှိဘဲ လယ်ဇက အနည်းငယ် လုပ်ကိုင်သောလယ်သမားများ သို့မဟုတ် ကျေးလက်အခြေချနေထိုင်သူများက စိုက်ပျိုးမြေအဖြစ်ပြောင်းလဲ အသုံးပြုနေကြ ပါသည်။ နယ်မြေဒေသ အများအပြားတွင် ရှိရင်းမြေပုံများ၌ သစ်တောကြိုးဝိုင်းမြေအဖြစ် အမျိုးအစား သတ်မှတ်ထားသော မြေမှာ လက်ရှိအသုံးပြုမှုနှင့် ကိုက်ညီခြင်း မရှိပါ။ မျိုးဆက်ပေါင်းများစွာ သစ်တောကြိုးဝိုင်းမြေကို အစဉ်အဆက် အသုံးပြုခဲ့သော ကျေးလက်ပြည်သူလူထုမှာ ဥပဒေစာသားကို အတိအကျ အဓိပ္ပာယ်ကောက်ယူမည်ဆိုပါက သစ်တောဥပဒေကို ချိုးဖောက်နေခြင်း ဖြစ်ပါသည်။ သို့ရာတွင် နယ်မြေခံအာဏာပိုင်များအနေဖြင့်ယင်းမြေများကို ယခင်ကတည်းကပင် အသုံးပြုခွင့်ပေးခဲ့ပါသည်။

အသစ်ပြဋ္ဌာန်းသော လယ်ယာမြေဥပဒေနှင့် မြေလွတ်မြေလပ်မြေရိုင်းဥပဒေတို့တွင် သစ်တောကြိုးဝိုင်းမြေများကို ဖော်ပြထားခြင်း မရှိပါ။ သစ်တောကြိုးဝိုင်းမြေများအဖြစ် သတ်မှတ်ထားသောမြေများနှင့် သက်ဆိုင်အကျုံးဝင်ခြင်းမရှိပါ။ လယ်ယာမြေဥပဒေတွင် လည်းကောင်း၊ ဤအစီရင်ခံစာအတွက်ပြန်လည်သုံးသပ်ခဲ့သော အခြားဥပဒေများတွင် လည်းကောင်း သစ်တောကြိုးဝိုင်းမြေကို လယ်ယာမြေအဖြစ် ပြောင်းလဲရန် ရှင်းလင်းသော အစီအမံများ မပါရှိပါ။

*ကာကွယ်စောင့်ရှောက်ထားသောအများပြည်သူသစ်တောမြေ*

ကာကွယ်စောင့်ရှောက်ထားသော အများပြည်သူ သစ်တောမြေများသည် သစ်တောဥပဒေ (၁၉၉၂) နှင့် တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝနယ်မြေဧရိယာများ ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေ (၁၉၉၄)တို့ပါ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်ပါသည်။ သစ်တောကြိုးဝိုင်းနယ်မြေများနှင့်မတူညီဘဲ ယင်းသစ်တောနယ်မြေများမှာ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အဓိကရည်ရွယ်ပါသည်။ယင်းနယ်မြေများမှာ ကောင်းစွာ နယ်နိမိတ် သတ်မှတ်ထားလေ့ရှိခြင်းကြောင့် ပကတိ အခြေအနေအားဖြင့် မြေအသုံးပြုမှုသည် တရားဝင်မြေအမျိုးအစား သတ်မှတ်ချက်နှင့် မကိုက်ညီမှု ပြဿနာများမှာ သစ်တောကြိုးဝိုင်း နယ်မြေများမှာလောက် များပြားခြင်းမရှိပါ။ ယင်းမြေများတွင် ကျူးကျော်ဝင်ရောက်မှု ပြဿနာ ရှိပြီး အစဉ်အဆက် အသက်ဝမ်းကျောင်းလုပ်ငန်းများ အခြေတကျ လုပ်ကိုင်နေသော ရပ်ရွာလူထု ရှိရာနေရာများတွင် ကာကွယ်စောင့်ရှောက်ထားသော အများပြည်သူ သစ်တောမြေများ အသစ်တည်ထောင်ခြင်းဖြင့် ပဋိပက္ခမှု ဖြစ်ပွားလာနိုင်ပါသည်။

အသစ်ပြဋ္ဌာန်းသော လယ်ယာမြေဥပဒေနှင့် မြေလွတ်မြေလပ်နှင့်မြေရိုင်းဥပဒေတို့တွင် ကာကွယ်စောင့်ရှောက် ထားသော အများပြည်သူ သစ်တောမြေအကြောင်း ဖော်ပြထားခြင်းမရှိဘဲ ကာကွယ်စောင့်ရှောက်ထားသော အများပြည်သူ သစ်တောမြေ အဖြစ် အမျိုးအစားသတ်မှတ်ထားသည့် မြေဧရိယာများနှင့် သက်ဆိုင်အကျုံးဝင်ခြင်း မရှိပါ။ လယ်ယာမြေဥပဒေ သို့မဟုတ် ဤအစီရင်ခံအတွက် ပြန်လည်သုံးသပ်ခဲ့သော အခြားဥပဒေများတွင် ကာကွယ်စောင့်ရှောက်ထားသော အများပြည်သူ သစ်တောမြေများကို လယ်ယာမြေအဖြစ် ပြောင်းလဲရန် ရှင်းလင်းသော အစီအမံ မပါရှိပါ။

*အများပြည်သူသစ်တောမြေ*

အများပြည်သူသစ်တောမြေများမှာ သစ်တောဥပဒေ (၁၉၉၂)နှင့် မြေလွတ်မြေလပ်နှင့်မြေရိုင်းဥပဒေ (၂၀၁၂ ခုနှစ်) တို့တွင် ဖော်ပြထားသော ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်ပါသည်။ အများပြည်သူသစ်တောမြေဧရိယာများသည် မြေလွတ်မြေလပ်နှင့် မြေရိုင်း ဟု အဓိပ္ပာယ်ဖော်ပြချက်အတွင်း သက်ဆိုင်အကျုံးဝင်ပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးက ဦးဆောင်သော မြေလွတ်မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသည် ယင်းမြေများကို မြေလွတ်မြေလပ်နှင့်မြေရိုင်း ဥပဒေအရ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အသုံးပြုရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနထံ မေတ္တာရပ်ခံနိုင်ပါသည်။ ယခုအခါ အများပြည်သူသစ်တောမြေတွင် အတွေ့ရအများဆုံးသော မြေအသုံးပြုမှုမှာ ကုန်းမြင့်ဒေသများတွင် ဧကအနည်းငယ် လုပ်ကိုင်သော လယ်သမားများက အလှည့်ကျ မြေလွတ်ထားရှိသော စိုက်ပျိုးရေးစနစ် ကျင့်သုံးဆောင်ရွက်ခြင်း ဖြစ်ပါသည်။

*<u>လယ်မြေ</u>*

လယ်ယာမြေဆိုသည်မှာ လယ်ယာမြေဥပဒေတွင် အဓိပ္ပာယ်ဖော်ပြထားသည့် မြေအမျိုးအစား သတ်မှတ်ချက်တစ်ရပ် ဖြစ်ပါသည်။ လယ်ယာမြေဥပဒေအပိုဒ် ၃ တွင် 'လယ်ယာမြေဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင် စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေ ဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့် ခြံမြေဟု သော်လည်းကောင်း၊ မြေနုကျွန်းမြေဟု သော်လည်းကောင်း၊ သတ်မှတ်သည့်မြေများကို ဆိုသည်' ဖော်ပြထားပါသည်။ ဥပဒေ အဓိပ္ပာယ်ဖော်ပြချက်တွင် ဆက်လက်၍ လယ်ယာမြေများတွင် 'မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ် အတွင်းရှိ လူနေ အိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့်ပရဝုဏ်များ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသော မြေများ မပါဝင်' ဟု ဖော်ပြထားပါသည်။

လယ်ယာမြေဥပဒေအပိုဒ် ၃ တွင် စပါးစိုက်ပျိုးသော လယ်မြေကို 'သဘာဝအရသော်လည်းကောင်း၊ လူတို့ ဖန်တီးသော နည်းလမ်းအရသော်လည်းကောင်း စိုက်ပျိုးရေ ရယူပြီး ရေထိန်းသိမ်းနိုင်စေရန် ဆောင်ရွက်ထားသည့် စပါးသီးနှံ အဓိက

စိုက်ပျိုးသော မြေကို ဆိုသည်’ ဟု အတိအကျ အဓိပ္ပာယ် ဖော်ပြထား ပါသည်။ မြေနုကျွန်းမြေကိုလည်း ယင်း ဥပဒေ အပိုဒ် ၃ ၌ ပင် ‘ရေအောက်သို့ နစ်မြုပ်ခဲ့ပြီး နှစ်စဉ် ရေကြောင်းအနေအထားအရ မြေသားနှင့် ပုံသဏ္ဍာန်ပြောင်းလဲသည့် ခိုင်မြဲမှု မရှိသော မြေကို ဆိုသည်’ ဟု ဖော်ပြထားပါသည်။ လယ်ယာမြေဥပဒေတွင် အခြားစိုက်ပျိုးမြေ အမျိုးအစားခွဲများကို ထပ်မံ၍ အဓိပ္ပာယ် ဖော်ပြထားခြင်း မရှိပါ။

သမိုင်းစဉ်တစ်လျှောက်တွင် စိုက်ပျိုးမြေကို အဆင့်ဆင့် အမျိုးအစား ခွဲခြားလျက် လယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုကို ထိန်းချုပ်ရန်နှင့် အကောက်ခွန် တိုးချဲ့ရာတွင် အခြေခံအဖြစ် အသုံးပြုပါသည်။ (အကောက်ခွန်နှုန်းထားများမှာ စိုက်ပျိုးမြေ အမျိုးအစား သတ်မှတ်သည့်အပေါ်တွင် အခြေပြုပါသည်။) ဤအမျိုးအစားသတ်မှတ်သည့်စနစ်တွင် ထုံးတမ်းစဉ်လာ မြေအသုံးပြုမှုနှင့် တောင်ယာ (ကုန်းပြင်မြင့်စိုက်ပျိုးရေး) ဟု များသောအားဖြင့် ရည်ညွှန်းဖော်ပြသော ရပ်ရွာအများအပြား၏ စိုက်ပျိုးရေး လုပ်နည်းလုပ်ဟန်များကို အသိအမှတ်ပြုခြင်း မရှိပါ။ လယ်ယာမြေဥပဒေတွင် တောင်ယာမြေဟု အသုံးပြုသော ဝေါဟာရမှာ အတိအကျအားဖြင့် အလှည့်ကျ မြေလွတ်စနစ် အသုံးမပြုသောအခါတွင် ဤသို့သော မြေယာအသုံးပြုမှုကို အတိအကျ ရည်ညွှန်းခြင်းဖြစ်ကြောင်း သတိပြုရန် ဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အတွင်းရှိ ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာနက ဆောင်ရွက်ခဲ့သော မြေယာစစ်တမ်းများတွင် ယခုအခါ ထည့်သွင်းထားရှိသည့် လယ်ယာမြေဧရိယာများမှာ နိုင်ငံတော်အစိုးရက လယ်လုပ်ခွင့် အခွင့်အရေးများကို တရားဝင်အသိအမှတ်ပြုခြင်းကြောင့် လယ်လုပ်ခွင့်လုံခြုံမှု အဆင့်တစ်ခုအထိ ရှိပါသည်။ သို့ရာတွင် လက်တွေ့အားဖြင့် ဧကအနည်းငယ်လုပ်ကိုင်သောလယ်သမားများသည် လယ်လုပ်ခွင့်စာရွက်စာတမ်းများ ရှိသည့်အခါမှာပင် အမျိုးသား အကျိုးစီးပွားအတွက် သို့မဟုတ် ပြည်သူလူထု အကျိုးအတွက် လယ်ယာမြေဥပဒေတွင် သတ်မှတ်ထားသည့်အတိုင်း မကြာခဏ သိမ်းဆည်းခြင်းများ ရှိပါသည်။ လယ်သမားအများအပြားတွင် မိမိတို့၏ လယ်မြေများကို ကာလအတန်ကြာ ထွန်ယက်စိုက်ပျိုးပြီး အကောက်ခွန်များ ပေးဆောင်လျက်ရှိကြောင်း ရှင်းလင်းစွာ ဖော်ပြသည့် မှတ်တမ်းများ ရှိကြပါသည်။ အချို့သော လယ်သမားများသည် ယင်းမြေများတွင် အမြဲတမ်း လယ်လုပ်ခွင့်ဟု သတ်မှတ်ထားသော အခွင့်အရေးများ ရှိပါသည်။ ယင်းအခွင့်အရေးများမှာ ဆန်စပါး ရေသွင်းစိုက်ပျိုးသည့် မြေများအတွက် အဓိကအားဖြင့် သတ်မှတ်ထားသည်ဟု ယူဆရပါသည်။ အခြားသော မြေများမှာ အကောက်ခွန်ပေးဆောင်သည့်စာရွက်စာတမ်းများတွင် မကြာခဏ ‘ယာယီ’ ဟု အမျိုးအစား သတ်မှတ်ဖော်ပြထားသော လယ်လုပ်ခွင့် အခွင့်အရေးများ ရှိပါသည်။ ‘ယာယီ’ သတ်မှတ်ချက်ကြောင့် ယင်းမြေများတွင် လယ်လုပ်ခွင့်လုံခြုံမှုမှာ မရေရာမသေချာမှု ပိုမိုများပြားပါသည်။

*__မြေရိုင်း__*

မြေရိုင်းကို မြေလွတ် မြေလပ်နှင့် မြေရိုင်း ဥပဒေ အပိုဒ် ၂ တွင် ‘တစ်ကြိမ်တစ်ခါမျှ စိုက်ပျိုး လုပ်ကိုင်ခဲ့ခြင်း မရှိသော မြေသစ်ဖြစ်သည့် မြေရိုင်းနှင့် တောရိုင်းမြေများကို ဆိုသည်’ ဟု ဖော်ပြထားပါသည်။ ယင်းမြေမှာ သစ်တောဖုံးလွှမ်းနေခြင်း ရှိနိုင်သကဲ့သို့ သစ်တောမဖုံးလွှမ်းဘဲလည်း ရှိနိုင်ပါသည်။ ‘တရားဝင်ပယ်ဖျက်ပြီးဖြစ်သည့် ကြိုးဝိုင်း သစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများလည်း ပါဝင်သည်။’ ယင်းနယ်မြေများမှာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ဆောင်ရွက်ခဲ့သော မြေယာစစ်တမ်းများ ပြင်ပတွင်ရှိပါသည်။ ယင်းမြေများအတွက်ရပ်ရွာသစ်တောအစီအစဉ်များပြု လုပ်နိုင်သောအစီအမံများရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန သစ်တောဦးစီးဌာန နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တို့သည် ယခုအခါ ယင်းမြေများအပေါ်တွင် လုပ်ပိုင်ခွင့်များ ထပ်လျက်ရှိပါသည်။

ယင်းမြေများအတွက် ရယူအသုံးပြုမှုနိုင်မှုနှင့် မြေအသုံးပြုမှု ဖော်ပြချက်များကို ထောက်ခံ ပံ့ပိုးရန် စာရွက်စာတမ်းများ မရှိခြင်းကြောင့် များစွာ လုံခြုံမှုမရှိဟု ယူဆရပါသည်။

မြေလွတ်နှင့်မြေလပ်

မြေလွတ် မြေလပ်နှင့် မြေရိုင်း ဥပဒေ အပိုဒ် ၂ တွင် မြေလွတ်နှင့် မြေလပ်များကို ‘ယခင်က သီးစားခံယူ လုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူ လုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေး လုပ်ငန်း လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ်သည့် မြေများကို ဆိုသည်’ အဓိပ္ပာယ် ဖော်ပြထားပါသည်။

ယင်းမြေအများစုမှာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက ဆောင်ရွက်ခဲ့သောမြေယာစစ်တမ်းများတွင် မပါဝင်ပါ။ မြေလွတ်နှင့် မြေလပ်များကို အဓိပ္ပာယ်ဖော်ပြသည့်နည်းလမ်းကြောင့် လယ်သမားများနှင့် ယင်းမြေများကို အစဉ်အလာနည်းလမ်း သို့မဟုတ် ဓလေ့ထုံးတမ်း နည်းလမ်းများဖြင့် အသုံးပြုနေသော ရပ်ရွာအုပ်စုများက တက်ကြွစွာ ထွန်ယက် စိုက်ပျိုးနေသော်လည်း မြေလွတ်နှင့် မြေလပ်များ ဟု အမျိုးအစား သတ်မှတ်နိုင်ပါသည်။

ယင်းမြေများအတွက် လယ်လုပ်ခွင့် တောင်းခံချက်များမှာ ပံ့ပိုးမှုပေးမည့် စာရွက်စာတမ်းများ မရှိခြင်းကြောင့် လွန်စွာ အားနည်းပါသည်။

*စားကျက်မြေ*

မြန်မာနိုင်ငံတွင် စားကျက်မြေအမျိုးအစား သတ်မှတ်ခြင်းနှင့် စီမံခန့်ခွဲခြင်းကို အထက်မြန်မာပြည် မြေခွန်စည်းမျဉ်းများ (၁၈၈၉ ခုနှစ်) တွင် ဖော်ပြပါထားပါသည်။ မြေလွတ်မြေရိုင်းဥပဒေတွင် "မြေရိုင်း" ကို အဓိပ္ပာယ်ဖော်ပြရာ၌ စားကျက်မြေကို အနည်းငယ်မျှဖော်ပြထားသော်လည်း လယ်ယာမြေဥပဒေတွင် ဖော်ပြထားခြင်းမရှိပါ။

ဇယား ၁ ကျေးလက်ဒေသမြေယာအမျိုးအစားခွဲခြားခြင်း ထိန်းချုပ်ခြင်း ပဋိပက္ခမှုနှင့်လယ်လုပ်ခွင့်လုံခြုံမှု

| မြေအမျိုးအစား သတ်မှတ်ချက် | လုပ်ပိုင်ခွင့်လွှဲအပ်ထားသော နိုင်ငံတော်အစိုးရ အကျိုးဆောင် အာဏာပိုင်များ | မြေပဋိပက္ခ အမျိုးအစားများ၏ သဘောသဘာဝ | လယ်လုပ်ခွင့်လုံခြုံမှု |
|---|---|---|---|
| သစ်တောကြိုးဝိုင်းမြေ | သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန | စိုက်ပျိုးရေးနှင့် စက်မှုသီးနှံ ဖွံ့ဖြိုးရေး (သစ်တောနှင့် ဆက်စပ်၊ မဆက်စပ်) | ယင်းမြေများတွင် လယ်ယာလုပ်ကိုင်သော သို့မဟုတ် အခြားနည်းဖြင့် အစဉ်အလာအရ အသုံးပြုသော ကျေးလက် လူထု၏ မြေယာအသုံးပြုခွင့် လုံခြုံမှု အားနည်းခြင်း |
| ကာကွယ်စောင့်ရှောက် ထားသော အများပြည်သူ သစ်တောမြေ | သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန | ကာကွယ်စောင့်ရှောက် ထားသော သစ်တောမြေ များကို ထုံးတမ်းစဉ်လာ ရပ်ရွာများက အသုံးပြုမှုကို အသိအမှတ်မပြုခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း | ယင်းမြေများတွင် လယ်ယာလုပ်ကိုင်သော သို့မဟုတ် အခြားနည်းဖြင့် အစဉ်အလာအရ အသုံးပြုသော ကျေးလက် လူထု၏ မြေယာအသုံးပြုခွင့် လုံခြုံမှု အားနည်းခြင်း |
| အများပြည်သူ သစ်တောမြေ (မြေရိုင်း) | သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ CCVFV ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | စိုက်ပျိုးရေးနှင့် စက်မှု ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အများပြည်သူ သစ်တောမြေများကို ထုံးတမ်းအစဉ်အလာအရ ရပ်ရွာလူထုက အသုံးပြုခြင်းကို အသိအမှတ်မပြုခြင်း ကျူးကျော်ခြင်း | ယင်းမြေများတွင် လယ်ယာလုပ်ကိုင်သော သို့မဟုတ် အခြားနည်းဖြင့် အစဉ်အလာအရ အသုံးပြုသော ကျေးလက် လူထု၏ မြေယာအသုံးပြုခွင့် လုံခြုံမှု အားနည်းခြင်း ယင်းမြေများမှာ မကြာခဏ ကုန်းမြင့်ဒေသများတွင် ဖြစ်တတ်ပါသည်။ မြေယာ အသုံးပြုခွင့် သို့မဟုတ် အကောက်ခွန် ပေးဆောင် သည့် မှတ်တမ်းများ ထုတ်ပေးခြင်း မရှိပါ။ |
| မြေလွတ်နှင့် မြေလပ် | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန၊ CCVFV | စိုက်ပျိုးရေးနှင့် စက်မှု ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရပ်ရွာပြည်သူလူထုက ထုံးတမ်းအစဉ်အလာ | ယင်းမြေများတွင် လယ်ယာလုပ်ကိုင်သော သို့မဟုတ် အခြားနည်းဖြင့် အစဉ်အလာအရ |

| | | | |
|---|---|---|---|
| | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | မြေယာအသုံးပြုခြင်းကို အသိအမှတ်မပြုခြင်း၊ စာကျက်မြေအဖြစ် အသုံးပြုခြင်းနှင့် စိုက်ပျိုးရေးအကြားတွင် ပဋိပက္ခဖြစ်ခြင်း | အသုံးပြုသော ကျေးလက်လူထု၏ မြေယာအသုံးပြုခွင့် လုံခြုံမှု အားနည်းခြင်း ယင်းမြေများမှာ မကြာခဏ ကုန်းမြင့်ဒေသများတွင် ဖြစ်တတ်ပါသည်။ မြေယာအသုံးပြုခွင့် သို့မဟုတ် အကောက်ခွန် ပေးဆောင်သည့် မှတ်တမ်းများ ထုတ်ပေးခြင်း မရှိပါ။ |
| လယ်မြေ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ FAB | စိုက်ပျိုးရေးနှင့် စက်မှု ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရပ်ရွာပြည်သူလူထုက ထုံးတမ်းအစဉ်အလာ မြေယာအသုံးပြုခြင်းကို အသိအမှတ်မပြုခြင်း၊ သတ်မှတ်ထားသော နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ပြင်ပတွင် မြေအရောင်းအဝယ် ပြုလုပ်ခြင်း၊ လယ်သမားတစ်ဦးချင်း အကြား မြေယာပဋိပက္ခများ | မြေယာအသုံးပြုခွင့် အခွင့်အရေးများ မှတ်တမ်းရှိခြင်းကြောင့် အခြားသော မြေအမျိုးအစား သတ်မှတ်ချက်များထက် လယ်လုပ်ခွင့် ပိုမို၍ လုံခြုံမှု ရှိပါသည်။ မြေယာတန်ဘိုး သတ်မှတ်ခြင်းဆိုင်ရာ အချက်အလက်များ မရှိခြင်း၊ မှတ်တမ်းများ ထားရှိမှု ညံ့ဖျင်းခြင်း၊ နိုင်ငံတော်အစိုးရက မြေယာအသုံးပြုခွင့် အခွင့်အရေးများကို အလွယ်တကူ ပယ်ဖျက်နိုင်စွမ်းရှိခြင်း၊ အများပြည်သူအတွက် မဟုတ်သော ရည်ရွယ်ချက်များ (စီးပွားရေးမြှင့်တင်ရန်) အပါအဝင် အခြား ရည်ရွယ်ချက်များအတွက် မြေကိုအလွယ်တကူ ရယူနိုင်ခြင်း တို့ကြောင့် မြေယာအသုံးပြုခွင့်မှာ အားနည်းနေဆဲဖြစ်ပါသည်။ |

## လယ်ယာမြေနှင့် မြေလွတ် မြေလပ်နှင့် မြေရိုင်းများ ဥပဒေများဆိုင်ရာ အဓိက ဥပဒေထုတ်ပြန်နိုင်သော နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများ

အောက်ဖော်ပြပါတို့မှာ လယ်ယာမြေဥပဒေနှင့် မြေလွတ်မြေရိုင်းတောရိုင်းမြေဥပဒေများ အကောင်အထည်ဖော်ခြင်းနှင့် တိုက်ရိုက်ဆက်စပ်နေသော ပြဋ္ဌာန်းဥပဒေအရ ဖွဲ့စည်းထားသည့် နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများကို အကျဉ်းမျှ ခြုံငုံဖော်ပြခြင်း ဖြစ်ပါသည်။ ထို့အပြင် မကြာသေးမီက ဖွဲ့စည်းလိုက်သော အုပ်ချုပ်ရေးပိုင်းနှင့် ဥပဒေပြုရေးအပိုင်းမှ အချက်အလက် ရှာဖွေရေး အဖွဲ့အစည်းများ၏ မြေယာအမျိုးအစား သတ်မှတ်ခြင်းနှင့် မြေယာရယူပိုင်ဆိုင်ခြင်း ကိစ္စရပ်များကို စုံစမ်းစစ်ဆေးမှုများကိုလည်း ဆွေးနွေးထားပါသည်။ ၎င်းတို့၏တွေ့ရှိချက်များသည် လယ်ယာမြေဥပဒေနှင့် မြေလွတ်မြေလပ်နှင့် မြေရိုင်းဥပဒေ အကောင်အထည်ဖော်ခြင်းအပေါ် တိုက်ရိုက်သက်ရောက်မှုရှိပါမည်။ နောင်အခါတွင် ပြည့်စုံသော မြေယာစီမံခန့်ခွဲမှုမူဝါဒ နှင့် မြေယာဥပဒေတို့ ရေးဆွဲပြဋ္ဌာန်းခြင်းအပေါ်တွင်လည်း သက်ရောက်မှု ရှိပါမည်။

### *လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန*

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် အမျိုးသားလယ်ယာစိုက်ပျိုးရေးမူဝါဒ (သစ်တောမပါ)ကို အကောင်အထည် ဖော်ရန် တာဝန်ယူပါသည်။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးရေးတို့ချဲ့သည့် ဝန်ဆောင်မှုများ အတွက် ဆည်မြောင်းအခြေခံအဆောက်အဦကို ဖြည့်ဆည်းပေးပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန အတွင်း တည်ထောင်ထားသော တာဝန်ရှိ အစိုးရအဖွဲ့အစည်းများမှာ လယ်ယာမြေဥပဒေနှင့် မြေလွတ်မြေလပ်နှင့်မြေရိုင်းဥပဒေ နှစ်ရပ်စလုံးကို အကောင်အထည်ဖော်ရန် တာဝန်ယူရပါသည်။

### *နိုင်ငံတော်မြေစာရင်းဦးစီးဌာန*

ဤနိုင်ငံတော်အစိုးရ၏တာဝန်ခံအဖွဲ့အစည်းမှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည် မြောင်းဝန်ကြီးဌာနအတွင်းတည်ရှိပြီး မြေစာရင်းမှတ်တမ်းများနောက်ဆုံးအခြေအနေမှန်ကန်အောင်ဖြည့်စွတ်ပြုစုခြင်းနှင့် ထိန်းသိမ်းထားရှိခြင်းကိုတာဝန်ယူရပါသည်။ အထူးသဖြင့်လယ်ယာစိုက်ပျိုးရေးအတွက်နှင့်မြို့ပြတည်ဆောက်ရေးအတွက် အိုးအိမ်တည်ဆောက်ရေးအတွက် လယ်သမားများ အသုံးပြုသော မြေများအတွက်ဖြစ်ပါသည်။အသစ်ပြဋ္ဌာန်းလိုက်သော လယ်ယာမြေဥပဒေနှင့် မြေလွတ်မြေရိုင်းတောရိုင်းမြေ ဥပဒေများပြဋ္ဌာန်းခြင်းကြောင့် ဤဦးစီးဌာနသည်လယ်ယာမြေနှင့်မြေ လွတ်မြေရိုင်းတောရိုင်းမြေ အကျိုးစီးပွားများကို မှတ်တမ်းတင်ခြင်းနှင့် မှတ်ပုံတင်ခြင်းလယ်ယာမြေအုပ်ချုပ်မှုအဖွဲ့အစည်း သင့်တော်သောအဆင့်မှ လယ်ယာအသုံးပြုရန် ခွင့်ပြုချက်ရရှိပြီးသောလယ်သမားများအား လယ်ယာမြေအသုံးပြုမှုသက် သေခံလက်မှတ်များထုတ်ပေးခြင်း တို့ကိုတာဝန်ယူ ဆောင်ရွက်ပါမည်။

### *ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောဝန်ကြီးဌာန*

ဤဝန်ကြီးဌာနသည်သဘာဝပတ်ဝန်း ကျင်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ထုတ်ပြန်ချက်များပြုလုပ်ရေး သဘာဝ ပတ်ဝန်းကျင်နှင့်လူမှုရေးသက်ရောက်မှုအကဲ ဖြတ်ချက်များ (ESIA)ဆိုင်ရာနည်းဥပဒေများအကောင်အထည်ဖော်ခြင်း နိုင်ငံတွင်းရှိ သစ်တောမြေများနှင့်သစ်တောအရင်းအမြစ်များ စီမံခန့်ခွဲခြင်းဆိုင်ရာကိစ္စရပ်များကိုတာဝန်ယူရပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်သစ်တောဝန်ကြီးဌာနသည်အများပြည်သူသစ်တောဥပဒေတွင် အများပြည်သူသစ်တောအဖြစ် အမျိုးအစားသတ်မှတ်ထားသောမြေများနှင့် မြေလွတ်မြေရိုင်းတောရိုင်းမြေဥပဒေအရ တောရိုင်းမြေအဖြစ် အမျိုးအစားသတ်မှတ်ထားသော မြေများအပေါ်တွင်လုပ်ပိုင်ခွင့်ချလျှက်ရှိပါသည်။

### *သစ်တောဦးစီးဌာန*

သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနှင့်သစ်တောဝန်ကြီးဌာနအတွင်းရှိတာဝန်ခံအဖွဲ့အစည်းတစ်ခုဖြစ်ပြီး သစ်တော ဦးစီးဌာနသည်သစ်တောကြိုးဝိုင်းမြေများအုပ်ချုပ်မှုကို အဓိကလုပ်ပိုင်ခွင့်ရှိပြီးတာဝန်ယူရပါသည်။ ကာကွယ်စောင့်ရှောက် ထားသောအများပြည်သူသစ်တောမြေနှင့် အများပြည်သူသစ်တောများဟု အမျိုးအစားသတ်မှတ်ထားသည့် မြေများပေါ်တွင် လည်း လုပ်ပိုင်ခွင့်လွှဲအပ်ထားခြင်းခံရပါသည်။

*လယ်ယာမြေအုပ်ချုပ်မှုအဖွဲ့*

လယ်ယာမြေအုပ်ချုပ်မှုအဖွဲ့ (FAP)သည် လယ်ယာမြေဥပဒေ (၂၀၁၂ ခုနှစ်)အရ ဖွဲ့စည်းတာဝန်ပေးအပ်ထားသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအတွင်းရှိ တာဝန်ခံအဖွဲ့အစည်းဖြစ်ပါသည်။ဤအဖွဲ့သည် အလားတူ လုပ်ပိုင်ခွင့်ရှိခဲ့သောမြေယာကော်မတီကိုအစားထိုးခြင်းဖြစ်ပါသည်။ဗဟိုအဆင့် FAP ဖွဲ့စည်းပုံကိုအောက်တွင် ဖော်ပြထားပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်းကြီးဌာနဝန်ကြီးဥက္ကဋ္ဌ၊လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဥက္ကဋ္ဌ၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ပါသည်။ ဤဖွဲ့စည်းပုံကို တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင်အလားတူဖွဲ့စည်းပါသည်။ တိုင်းဒေသကြီး ပြည်နယ်ဝန်ကြီးချုပ်သည်ကော်မတီဥက္ကဋ္ဌဖြစ်ပြီး တိုင်းဒေသကြီး ပြည်နယ်အဆင့်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနအကြီးအကဲသည်အတွင်းရေးမှူးဖြစ်ပါသည်။ ခရိုင်နှင့်မြို့နယ် အဆင့်များတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအကဲသည်ဥက္ကဋ္ဌဖြစ်ပြီး ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန အကြီးအကဲသည်အတွင်းရေးမှူးဖြစ်ပါသည်။ မြေယာနှင့်ဆက်စပ်နေသောအခြားဦးစီးဌာနများအားလုံးသည် အဆင့်အသီးသီး တွင် FAB များ၌ပါဝင်ကြပါသည်။

နိုင်ငံတော်အစိုးရအုပ်ချုပ်မှုအဆင့်အသီးသီးရှိ (ရပ်ကွက်နှင့်ကျေးရွာအုပ်စု မြို့နယ် ခရိုင် တိုင်းဒေသကြီး ပြည်နယ်တို့ရှိ FAP များ၏ အခန်းကဏ္ဍများနှင့် တာဝန်များအတိအကျကို ရှင်းလင်းစွာ သတ်မှတ်ဖော်ပြထားခြင်း မရှိပါ။သို့ရာတွင် လယ်ယာမြေဥပဒေအပိုဒ် ၁၇ ၌ဗဟိုအဆင့် FAP ၏တာဝန်များကိုစာရင်းပြုလုပ်ဖော်ပြထားပါသည်။

ဗဟို အဆင့်တွင် FAP ၏တာဝန်မှာအခန်းကဏ္ဍများနှင့်တာဝန်များအတိအကျကို အောက်အဆင့် FAP များသို့လွှဲအပ်ပေးရန် ဖြစ်ပါသည်။ FAP များသည်အောက်ပါတို့အတွက်တာဝန်ယူရပါသည်။

- လယ်ယာမြေအသုံးပြုမှုအတွက်လျှောက်ထား ခြင်းများကိုပြန်လည်သုံးသပ်ခြင်း
- လယ်ယာမြေအသုံးပြုရန်အခွင့်အရေးများကိုတရားဝင်အသိအမှတ်ပြုခြင်း/ထောက်ခံ ခြင်း
- လယ်ယာမြေအသုံးပြုရန်အတည်ပြုပြီးအခွင့်အရေးများကိုမှတ်ပုံတင်ရန်အတွက်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနသို့ တင်သွင်းခြင်း
- အကောက်အခွန်ကောက်ခံရန်နှင့်လယ်ယာမြေရယူသည့်အတွက်လျော်ကြေးပေးရန်လယ်ယာမြေကိုတန်ဘိုးဖြတ်ခြင်း များပြုလုပ်ခြင်း
- လယ်ယာမြေအသုံးပြုရန်သတ်မှတ်ချက်များမပြည့်မှီပါကသတိပေးချက်ထုတ်ပြန်ခြင်းပြစ်ဒဏ် ချမှတ်ခြင်း သို့မဟုတ် မြေအသုံးချခွင့်အခွင့်အရေးများပယ်ဖျက်ခြင်း
- လယ်ယာမြေအသုံးပြုခွင့်အခွင့်အရေးများခွဲဝေသတ်မှတ်ခြင်းနှင့်အသုံးပြုခြင်းဆိုင်ရာပေါ်ပေါက်လာသော အငြင်းပွားမှုများကို ဖြေရှင်းခြင်း

## *Central* မြေလွတ်မြေရိုင်းနှင့်တောရိုင်းမြေ များစီမံခန့်ခွဲရေးဗဟိုကော်မတီ

မြေလွတ်မြေရိုင်းနှင့်တောရိုင်းမြေ များစီမံခန့်ခွဲရေးဗဟိုကော်မတီမှာ မြေလွတ်မြေရိုင်းတောရိုင်းမြေဥပဒေအပိုဒ် ၃ နှင့်အညီ နိုင်ငံတော်သမ္မတ၏သဘော အရဖွဲ့စည်းသော အမျိုးသားအဆင့်ဝန်ကြီးဌာနများပါဝင်သောကော်မတီတစ်ရပ်ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးအားကော်မတီဥက္ကဋ္ဌအဖြစ်ခန့်အပ်ပြီး ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည်ကော်မတီ၏အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ပါသည်။နိုင်ငံတော်သမ္မတသည် အစိုးရအဖွဲ့အစည်း အသီးသီးမှ ပုဂ္ဂိုလ်များ သို့မဟုတ် ၎င်းကရွေးချယ်သောအခြားသင့်တော်သူများအား ကော်မတီဝင်များအဖြစ်ခန့်အပ်နိုင်ပါ သည်။

CCVFV သည်နိုင်ငံအတွင်းရှိမြေလွတ်မြေရိုင်းနှင့်တောရိုင်းမြေများအား လယ်ယာစိုက်ပျိုးရေး သတ္တုတွင်းတူးဖော်ရေး ဥပဒေအရ အခြားခွင့်ပြုနိုင်သော ရည်ရွယ်ချက်များအတွက် သက်ဆိုင်သော ဝန်ကြီးဌာနများ တိုင်းဒေသကြီးပြည်နယ်အစိုးရများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျှက် မြေအသုံးပြုမှုအခွင့်အရေးများကို ခွင့်ပြုခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းတို့ကို ကြီးကြပ်ကွပ်ကဲ ပါသည်။ CCVFV သည်အတိအကျအားဖြင့်အောက်ပါတို့ကိုဆောင်ရွက်ရန်တာဝန်ရှိပါသည်။ (မှတ်စု ၁၂)[2]

- ဝန်ကြီးဌာနအသီးသီးနှင့်တိုင်းဒေသကြီးပြည်နယ်အစိုးရများမှာ မြေလွတ်၊မြေလပ်နှင့်၊မြေရိုင်း များအသုံးပြုခြင်းအတွက် အ ကြံပြုချက်များလက်ခံရယူခြင်း
- အများပြည်သူနိုင်ငံသားများ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြုပ်နှံသူများနိုင်ငံတော်အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှ မြေလွတ် မြေလပ်နှင့် မြေရိုင်း အသုံးပြုရန်လျှောက်လွှာများလက် ခံခြင်း
- မြေလွတ် မြေလပ်နှင့် မြေရိုင်းများအသုံးပြုခြင်းအတွက်လျှောက်လွှာများကိုပယ်ချခြင်း သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးခြင်း
- မြေလွတ် မြေလပ်နှင့် မြေရိုင်းများအသုံးပြုရန်အခွင့်အရေးများကိုပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း
- သစ်တောမြေများထိခိုက်ပျက်စီးခြင်းကိုတာဆီးကာကွယ်ရန်နှင့်သဘာဝနယ်မြေဒေသများရေဝေရေလဲဒေသများ သဘာဝငါးဖမ်းလုပ်ငန်း၊ရေလုပ်ငန်းများလုပ်ဆောင်နိုင်သည့်နယ်မြေဒေသများကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးနှင့်သစ်တောဝန်ကြီးဌာန၊အခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက် ခြင်း
- ပြည်ထောင်စုအစိုးရဝန်ကြီးအဖွဲ့သို့ မြေလွတ် မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခြင်းဆိုင်ရာ ၆ လတစ်ကြိမ်စောင့်ကြည့်စစ်ဆေးရေးအစီရင်ခံစာများတင်သွင်းခြင်း
- အမျိုးသားအဆင့်မြေယာမူဝါဒရေးဆွဲရာတွင်သွင်းအားစုများဖြည့်ဆည်း ပေးခြင်း
- မြေလွတ် မြေလပ်နှင့် မြေရိုင်း အသုံးပြုရန်အတွက်စပေါ်ငွေတင်သွင်းရမည့်နှုန်းထားကိုသတ်မှတ်ခြင်း
- မြေလွတ် မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ နှစ်စဉ် မြေခွန်နှုန်းထားနှင့် သင့်တော်သော အကောက်ခွန် ကင်းလွတ်ခွင့်ပြုသည့်ကာလတို့ကို သတ်မှတ်ခြင်း
- တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် နိုင်ငံတော်အစိုးရ၏ မြေလွတ် မြေလပ်နှင့် မြေရိုင်း အသုံးပြုမှုအတွက် အထူးတာဝန်အဖွဲ့များနှင့် အထူးအစုအဖွဲ့များအားဖွဲ့စည်းခြင်းနှင့်တာဝန်လွှဲအပ်ပေး ခြင်း (မှတ်စု ၃) ;[3]
- မြေလွတ် မြေလပ်နှင့် မြေရိုင်း အသုံးပြုရန်အခွင့်အရေးရှိသူများအား ၎င်းတို့ကမေတ္တာရပ်ခံလာပါကအကူအညီပေးခြင်း (နည်းပညာအကူအညီ သွင်းအားစုများ ချေးငွေများစသည်တို့ဖြစ်ပါသည်။)
- အခြားသောနိုင်ငံတော်အစိုးရ ဦးစီးဌာနများအဖွဲ့အစည်းများနှင့်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်မြေလွတ် မြေလပ်နှင့် မြေရိုင်း အသုံးပြုမှုဆိုင်ရာ အငြင်းပွားမှုများကိုဖြေရှင်းခြင်း (မှတ်စု ၄) ;[4]

*ဝန်ကြီးအဖွဲ့အဆင့်နှင့် လွှတ်တော်ကော်မတီများ/ မြေယာ ကော်မရှင်များ*

နိုင်ငံတော်အစိုးရဥပဒေပြုရေးနှင့်အုပ် ချုပ်ရေးကဏ္ဍများအနေဖြင့် မြေယာအမျိုးအစားသတ်မှတ်ခြင်းမြေအသုံးပြုခွင့်လုံခြုံမှုနှင့် နိုင်ငံအတွင်းမြေယာပဋိပက္ခများဆိုင်ရာကြီးလေးသောပြဿနာများရှိကြောင်းအသိအမှတ်ပြုပြီးဖြစ်ပါသည်။ ယင်းတို့ကိုတုန့်ပြန်ဆောင်ရွက်သည့်အနေဖြင့် ကော်မတီတစ်ရပ်နှင့် ကော်မရှင်တစ်ရပ်တို့တည်ထောင်ဖွဲ့စည်းထားပြီးဖြစ်ပါသည်။

---

[2] ၏အခန်းကဏ္ဍများနှင့်တာဝန်များကို မြေလွတ်မြေရိုင်းနှင့်တောရိုင်းမြေဥပဒေအပိုဒ် သို့မဟုတ် အခန်းအတိအကျအတွင်းရှင်းလင်းစွာသတ်မှတ်ဖော်ပြထားခြင်းမရှိပါ။ ဥပဒေပါအပိုဒ်များအသီးသီးတွင်ပြန့်နှံ့လျှက်ရှိပါသည်။

[3] အထူးတာဝန်အဖွဲ့နှင့်အထူးအစုအဖွဲ့များကိုအပိုဒ် ၃ တွင်အနည်းငယ်မျှသာဖော်ပြထားပါ သည်။

[4] မြေလွတ် မြေလပ်နှင့် မြေရိုင်း ဥပဒေအပိုဒ် ၂၅ နှင့်အညီ CCVFV သည် သက်ဆိုင်အကျုံးဝင်သောနိုင်ငံတော်အစိုးရဦးစီးဌာနများအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်လျှက် တရားဝင်အသိအ မှတ်ပြုထားသည်ဖြစ်စေ အသိအမှတ်မပြုထားသည်ဖြစ်စေ မြေယာများကိုအသုံးပြုနေကြသောလယ်သမားများ၏အကျိုး စီးပွားများကိုကာကွယ်စောင့်ရှောက်ရန်ဖြစ်ပါသည်။ မြေလွတ်မြေရိုင်းတောရိုင်းမြေကိုအသုံးပြုရန်အခွင့်အရေးပေးအပ်ပြီး သောနယ်မြေဒေသများတွင်ဖြစ်ပါသည်။

ယင်းအဖွဲ့အစည်းများသည် ၎င်းတို့လေ့လာစစ်ဆေးသောပြဿနာများကို တိုက်ရိုက်ဖြေရှင်းရန်လုပ်ပိုင်ခွင့်အာဏာမရှိပါ။ ၎င်းတို့ရရှိလာသောသတင်းအချက်အလက်များကို နိုင်ငံအတွင်းမြေယာစီမံခန့်ခွဲရေးဆိုင်ရာဥပဒေနှင့် မူဝါဒမူဘောင်များတွင် အသုံးပြုပြီး ဆက်လက်၍ရေးဆွဲမည်ဟု မျှော်လင့်ရပါသည်။စုဆောင်းရရှိသော သတင်းအချက်အလက်များသည် နိုင်ငံတော်အစိုးရအုပ်ချုပ်ရေးကဏ္ဍသို့မြေသိမ်းသည့်ပြဿနာများဖြေရှင်းရေးအတွက် အကြံပြုချက်များဖြည့်ဆည်းပေးရာ၌ လွှတ်တော်အားလည်းအထောက် အကူပြုပါမည်။

- <u>မြေခွဲဝေသတ်မှတ်ခြင်းနှင့်အသုံးပြုခြင်းစုံစမ်းစီစစ်ရေးကော်မတီ (၂၀၁၂ ခုနှစ်ဇူလိုင်လတွင်တည်ထောင်ပါ သည်။)</u>
  ဤကော်မတီမှာ ဝန်ကြီးအဖွဲ့အဆင့်ကော်မတီဖြစ်ပြီး နိုင်ငံတော်အစိုးရအုပ်ချုပ်ရေးကဏ္ဍအတွင်း တည်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်သစ်တောဝန်ကြီးဌာနကဦးဆောင်ပါသည်။
  ကော်မတီ၏လုပ်ငန်းမှာ အမျိုးသားအဆင့်မြေအသုံးပြုမှုမူဝါဒဆိုင်ရာပြဿနာများ မြေအသုံးပြုမှုစီမံကိန်းရေးဆွဲခြင်း နိုင်ငံအတွင်းစိုက်ပျိုးရေးစီမံချက်များအပါအဝင်ရင်းနှီးမြုပ်နှံမှုအတွက် မြေခွဲဝေသတ်မှတ်ပေးခြင်းဆိုင်ရာ ကိစ္စများကို အဓိကထားဆောင်ရွက်ပါမည်။

- <u>မြေသိမ်းမှု စုံစမ်းရေးကော်မရှင်(၂၀၁၂ ခုနှစ်ဇူလိုင်လတွင်တည်ထောင်သည်။)</u>

  ဤကော်မရှင်မှာလွှတ်တော်က ဖွဲ့စည်းခြင်းဖြစ်ပြီး နိုင်ငံအတွင်း မြေသိမ်းဆည်းမှုဆိုင်ရာပြဿနာများကို အဓိကဆောင်ရွက်ပါမည်။ မြေသိမ်းဆည်းမှုမှာ တည်ဆဲဥပဒေနှင့်အညီဆောင်ရွက်ခြင်းဟုတ် မဟုတ် သိမ်းယူသောနယ်မြေကို နိုင်ငံအကျိုးပြုလုပ်ငန်းအသုံးပြုခြင်းရှိ မရှိ မြေသိမ်းဆည်းခံရသူများအားလုံလောက်သော လျော်ကြေးပေးခြင်းအားဖြင့် အဓိကဆောင်ရွက်ပါမည်။(မှတ်စု ၁၅)[5]

မြေသိမ်းဆည်းခြင်း

နိုင်ငံအတွင်းတွင်ဖြစ်ပေါ်ဆဲနှင့်စတင်ပေါ်ပေါက်လာသောမြေယာပဋိပက္ခမှုအများအပြားမှာ ဤအစီရင်ခံစာတွင် မြေသိမ်းဆည်းမှုရည်ညွှန်းဖော်ပြမည့်လုပ်ဆောင်ချက်များကြောင့်ဖြစ်ပွားပါသည်။ မြေသိမ်းဆည်းမှုဆိုသည်မှာဥပဒေ သို့မဟုတ် အခြားနည်းလမ်းများဖြင့် တစ်စုံတစ်ဦးပိုင်ဆိုင်သောမြေယာကို ရယူခြင်း သို့မဟုတ် သိမ်းဆည်းခြင်းရယူသော သို့မဟုတ် သိမ်းဆည်းသောလုပ်ဆောင်ချက်ဖြစ်ပါသည်။ ပြည်တွင်းကုမ္ပဏီများအခြားနိုင်ငံများမှကုမ္ပဏီများ နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများ တပ်မတော်နှင့်လူပုဂ္ဂိုလ်တစ်ဦးချင်းတို့က မြေပိုင်ဆိုင်ခွင့်ဝယ်ယူခြင်း သို့မဟုတ် ငှားရမ်းခြင်းတို့ကြောင့်မြေသိမ်းဆည်းခြင်းဖြစ်ပွားနိုင်ပါသည်။အများပြည်သူအခြေခံအဆောက်အအုံစီမံချက် သို့မဟုတ် အခြားဖွံ့ဖြိုးရေးလုပ်ဆောင်ချက်အတွက် ကဲ့သို့သော အများပြည်သူအတွက်ရည်ရွယ်ချက် သို့မဟုတ် စီးပွားရေး လုပ်ငန်းရည်ရွယ်ချက်အတွက် နိုင်ငံတော်အစိုးရကမြေကိုရယူသောအခါတွင်လည်း မြေသိမ်းဆည်းမှုဖြစ်ပွားနိုင်ပါသည်။(မှတ်စု-၁၆) မြေသိမ်းဆည်းမှုကိုလည်းကောင်း မြန်မာနိုင်ငံဆက်စပ်အခြေအနေတွင်မြေသိမ်းဆည်းမှုကြောင့်ဖြစ်ပေါ်သော သက်ရောက်မှုများကိုလည်းကောင်း နားလည်သဘောပေါက်ရန်အရေးကြီးပါသည်။ နိုင်ငံအတွင်းတွင် ရေရှည်ဆောင်ရွက်နိုင်သော စီးပွားရေးဖွံ့ဖြိုးမှုရှိပြီး နိုင်ငံသားများအားလုံး၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မှုပေးသည့်တစ်ချိန်တည်းမှာပင် မြေသိမ်းဆည်းမှု၏အဆိုးရွားဆုံးအပိုင်းများမှထိရောက်စွာအကာ အကွယ်ပေးသော အကာအကွယ်များချမှတ်ထားရှိနိုင်ပါသည်။

အောက်ဖော်ပြပါတို့မှာ နိုင်ငံအတွင်းသတင်းများတွင် ပါရှိနေသော ကျေးလက်မြေသိမ်းဆည်းမှု အမျိုးအစားအမျိုးမျိုးကို အကျဉ်းဖော်ပြခြင်း ဖြစ်ပါသည်။ ယင်းတို့မှာလယ်ဧကအနည်းငယ်သာလုပ်ကိုင်သောလယ်သမားများ၏ မြေလယ် လုပ်ခွင့်လုံခြုံမှုကိုထိခိုက်လျှက်ရှိပါသည်။ အထိန်းအကွပ်မဲ့မြေသိမ်းဆည်းမှုကြောင့် နိုင်ငံအတွင်းတွင်မြေယာပဋိပက္ခမှုများ တိုးပွားလာဖွယ်ရာရှိပါသည်။ ဂရုတစိုက်စီမံခန့်ခွဲခြင်းမပြုပါကလူမှုရေးတည်ငြိမ်မှုနှင့်စီးပွားရေးဖွံ့ဖြိုးမှုကိုထိခိုက်လာနိုင်ပါ သည်။

[5] နိုင်ငံတော်အစိုးရဥပဒေပြုကဏ္ဍသည်လွှတ်တော်ကော်မတီအချို့ကိုမကြာသေးမီကဖွဲ့စည်းခဲ့ပါသည်။ ၎င်း ကော်မတီအများအပြားမှာလုပ်ပိုင်ခွင့်များ သို့မဟုတ် စိတ်ပါဝင်စားမှုအာရုံစူးစိုက်မှုနယ်ပယ်များထပ်နေသည်ဟုယူဆရပါ သည်။

*နိုင်ငံတော်က ကမကထပြု ဆောင်ရွက်သော စိုက်ပျိုးရေးစီမံချက်များ*

နိုင်ငံတော်ကကမကထပြုဆောင်ရွက်သော စိုက်ပျိုးရေးစီမံချက်များမှာမကြာခဏရည်ရွယ်ချက်ကောင်းမွန်စွာ စတင်ဆောင်ရွက်ခြင်းဖြစ်သော်လည်းယင်းစီမံချက်များသည်လယ်သမားများမျိုးဆက်ပေါင်းများစွာ သီးနှံများစိုက်ပျိုးထုတ်လုပ်ရန် အသုံးပြုခဲ့သောမြေယာများဆုံးရှုံးရသည့်ရလဒ် ထွက်ပေါ်သောရှည်လျားသည့်သမိုင်းစဉ်ရှိခဲ့ပါသည်။ ယင်းစီမံချက်များကိုကော်ဖီ ပိုးစာ ရော်ဘာ သစ်၊ပီလောပီနံ၊ဆီအုန်း၊ခြံစည်းရိုးကြက်ဆူစသည်တို့အပါအဝင်စိုက်ပျိုးရေးထွက်ကုန်အများအပြားအတွက်မြှင့်တင်ဆောင်ရွက်ခဲ့ကြပါ သည်။ စီမံချက်များမှာမကြာခဏမူရင်းရည်ရွယ်ချက်အတွက်ဖွံ့ဖြိုးရေးတိုးတက်ဖွံ့ဖြိုးရန်လုပ်ဆောင်ခြင်းမရှိဘဲ နယ်မြေခံရပ်ရွာများကိုအကျိုးပြုခြင်းများလည်းအထူးနည်းပါးပါသည်။ စီမံချက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်သူများသည် စီမံချက်အတွက်ခွဲဝေသတ်မှတ်ပေးသောမြေကိုအခြားသူများထံအခြားရည်ရွယ်ချက်များအတွက်ပြန်လည်ဖြန့်ဝေကြသည်ဟုလည်းသိရှိရပါသည်။ နိုင်ငံတော်ကကမကထပြုဆောင်ရွက်သောစီမံချက်များအတွက်ရယူခဲ့သောမြေမှာမကြာခဏ စီမံချက်ပါသတ်မှတ်ချက်များစည်းမျဉ်းများကိုချိုးဖောက်လျှက် မြေလွတ်များအဖြစ်ရောက်ရှိသွားကြပါသည်။ (မှတ်စု ၁၇)[6] ဤသို့သောမြေသိမ်းဆည်းမှုမျိုးမှာသမိုင်းစဉ်တစ်လျှောက်တွင်များစွာဖြစ်ပွားခဲ့ပါသည်။ (မှတ်စု ၁၈)[7]

*ပုဂ္ဂလိကအဖွဲ့အစည်းများက စက်မှုလယ်ယာ စိုက်ခင်းများတည်ထောင်ခြင်း*

နိုင်ငံတော်အစိုးရကနိုင်ငံတော် အစိုးရထံမှစာချုပ်ဖြင့်ငှားရမ်းသောအစီအမံဖြင့် ငှားရမ်းထားသောမြေပေါ်တွင် စက်မှု လယ်ယာစိုက်ခင်းကြီးများ တည် ထောင်ရန်ဥပဒေအစီအမံများမှာမြန်မာနိုင်ငံတွင် ၁၉ ရာစုအလယ်ပိုင်းကစ၍တည်ရှိခဲ့ပါသည်။ (မှတ်စု ၁၉) မကြာသေးမီနှစ်များအတွင်း စိုက်ပျိုးမြေမြေလွတ်မြေနှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ တာဝန်နှင့်အခွင့်အရေးများသတ်မှတ်ချက် (၁၉၉၁ ခုနှစ်)က ယင်းစိုက်ပျိုးရေးလုပ်ငန်းများတည်ထောင်နိုင်ရန်ဆောင်ရွက်ခဲ့ပါသည်။ စိုက်ပျိုးမြေကိုစက်မှုလယ်ယာ စိုက်ခင်းကြီးများဖွံ့ဖြိုးတိုးတက်ရေးအတွက်ခွဲဝေသတ်မှတ်ပေးရန်နည်းဥပဒေများကို ယခုအခါ မြေလွတ်မြေရိုင်းနှင့်တောရိုင်းမြေဥပဒေ(၂၀၁၂ခုနှစ်)အတွင်းပေါင်းစည်းထည့်သွင်းပြီးဖြစ်ပါသည်။ယင်းတို့ကို အောက်တွင်အသေးစိတ်ဆွေးနွေး ထားပါသည်။ နိုင်ငံတော်ကကမကထပြုဆောင်ရွက်သောစိုက်ပျိုးရေးစီးမံချက်များမှာကဲ့သို့ပင် ယင်းစက်မှုလယ်ယာစိုက်ပျိုးရေးစိုက်ခင်းကြီးများအတွက် ငှားရမ်းခြင်းစာချုပ်များပါသတ်မှတ်ချက်များအတိုင်း ဖွံ့ဖြိုးရေးလုပ်ဆောင်ခဲ့ခြင်းမရှိပါ သို့မဟုတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရမည့်နယ်မြေအတွင်းရှိမြေများမှာမြေလွတ်များအဖြစ်တည်ရှိနေပါသည်။ ဥပဒေမူဘောင်အဟောင်းများ (မှတ်စု၂၀)၏ အားနည်းသောလယ်လုပ်ခွင့်အစီအစဉ်များအရ အခွင့်အရေးများ လုံလောက်စွာကာကွယ်စောင့်ရှောက်မှုမရရှိခဲ့သော လယ်လုပ်ခွင့်အခွင့်အရေးများလုံလောက်စွာ ကာကွယ်စောင့်ရှောက်မှုမရရှိခဲ့သော လယ်ဧကအနည်း ငယ်သာလုပ်ကိုင်သည့်လယ်သမားများသည် ယင်းစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကြီးများတွင် အသုံးပြုရန်အတွက် သတ်မှတ်သောနည်းများကို သီးနှံစိုက်ပျိုးထွက်ရှိရန်အတွက် အသုံးပြုနေသူများဖြစ်ကြပါသည်။ ယင်းဖြစ်ရပ်များကြောင့်ရှိ ရင်းထုံးတမ်းအစဉ်အလာလယ်လုပ်ခွင့်အစီအစဉ်များကိုထည့်သွင်းစဉ်းစားခြင်းမရှိဘဲ သို့မဟုတ် အလွန်နည်းပါးစွာသာ ထည့်သွင်းစဉ်းစားလျှက် မြေကိုသိမ်းဆည်းခြင်းများဖြစ်ပွားပါသည်။စနစ်တကျကာကွယ် စောင့်ရှောက်မှုများချမှတ်ထားခြင်းမရှိပါက ဤသို့သောဖြစ်ရပ်အမျိုးအစားများကြောင့် မြေနှင့်ပတ်သက်သောပဋိပက္ခမှုများတိုးပွားလာဖွယ်ရာရှိပါသည်။ထို့အပြင်လူမှုရေးမတည်မငြိမ်မှုများဖြစ်ပေါ်လာပြီးနိုင်ငံတော်အစိုးရအတွက်နိုင်ငံရေးအားနည်းချက်ဖြစ်လာနိုင်ပါသည်။

*စက်မှုဖွံ့ဖြိုးရေးစီမံချက်ကြီးများ*

နိုင်ငံတော်အစိုးရကကမကထပြုသော စက်မှုလုပ်ငန်းစီမံချက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ခြင်းမှာ ဧကအနည်းငယ်သာလုပ်ကိုင်သော လယ်သမားများ၏မြေများသိမ်းဆည်းနိုင်ရသင့်ပါသည်။ သမိုင်းစဉ်တစ်လျှောက်တွင် အခြားသောမြေယာအအသုံးပြုမှုပုံစံများထက် ဖြစ်ပွားမှုနည်းပါသော်လည်းမြန်မာနိုင်ငံသည် ဒေသတွင်းစီးပွားရေးနှင့် ကမ္ဘာ့စီးပွားရေး

---

[6] မြေလွတ် မြေရိုင်းတောရိုင်းမြေဥပဒေ (၂၀၁၂ ခုနှစ်) အပိုဒ် ၂၂ အရမြေအသုံးပြုမှုခွင့်ပြုချက်ပါသတ်မှတ်ချက်များကိုလိုက်နာရန် ပျက်ကွက်ပါကတင်ထားသောစပေါ်ငွေများဆုံးရှုံးမည့်အပြင် မြေအသုံးပြုမှုအခွင့်အရေးကိုပယ်ဖျက်မည်ဖြစ်ပါသည်။

[7] မြေလွတ် မြေလပ်နှင့် မြေရိုင်းဥပဒေ (၂၀၁၂ ခုနှစ်) အပိုဒ် ၂၂ တွင် အကျဉ်းဖော်ပြခဲ့သောအခြေအနေများမှာ ၂၀၁၂ ခုနှစ်မတိုင်မီကဆောင်ရွက်ခဲ့သော မြေလွတ် မြေလပ်နှင့် မြေရိုင်း ဥပဒေများဆိုင်ရာ မည်သည့်စီမံချက်မဆိုအားလည်းနောက်ကြောင်းပြန်သက်ရောက်မှုရှိကြောင်းသတိပြုရန်ဖြစ်ပါသည်။

အတွင်းသို့ပေါင်းစည်းဝင်ရောက်လာပြီး အထူးစီပွားရေးဇုံများဆောင်ရွက်လာ သာနှင့်အမျှနောင်အခါတွင် ယင်းသို့သော စီချက်များ ဖွံ့ဖြိုးရေးလုပ်ဆောင်မှုတိုးပွားလာမည်ဖြစ်ပါသည်။

*တပ်မတော်မှတည်ဆောင်မှုများ*

စစ်ရေးရည်ရွယ်ချက်များအတွက် မြေယာသိမ်းဆည်းခြင်းမှာ သမိုင်းစဥ်တစ်လျှောက်တွင် မကြာခဏဖြစ်ပွားခဲ့ပါသည်။ ယင်းတည်ဆောက်မှုများမှာ ရည်ရွယ်အမျိုးမျိုးအတွက်တည်ဆောင်ခြင်းဖြင်ပါသည်။ ယင်းသို့သောတည်ဆောက်မှုများကြောင့် ကျေးလက်ဒေသများတွင်မကြာခဏမြေသိမ်းဆည်းမှုများဖြစ်ပွားပါ သည်။

*ကြီးမားသောအများပြည်သူအဆောက်အအုံစီမံချက်များ*

ယခင်ကဤသို့သောစီမံချက် အမျိုးအစားကြောင့်မြေယာပဋိပက္ခမှု အနည်းငယ်သာရှိခဲ့သော်လည်း နောင်အခါတွင် ယင်းသို့သော စီမံချက်များဖွံ့ဖြိုးရေးလုပ်ဆောင်မှုတိုးပွားလာဖွယ်ရာရှိပါသည်။လိုင်းများပိုက်လိုင်းများ ရေအားလျှပ်စစ်နှင့် အခြားဖွံ့ဖြိုးရေးစီမံချက်များကို စီမံကိန်းရေးဆွဲပြီးဖွံ့ဖြိုးရေးလုပ်ဆောင်နေပြီဖြစ်ပါသည်။ ထို့ကြောင့်ဤနယ်ပယ်တွင် မြေသိမ်းဆည်းမှုနှင့်ပတ်သက်သောပဋိပက္ခမှုများ ဖြစ်ပွားလာ ဖွယ်ရာရှိပါသည်။

မြို့များ*တိုးချဲ့ခြင်း*

နိုင်ငံ၏လူဦးရေးတိုးပွားလာသည်နှင့်အမျှ စက်မှုနှင့်ဝန်ဆောင်မှုစီပွားရေးများမှာအချိန်နှင့် အမျှဖွံ့ဖြိုးတိုးတက်လျှက်ရှိရာ မြို့ပြနှင့်မြို့ပြပတ်လည်ကြီးထွားမှုနှင့် တိုးချဲ့မှုနှင့်ဖွံ့ဖြိုးမှုများ တိုးပွားလာမည်မှာ ရှောင်လွှဲ၍မရနိုင်ပါ။ ဤသို့ဖြစ်ပါက မြေယာအသုံးပြုမှု အပြောင်းအလဲများ ဖြစ်ပေါ်လာပြီး ယခုအခါဧကအနည်းငယ်သာလုပ်ကိုင်သောလယ်သမားများက အသုံးပြုနေသော စိုက်ပျိုးမြေများဆုံးရှုံးမှုဖြစ်လာနိုင်ပါသည်။

လူပုဂ္ဂိုလ်တစ်ဦးချင်းက မြေဈေးကစားခြင်း

အထက်တွင်ဖော်ပြထားသောအခြားမြေဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်တစ်ချိန်တည်း နိုင်ငံတွင်းရှိလူပုဂ္ဂိုလ်များက မြေဈေးကစားခြင်းသည် တိုးပွားလာသောပြဿနာတစ်ရပ်ဖြစ်ပြီး စနစ်တကျစီမံခန့်ခွဲ၍ထိန်းချုပ်ခြင်းမရှိပါကပဋိပက္ခဖြစ်လာနိုင်ပါသည်။ မြေယာကိုဝယ်ယူခြင်း၊ရောင်းချခြင်း၊မှတ်ပုံတင်ခြင်းဆိုင်ရာရှင်းလင်းသောနည်းဥပဒေများ၊ မြေလွှဲပြောင်းခြင်းနှင့် ဈေးကစားခြင်းကိုအကောက်အခွန်ကောက်ရန်အတွက် အသုံးပြုသောအစီအမံများနှင့် ရပ်ရွာပြည်သူလူထုအသုံးပြုသော မြေများကို အသိအမှတ်ပြုခြင်းဆိုင်ရာ ရှင်လင်းသော နည်းဥပဒေများကို ဤပြဿနာကိုဖြေရှင်းရန်အတွက် ချမှတ်ထားရန် လိုအပ်မည် ဖြစ်ပါသည်။

## အခန်း ၄

## မြန်မာနိုင်ငံတွင်ကျေးလက်မြေယာစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများကိုခြုံငုံဖော်ပြခြင်း

မကြာသေးမီကပြဋ္ဌာန်းခဲ့သော လယ်ယာမြေဥပဒေမြေလွတ်မြေလတ်နှင့်မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေတို့အပြင် နိုင်ငံတွင်းရှိ ကျေးလက်ဒေသမြေယာစီမံခန့်ခွဲမှုအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသော အခြားဥပဒေအချို့ကိုလည်း မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားပါသည်။ ဤအပိုင်းတွင် အချို့သော သက်ဆိုင်အကျုံးဝင်မှုအရှိဆုံး ဥပဒေများနှင့် ဤဆန်းစစ်လေ့လာချက်တွင် ယင်းဥပဒေများ သက်ဆိုင်အကျုံးဝင်ပုံတို့ကိုအကျဉ်းခြုံငုံဖော်ပြမည်ဖြစ်ပါသည်။

လယ်ယာမြေဥပဒေကိုပြဋ္ဌာန်းခြင်းဖြင့်ယခင်တည်ရှိခဲ့သောဥပဒေ ၃ ရပ်ကိုပယ်ဖျက်လိုက်ကြောင်းသတိပြုရန်ဖြစ် ပါသည်။ ယခင်ကကျင့်သုံးခဲ့သောစနစ်မှာအနစ်သာရအားဖြင့် နိုင်ငံတော်ကမြေယာအခွင့်အရေးများအားလုံးကိုပိုင်ဆိုင် ပြီး လယ်သမားများအားလယ်လုပ်ခွင့်ချထားပေးခြင်းဖြစ်ပါသည်။ (လယ်လုပ်ခွင့်လုံခြုံမှုအားနည်းပါသည်။) သို့မဟုတ် မြေရှင်နှင့်သီးစားလယ်သမားများ မြေရှင်နှင့်သီးစာလယ်သမားအစီအမံများသတ်မှတ်ပြီး လယ်သမားများကနိုင်ငံတော် အစိုးရအားမြေငှားခပေးရပါသည်။ ယင်းဥပဒေများအရနိုင်ငံတော်အစိုးရသည် လယ်သမားများနှင့်လယ်ယာလုပ်သား များအနေဖြင့် ၎င်းတို့အားချထားပေးသောမြေပေါ်တွင် မည်သည့်သီးနှံများစိုက်ပျိုးခွင့်ရှိကြောင်းထိန်းချုပ်မှုများစွာပြုလုပ် နိုင်ပါသည်။ ယင်းဥပဒေအစီအမံများကိုအောက်တွင်အကျဉ်းဆွေးနွေးဖော်ပြထားပါသည်။

### မကြာသေးမီကပယ်ဖျက်လိုက်သောဥပဒေများ

ယင်းတို့တွင်အောက်ဖော်ပြပါဥပဒေများပါဝင်ပါသည်။(အသေး=စိတ်အချက်အလက်ပြည့်စုံမှုနောက်ဆက်တွဲ-၂ တွင်ဖော်ပြထား ပါသည်။)

နိုင်ငံခြားရင်းနှီးမြုပ်နှံမှုဥပဒေ(၁၉၈၈ခုနှစ်)တွင်မြန်မာနိုင်ငံ၌နိုင်ငံခြားရင်းနှီးမြုပ်နှံမှုမူဘောင်ကိုပြဋ္ဌာန်းထားပါသည်။မြေယာ ပါဝင်သော စီးပွားရေးစီမံချက်များသည် ရင်းနှီးမြုပ်နှံမှုအပါအဝင်ဖြစ်ပါသည်။

မြေယာပြည်သူပိုင်သိမ်းသောဥပဒေ (၁၉၀၀)လယ်ယာမြေပြည်သူပိုင်ပြုလုပ်ရေးအက်ဥပဒေ (၁၉၅၃ခုနှစ်) လယ်ယာမြေကို ပြည်သူပိုင်သိမ်းပိုက်ခြင်းအားဖြင့် မြေဧကအမြောက်အများပိုင်ဆိုင်သော မြေပိုင်ရှင်စနစ်ကို ပယ်ဖျက်ခြင်း ဖြစ်ပါသည်။ နိုင်ငံအတွင်း မြေယာဖြန့်ဝေမှုစနစ်တည်ထောင်ပါမည်။

သီးစားချထားမှုပယ်ဖျက်သောဥပဒေ (၁၉၆၃ခုနှစ်) ရေမြောင်းစနစ်များဖြင့်ဖြန့်ဝေခြင်းမပြုသောနိုင်ငံ အတွင်းရှိစိုက်ပျိုးမြေများ စီမံခန့်ခွဲရေးအတွက် မြေရှင်သီးစားစနစ်ကိုမြေရှင်နှင့်သီးစားစနစ်ကိုချမှတ်ခြင်းဖြစ်ပါသည်။

လယ်သမားများ၏အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဥပဒေ (၁၉၆၃ခုနှစ်) အပေါင်အဖြစ်ထားရှိ သောလယ်ယာမြေကိုကြွေးမြီရယူရာတွင် ငွေချေးရာတွင်အပေါင်အဖြစ်ထားရှိသောလယ်ယာမြေကို မြေရှင်များက သိမ်းယူရန် ကြိုးပမ်းခြင်းမှ လယ်သမားများအားအကာအကွယ်ပေးရန်ရည်ညွှန်းသောဥပဒေဖြစ်ပါ သည်။

### သက်ဆိုင်အကျုံးဝင်သောတည်ဆဲဥပဒေများ

*ထုံးတမ်းစဉ်လာမြေယာဥပဒေ*

ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးသူများမြေယာရရှိမှုမှာ မကြာခဏအလုပ်သဘောအဖွဲ့အစည်းစနစ်များသို့ ဓလေ့ထုံးတမ်းများ ပေါ်တွင်အခြေပြုပါသည်။၎င်းတို့ကိုစုပေါင်း၍ဓလေ့ထုံးတမ်းဥပဒေဟုခေါ်ဆိုပါသည်။ဓလေ့ထုံးတမ်းဥပဒေမှာရပ်ရွာပြည်သူလူထု ၏ဓလေ့ထုံးတမ်းများနှင့်အစဉ်အလာများမှပေါ်ပေါက်လာသောစာဖြင့်ရေးသားထားသည့်စည်းမျဉ်းများနှင့်စာဖြင့်ရေးသားထား

ခြင်းမရှိသောစည်းမျဉ်းများကိုဆိုပါသည်။ ယင်းဓလေ့ထုံးတမ်းများနှင့်အစဉ်အလာများကိုရပ်ရွာပြည်သူလူထုက သိရှိလိုက်နာ၍ အရေးယူဆောင်ရွက်မှုရှိပါသည်။ ဓလေ့ထုံးတမ်းနှင့်လယ်ယာမြေနှင့်ပတ်သက်သော မြေနှင့်ပတ်သက် သောဓလေ့ထုံးတမ်း ဥပဒေတွင် သာမာန်အားဖြင့်မြေလက်ဝယ်ထားရှိလုပ်ကိုင်ခွင့် မြေအသုံးပြုခွင့် ရောင်းချခွင့်နှင့်အမွေ ဆက်ခံခွင့်ဆိုင်ရာ ရပ်ရွာအတွင်းနေထိုင်သူများ၏အခွင့်အရေးများပါဝင်ပါသည်။ဓလေ့ထုံးတမ်းဥပဒေမှာ ရပ်ရွာတစ်ခုနှင့်တစ်ခုမတူညီဘဲ ပြဋ္ဌာန်းဥပဒေများသို့အသိအမှတ်ပြုပြီး တန်းတူအဆင့်အတန်းသတ်မှတ်ပေးရန်လိုအပ်ပါသည်။

မြေလယ်ယာမြေလုပ်ကိုင်သောစနစ်များမှာစုပေါင်းစနစ်ဖြစ်နိုင်ပါသည်။ ကျေးရွာ သို့မဟုတ် အိမ်ထောင်စု (ဆွေမျိုးစု)တစ်စုက နှစ်စဉ်လယ်ယာမြေဧရိယာအများအပြားကို ထွန်ယက်စိုက်ပျိုးရန်အတူလုပ်ကိုင်ကျခြင်းဖြစ်ပါသည် သို့မဟုတ် သစ်တောကို စုပေါင်း၍စီမံခန့်ခွဲခြင်းဖြစ်ပါသည်။လယ်လုပ်ခွင့်မှာမျိုးရိုးစဉ်ဆက်ပိုင်ဆိုင်မှုအပေါ်အခြေပြုနိုင်ပါသည်။ထိုအခါတွင်အိမ်ထောင်စု အားလုံးသည်သတ်မှတ်ထားသောလယ်ယာမြေများ သို့မဟုတ် သစ်တောနယ်မြေကိုလုပ်ကိုင်ရန် အခွင့်အရေး ရှိပါသည်။ တစ်နေ့တစ်ကြိမ်မည်သည့်လယ်ယာမြေများကိုထွန်ယက်စိုက်ပျိုးမည်ဖြစ်ကြောင်း မိမိတို့ဘာသာ ဆုံးဖြတ်ကြမည် ဖြစ်ပါသည်။ လယ်လုပ်ခွင့်စနစ်မှာ စုပေါင်းစနစ်နှင့်တစ်ဦးချင်းစနစ်တို့ ပေါင်းစပ်ထားခြင်းလည်းဖြစ်နိုင်ပါသည်။ ကုန်းမြင့်ဒေသများတွင် ထွန်ယက်စိုက်ပျိုးမှုစနစ်များအမျိုးမျိုးရှိခြင်းကြောင့် လယ်လုပ်ခွင့်စနစ်များသည်စိုက်ပျိုးမြေများနှင့် သာအကျုံးဝင်ခြင်း မဟုတ်ပါ။ ကျေးရွာတစ်ရွာသည်အလှည့်ကျစားကျက်စနစ်ကို စီစဉ်ထားရှိမည်၊ ရေဝေရေလဲဒေသသစ်တောများကို မခုတ်လှဲရန် ကာကွယ်စောင့်ရှောက်ခြင်း(သို့မဟုတ်) မှျစ်များကဲ့သို့သော တန်ဖိုးရှိသည့်ရာသီအလိုက်ထွက်ရှိသော အရင်းအမြစ်များကို စည်းမျဉ်း ထိန်းချုပ်ခြင်းများပြုလုပ်နိုင်ပါသည်။

အစဉ်အလာလယ်လုပ်ခွင့်စနစ်များအပါအဝင် ဓလေ့ထုံးထမ်းဥပဒေအပိုင်းကဏ္ဍများကိုပြဋ္ဌာန်းဥပဒေတွင်အတိ အလင်းဖော်ပြ ထားနိုင်ပါသည်။ ဗြိတိသျှနယ်ခြားဒေသများအုပ်ချုပ်မှုအောက်တွင် ယင်းအတိုင်းကျင့်သုံးခဲ့ပါသည်။ နယ်မြေဒေသတစ်ခုစီတွင် အကျုံးဝင်သောစည်းမျဉ်းများကိုအသေးစိတ်ဖော်ပြထားသော ဥပဒေများပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၆၀ တွင်ပြန်လည်ပုံနှိပ်ခဲ့သည်။ ချက်ခြင်းတောင်တန်းဒေသများလက်ဆွဲစာအုပ် (၁၈၉၅ခုနှစ်)တွင်အောက်ပါအတိုင်း ဖော်ပြထားပါသည်။ မြစ်ကြီးနားနှင့် ဗန်းမော်ခရိုင်များရှိ တောင်တန်းဒေသများတွင်အကြောင်းမဲ့သောဥပဒေတစ်မျိုးရှိပါသည်။ ဥပဒေတစ်မျိုးသည် ဖော်ပြထားသော လူမျိုးများတစ်ဦးချင်းနှင့်သက်ဆိုင်အကျုံးဝင်ပါသည်။ နောက် ဥပဒေတစ်မျိုးမှာမြန်မာနိုင်ငံအစိုးရအက်ဥပဒေ (၁၉၃၅ ခုနှစ်) ကပြဋ္ဌာန်းထားပြီး နယ်မြေဒေသပြင်ပသို့အကျုံးဝင်ပါ သည်။ ဤဥပမာကိုကြည့်ခြင်းအားဖြင့်ထုံးတမ်းအစဉ်အလာဥပဒေသည် သတ်မှတ်ထားသောပထဝီနယ်မြေဒေသတွင် သတ်မှတ်ထားသော တိုင်းရင်းသားလူမျိုးနှင့် အကျုံးဝင်သောပြဋ္ဌာန်းဥပဒေမှာ ယင်းနယ်မြေဒေသများတွင်ရှိသော ယင်း အုပ်စုများတွင်မပါဝင်သူများနှင့် အကျုံးဝင်ကြောင်းတွေ့ရှိနိုင်ပါသည်။

*အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)*

အခြေခံဥပဒေမှာ နိုင်ငံအတွင်းတွင်အပြင်းစားဥပဒေဖြစ်ပါသည်။ နိုင်ငံအတွင်း ရှိဥပဒေများ နည်းဥပဒေများ စည်းမျဉ်းများနှင့် မူဝါဒများသည်အခြေခံဥပဒေနှင့်ညီညွတ်ရပါသည်။ အခြေခံဥပဒေတွင် နိုင်ငံအတွင်းရှိ လယ်လုပ်ခွင့်လုံခြုံမှုပြဿနာများနှင့် စပ်လျဉ်းသော မကြာသေးမီကပေါ်ပေါက်ခဲ့သည့်စိုးရိမ်ပူပန်များနှင့် သက်ဆိုင်အကျုံးဝင်သော အထူးသက်ဆိုင်အကျုံးဝင်သော ပြဋ္ဌာန်းချက်အချို့ပါရှိပါသည်။ယင်းတို့တွင်အရေးအကြီးဆုံး မှာဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးခြင်းဖြစ်ပါသည်။ ဈေးကွက် စီးပွားရေးစနစ်တွင်ပုဂ္ဂိုလ်ကမြေပိုင်ဆိုင်ခွင့်နှင့် မြေပိုင်ဆိုင်မှုနှင့် ယင်းမြေပိုင်ဆိုင်မှုအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး တို့ကို ရှင်းလင်းစွာ သတ်မှတ်ဖော်ပြထားပါသည်။ (အပိုဒ်-၃၅၊၃၇၊၃၅၆၊၃၇၁)တို့တွင် နိုင်ငံသားများအနေဖြင့် မြေယာ အခွင့်အရေးများနှင့် စပ်လျဉ်း၍ချမှတ်သော ဆုံးဖြတ်ချက်များကို သီးခြားလွတ်လပ်သော တရားစီရင်ရေးကဏ္ဍသို့ အယူခံခွင့် ရှိစေရန်လည်း အဆိုပါဥပဒေအရအာမခံ ချက်ပေးသည်ဟုအဓိပ္ပာယ်ကောက်ယူနိုင်ပါသည်။(အပိုဒ်-၁၁နှင့်၁၉) နိုင်ငံတော် အစိုးရသည် နိုင်ငံသားများအခွင့် အရေးများကိုကာကွယ်စောင့်ရှောက်ရန် လိုအပ်သောဥပဒေများပြဋ္ဌာန်းရန် သတ်မှတ် ထားကြောင်းကိုလည်း သတိပြုရန်ဖြစ်ပါသည်။ (အပိုဒ်-၂၃) ထို့ကြောင့် လက်အောက်ခံဥပဒေများအနေဖြင့် မြေယာနှင့် စပ်လျဉ်း၍ အုပ်ချုပ်မှုပိုင်းမှချမှတ်သော ဆုံးဖြတ်ချက်များကြောင့် ထိခိုက်မှုရှိသူများသည်။ အုပ်ချုပ်မှုပိုင်းကုစားမှုများ မကျန်ရှိလာသောအခါတွင်ယင်းဆုံးဖြတ်ချက်များကို အယူခံဝင်ရန်အခွင့်အရေးရှိရမည်ဖြစ်ကြောင်း အတိအလင်း ဖော်ပြထားရန် ဖြစ်ပါသည်။

မြေယာလုပ်ပိုင်ခွင့်လုံခြုံမှုနှင့်စပ်လျဉ်း၍ အခြေခံဥပဒေအားနည်းချက်တစ်ရပ်မှာ နိုင်ငံတော်အစိုးရသည်နိုင်ငံအတွင်းရှိ မြေများအားလုံးကို နောက်ဆုံးပိုင်ဆိုင်သူဖြစ်သည်ဟု ပြဋ္ဌာန်းချက်ဖြစ်ပါသည်။ (အပိုဒ် ၃၇) ထို့ကြောင့် မြေယာအသုံးပြုမှု

အခွင့်အရေးများကိုသာပေးအပ်နိုင်မည်။ နိုင်ငံတော်အစိုးရတွင် ယင်းအခွင့်အရေးများပယ်ဖျက်ရန်လုပ် ကိုင်ခွင့်ရှိပါသည်။ မြေယာအသုံးပြုမှုပိုင်ဆိုင်ပစ္စည်းအခွင့်အရေးများကို မြေယာအသုံးပြုမှုပိုင်ဆိုင်ခွင့်များကို ထည့်သွင်းရန် နိုင်ငံတော်အစိုးရ၏ အခွင့်အရေးသည် လက်အောက်ခံဥပဒေမူဘောင်အတွင်းတွင် အများပြည်သူအကျိုးအတွက် ရှင်းလင်းသော အများပြည်သူ အကျိုးအတွက် မြေယာသိမ်းဆည်းခြင်းများသာလျှင် ကန့်သတ်၍ထားရှိရန်ဖြစ်ပါသည်။ အောက်ဖော်ပြပါ အကြံပြုချက်များ အပိုင်းတွင် ဤအယူအဆကိုပိုမို၍အသေးစိတ်ဆွေးနွေးမည်ဖြစ်ပါသည်။

နောက်ဆက်တွဲ လယ်လုပ်ခွင့်ဝန်ဆောင်မှုကိစ္စရပ်များဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူများအနေဖြင့်အခြေခံ ဥပဒေသည် သမ္မတနိုင်ငံထူထောင်ခြင်းဖြစ်ကြောင်းနှင့်သမ္မတနိုင်ငံတွင် ပြည်နယ်များတိုင်းဒေသကြီးများ ခရိုင်များနှင့် ဆောင်ယူနယ်မြေများ အားလုံးကို ဥပဒေပြုခွင့်ကဏ္ဍအလိုက်ပေးအပ်ထားကြောင်း နားလည်သဘောပေါက်ရန်ဖြစ်ပါ သည်။ (အပိုဒ် ၁၈၈ နှင့် ၁၉၆) (မှတ်စု-၂၁)နိုင်ငံတော်အစိုးရအဖွဲ့အစည်းများသည် ပြည်ထောင်စုအစိုးရမှ ပြဋ္ဌာန်းထားသောနည်းဥပဒေများနှင့် စည်းမျဉ်း များနှင့် တိုက်ရိုက်ဆန့်ကျင်ခြင်းမရှိသ၍ နောက်ထပ်လယ်လုပ်ခွင့်လုံခြုံမှုဆိုင်ရာ နောက်ထပ်ကာကွယ် စောင့်ရှောက်မှုများ ဖြည့်စွက်သောဥပဒေများကိုပြဋ္ဌာန်းနိုင်ပါသည်။ ယင်းနောက်ထပ်ကာကွယ် စောင့်ရှောက်မှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ နောက်ဆက်တွဲ ၂ နှင့် ၃ တို့တွင်ဖော်ပြထားသောချမှတ်ထားသော ကန့်သတ်ချက်များတွင်ရှိစေရပါမည်။

*နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၂ ခုနှစ်)*

ဤဥပဒေတွင်မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် မူဘောင်ကိုပြဋ္ဌာန်းထားပါသည်။ ယင်းမူဘောင်တွင် မြေယာ ပါဝင်သောစီးပွားရေးစီမံချက်များ၌ ရင်းနှီးမြှုပ်နှံခြင်းပါဝင်ပါသည်။ လက်ရှိဥပဒေမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံခြားငွေရင်းငွေနှီး ၁၀၀ ရာခိုင်နှုန်းအထိ ခွင့်ပြုထားပြီးအချို့ ဖြစ်ရပ်များတွင်ကန့်သတ်ချက်များထားရှိပါသည်။ (အပိုဒ် ၉) စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုများကို ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများအကြား ဖက်စပ် အစီအမံများဖြင့် နှစ်ဘက်သဘောတူကန်ထရိုက် စာချုပ်ချုပ်ဆိုပြီးယင်းရင်းနှီးမြှုပ်နှံမှုများအတွက် မြေယာဝင်အသုံးပြု နိုင်ကြောင်း ဥပဒေတွင်ဖော်ပြထားပါသည်။ (အပိုဒ်-၃၅) နယ်မြေခံစီမံရေးလုပ်ငန်းတစ်ခုနှင့် ဖက်စပ်လုပ်ငန်း တည်ထောင်မည်ဆိုပါက ဖက်စပ်လုပ်ကိုင်မည့်လုပ်ငန်းတစ်ခုတို့သည် ရင်းနှီးမြှုပ်နှံမည်ပြည်ပငွေရင်းငွေနှီးနှင့် ပြည်တွင်းငွေရင်း ငွေနှီးအချိုးအစားကို သဘောတူညီကြရန်ဖြစ်ပါသည်။ ပြင်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် နိုင်ငံတော်အစိုးရထံမှာ သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသော ပုဂ္ဂလိကမြေပိုင်ရှင်များထံမှ မြေကိုကမ်းလှမ်းရာတွင်ငှားရမ်းသည့်ကာလကိုနှစ်(၅၀) အထိဥပဒေတွင် သတ်မှတ်ပေးထားပါသည်။ ရင်းနှီးမြှုပ်နှံမှုအမျိုး အစားနှင့်ပမာဏပေါ်တွင်မူတည်ပါသည်။ သဘောတူညီချက်ကိုတစ်ကြိမ်လျှင် (၁၀)နှစ်ဖြင့်နှစ်ကြိမ်သက်တမ်းတိုးနိုင်ပါသည်။ (အပိုဒ်-၃၁နှင့်၃၂) ဆက်လက်၍ရင်းနှီးမြှုပ်နှံမှုနည်းပါးသည်ဟု သတ်မှတ် ထားသော နိုင်ငံ၏နယ်မြေ ဒေသများတွင်စံသတ်မှတ်ထားသောနှစ် (၅၀) ကာလနှင့်ကျော်လွန်၍ ရင်းနှီးမြှုပ်နှံမှုအတွက် မြေငှားရမ်းခြင်းများကို ခွင့်ပြုနိုင်ကြောင်း ဥပဒေတွင် ဖော်ပြထားပါသည်။

*သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂ခုနှစ်)*

ဤဥပဒေ မှာသဘာဝပတ်ဝန်းကျင်တွင်ညစ်ညမ်းမှုများကိုထိန်းချုပ်ခြင်းနှင့်အဓိကခေါ်ဆောင်ပါသည်။ အလုပ်ခွင်လုံခြုံမှုကိစ္စရပ် များကို တိုက်ရိုက်ဖော်ပြခြင်းမရှိပါ။ ဤဥပဒေတွင်မြေကိုရေရှည်တည်တံ့သော နည်းလမ်းဖြင့်အသုံးပြုပြီး ညစ်ညမ်းခြင်း ယိုယွင်းပျက်စီးခြင်း တို့မှကာကွယ်စောင့်ရှောက်ရမည့် သဘာဝအရင်းအမြစ်တစ်ရပ်အဖြစ်ရှုမြင်ပါသည်။ နည်းဥပဒေတွင် မြန်မာနိုင်ငံအတွင်း၌ ESIA အစီအမံတစ်ရပ်ရေးဆွဲရေးဆော်ဩထားပါသည်။ ယင်းသို့ရေးဆွဲခြင်းဖြင့်နိုင်ငံအတွင်း အဆိုပြုလွှာတွင် ဖွံ့ဖြိုးရေးစီမံချက်များကြောင့်လယ်လုပ်ခွင့်လုံခြုံမှုဆုံးရှုံးခြင်းဆိုင်ရာ ထိခိုက်သောသဘာဝပတ်ဝန်းကျင် သို့မဟုတ် လူမှုရေးသက်ရောက်မှုများဖြစ်လာနိုင်သည့်အလားအလာကို နည်းပါးသက်သာစေရန်အထောက်အကူပြုနိုင် ပါသည်။ (အပိုဒ် ၇)

***Protection of Wildlife and Conservation of Natural Areas Law (1994)***
*တောရိုင်းတိရစ္ဆာန်ကာကွယ်ရေးနှင့်သဘာဝနယ်မြေများကာကွယ်စောင့်ရှောက်ရေးဥပဒေ (၁၉၉၄ ခုနှစ်)*

ဤဥပဒေမှာတောရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့၏ကျက်စားရာနယ်မြေဒေသများကိုကာကွယ်စောင့်ရှောက်ခြင်းနှင့် ထိန်းသိမ်း စောင့်ရှောက်ခြင်းနှင့်အဓိကသက်ဆိုင်ပါသည်။ CITES နှင့်ဇီဝမျိုးစုံလင်မှုဆိုင်ရာ ကွန်ဗင်ရှင်းကဲ့သို့သော သက်ဆိုင် အကျုံးဝင်

သည့် နိုင်ငံတကာစာချုပ်များကိုလိုက်နာရေးနှင့်အဓိကသက်ဆိုင်ပါသည်။ ဤဥပဒေသည်ကာကွယ် စောင့်ရှောက်ထားသော သဘာဝနယ်မြေဒေသများအတွက် အခြေခံမြေအမျိုးအစားသတ်မှတ်သည့်စနစ်ပြဋ္ဌာန်းပေးခြင်းကြောင့် အရေးပါသော ဥပဒေဖြစ်ပါသည်။ (အပိုဒ် ၇) ကာကွယ်စောင့်ရှောက်ထားသောအများပြည်သူပိုင်သစ်တောမြေ အမျိုးအစားတွင်ကျရောက်သော သဘာဝနယ်မြေဒေသများမှာသစ်တောဥပဒေတွင် (၁၉၉၂ ခုနှစ်)တွေ့ရှိနိုင်ပါသည်။

ဤဥပဒေတွင်မြေကိုသဘာဝနယ်မြေအဖြစ်သတ်မှတ်သော အစီအမံတစ်ရပ်ပြဋ္ဌာန်းထားပါသည်။ သက်ဆိုင်အကျုံးဝင်သော မြေယာဝယ်ယူရေးဥပဒေများအရ မြေယာကိုပိုင်ဆိုင်ခွင့်လက်ရှိအခွင့်အရေးများရှိနေသော လူပုဂ္ဂိုလ်များ သို့မဟုတ် စီးပွားရေးလုပ်ငန်းများကို လျော်ကြေးပေးရန်အတွက်လည်း အစီအမံတစ်ရပ်ပြဋ္ဌာန်းပေးထားပါသည်။(အပိုဒ်-၈) သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ်အား သဘာဝနယ်မြေဒေသ တည်ထောင်မည့်နေရာဒေသရှိ လူပုဂ္ဂိုလ်များထိခိုက်မှု အခြေအနေဂုင်းတို့၏ကိုယ်ရေးများနှင့်စပ်လျဉ်း၍ကြောင်းကျိုးစီလျော်သော အခွင့်အရေးများနှင့် ခံစားခွင့်များတွေ့ရ၍ ခွင့်ပြုထားပါသည်။ (အပိုဒ်-၁၁)သဘာဝနယ်မြေဒေသအတွင်းတွင် ဂေဟစနစ်များ အပျက်အစီးဖြစ်စေသူမည်သူမဆိုအားလည်း ပြစ်ဒဏ်ချမှတ်ရန်ပြဋ္ဌာန်းချက်များပါဝင်ပါသည်။ (အပိုဒ် ၃၆)

*သစ်တောဥပဒေ (၁၉၉၂ ခုနှစ်)*

သစ်တောဥပဒေတွင် နိုင်ငံအတွင်းရှိ သစ်တောအရင်းအမြစ်များအားလုံး ပါဝင်ပါသည်။ ကာကွယ်စောင့်ရှောက်ထားသော သစ်တောအရင်းအမြစ် အပါအဝင်ဖြစ်ပါသည်။ (ကာကွယ်စောင့်ရှောက်ထားသောသစ်တောမြေတွင် ကာကွယ်စောင့်ရှောက်ထားသော အများပြည်သူပိုင်သစ်တောမြေ) အများသူပိုင်သစ်တောမြေများတွင်ရှိသော သစ်တောအရင်းအမြစ်များကို မြေလွတ်မြေရိုင်းစီမံခန့်ခွဲမှုဥပဒေ(၂၀၁၂ခုနှစ်)အရ သက်ဆိုင်အကျုံးဝင်သောအများ ပြည်သူပိုင်သစ်တောမြေများတွင် တည်ရှိသည့် သစ်တောအရင်းအမြစ်များလည်း ပါဝင်ပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သစ်တောဝန်ကြီးဌာနဝန်ကြီးသည် သစ်တောမြေအဖြစ်ကြိုးပမ်းသစ်တောကြိုးဝိုင်းမြေမည် သည့်နယ်မြေဒေသကိုမဆို အမျိုးအစားပြောင်းလဲသတ်မှတ်နိုင်ကြောင်းဥပဒေတွင်ဖော်ပြထားသော်လည်းမည်ကဲ့သို့ပြောင်းလဲသတ်မှတ်နိုင်ကြောင်းရှင်းလင်းသည့်လုပ်ထုံးလုပ်နည်း သို့မဟုတ် သက်ဆိုင်အကျုံးဝင်သည့်စံချိန်စံနှုန်းများမပါရှိပါ။ (အပိုဒ်-၈) သစ်တောကြိုးဝိုင်းမြေကို အခြားစိုက်ပျိုးမြေလယ်ဇကအနည်းငယ်သာ လုပ်ကိုင်သောလယ်သမားများအတွက် သတ်မှတ်ပေးထားသည့် စိုက်ပျိုးမြေကဲ့သို့သော အခြားရည်ရွယ်ချက်တစ်ရပ်အတွက် အသုံးပြုနိုင်ရန် အတန်းအစားသတ် မှတ်မှုပယ်ဖျက်နိုင်မည့်အစီအမံများလည်း တည်ဆဲဥပဒေတွင်မရှိဟုယူဆရပါသည်။(၁၉၉၂-ခုနှစ်)သစ်တောဥပဒေအရ တည်ရှိသော သစ်တောကြိုးပမ်းရေးနယ်မြေ အားလုံးကို သစ်တောကြိုးဝိုင်းမြေများအဖြစ်ဆက်လက်တည်ရှိနေရမည်ဟု ရှင်းလင်းစွာဥပဒေတွင်ဖော်ပြထားပါသည် (အပိုဒ် ၅၆)။

သစ်တောဥပဒေအရသစ်တောမြေများအသုံးပြုခွင့်အခွင့်အရေးအမျိုးမျိုးကိုခွင့်ပြုနိုင်ပါသည်။ ဥပမာ ကျေးရွာ ထင်းစိုက်ခင်း သို့မဟုတ် နယ်မြေဒေသအတွင်းစားသုံးရန်စိုက်ခင်းများဖြစ်ပါသည်။ သို့ရာတွင်ဤသို့ခွင့်ပြုချက်ပေးရန် လုပ်ထုံးလုပ်နည်းကို လက်ရှိဥပဒေတွင်ရှင်းလင်းစွာမတွေ့ရှိရပါ။ (အခမ်းအနား) သစ်တောကြိုးဝိုင်းမြေပေါ်သို့ကျူးကျော် သူ သို့မဟုတ် ကျူးကျော်ဝင်ရောက်သူ သို့မဟုတ် ချင်းတွင်းဝင်ရောက်သူများကိုတွေ့ရှိရပါကပြစ်ဒဏ်ပေးနိုင်သည့် ပြဋ္ဌာန်းချက်များလည်း ရှိပါသည်။ (အပိုဒ် ၄၀)

လက်ရှိသစ်တောဥပဒေသည် (၂၀၁၂ ခုနှစ်နောက်ပိုင်းသို့မဟုတ်) (၂၀၁၃ ခုနှစ်အစောပိုင်းတွင်) ဥပဒေသစ်နှင့် အစားထိုးဖွယ်ရာရှိပါသည်။ဥပဒေသစ်တွင်ရပ်ရွာပြည်သူလူထုသစ်တောများကိုအသိအမှတ်ပြုရန်အတွက်သီးခြားပြဋ္ဌာန်းချက်များ ပါရှိမည်ဟု မျှော်မှန်းရပါသည်။

*စိုက်ပျိုးမြေမြေလွတ်နှင့်မြေရိုင်းစီမံခန့်ခွဲမှုဗဟိုကော်မတီ၏ အခွင့်အရေးများနှင့်တာဝန်နှင့်အခွင့်အရေးများ (၁၉၉၁ ခုနှစ်)*

ဤညွှန်ကြားချက်မှာအဓိကအားဖြင့် အကြီးစားစိုက်ပျိုးရေး အကြီးစားစီးပွားဖြစ်စိုက်ပျိုးရေး လုပ်ငန်းများကို မြှင့်တင်ရန်ဖြစ်ပါသည်။ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ သမဝါယမအဖွဲ့အစည်းများ ဖက်စပ် လုပ်ငန်းများ ပုဂ္ဂလိက တစ်ဦးချင်းက တည်ထောင်ထားသောလုပ်ငန်းကြီးများအပါအဝင်ဖြစ်ပါသည်။ဤညွှန်ကြားချက်မှာတိုတောင်းမည်။

ယင်းလုပ်ငန်းကြီးများအနေဖြင့်ချေးငွေများရယူရန် နည်းပညာနှင့်အရည်အသွေးမြင့်မားသောမျိုးစေ့များရယူရန် နိုင်ငံကပံ့ပိုးမှုပေးမိကြောင်းအသေးစိတ်ဖော်ပြထားပါသည်။ (အပိုဒ် ၂) မြေယာအသုံးပြုခွင့်များဆိုင်ရာ ကန့်သတ်ချက်များကိုဧက ၅၀၀၀ အထိနှင့် လွဲအပ်သည့်အချိန်ကာလကိုနှစ်သုံးဆယ်အထိကန့်သတ်ထားကြောင်း ဖော်ပြထားပါသည်။ (အပိုဒ် ၃)

ထုံးတမ်းအစဉ်အလာလယ်လုပ်ခွင့်အစီအစဉ်များကိုဖော်ပြထားခြင်းမရှိပဲ အခြားဥပဒေ များတွင်အသေးစိတ်ဖော်ပြထားသည့် လယ်လုပ်ခွင့်အခွင့်အရေးများသည် ဤညွှန်ကြားချက်နှင့်မည်ကဲ့သို့စပ်ဆက်၍ ဖြစ်ကြောင်းကိုလည်းရှင်းလင်းခြင်းမရှိပါ။ ဤညွှန်ကြားချက်တွင်မြေခွင့်ပြုသည့် အများဆုံးပမာဏများ အများဆုံးအရွယ်အစားများဆိုင်ရာ ပြဌာန်းချက်များမှာ မြေလွတ်မြေလတ်နှင့်မြေရိုင်းဥပဒေ (၂၀၁၂-ခုနှစ်)တွင်ပါဝင်သည့် ပြဌာန်းချက်များ နှင့်ညီညွတ်ခြင်းမရှိပါ။ မြေလွတ်မြေရိုင်းဥပဒေ (၂၀၁၁ ခုနှစ်)အထိပိုမို၍ပြည့်စုံမည့်ဤညွှန်ကြားချက်ကို တရားဝင် ပယ်ဖျက်ခြင်း ရှိ မရှိရှင်းလင်းပါ။

*မြေယာသိမ်းယူခြင်းအက်ဥပဒေ (၁၈၉၄ ခုနှစ်)*

ဤဥပဒေတွင်အများပြည်သူကိစ္စရပ်အတွက် မြေကိုသိမ်းယူသောအခါတွင် လျော်ကြေးပေးရန် အခြေခံကိုပြဌာန်းထားပါသည်။ ဤဥပဒေပါလုပ်ထုံးလုပ်နည်းများနှင့် ပြဌာန်းချက်များမှာခေတ်မမှီတော့ပဲ နိုင်ငံအတွင်းရှိ လက်ရှိအုပ်ချုပ်မှုမူဘောင်များနှင့် ကောင်းစွာမကိုက်ညီပါ။နည်းဥပဒေအရမြေကို နိုင်ငံတော်ကအများပြည်သူကိစ္စရပ်အတွက်သာလျှင်မကပဲ စီးပွားရေး ရည်ရွယ်ချက်အတွက်လည်းသိမ်းယူခြင်းကို ခွင့်ပြုထားပါသည်။သို့ဖြင့်လက်ရှိအခြေခံဥပဒေအရ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်မှုများ ဖြစ်ပေါ်လာပါသည်။ဤအစီရင်ခံစာ နောက်ပိုင်းတွင်အသေးစိတ်ဆွေးနွေးဖော်ပြထားသည့်အတိုင်း အများပြည်သူရည်ရွယ်ချက် အတွက် မြေကိုသိမ်းယူခြင်းနှင့် စပ်လျဉ်းသည့်ပြဌာန်းချက်များနှင့်လုပ်ထုံးလုပ်နည်းများကို ပြည့်စုံစွာ မြေယာဥပဒေအတွင်းသို့ ပေါင်းစည်းထည့်သွင်းပြီး ဤဥပဒေကိုဖျက်သိမ်းသင့်ပါသည်။

## အခန်း ၅

## လယ်ယာမြေဥပဒေ (၂၀၁၂ ခုနှစ်) ကို ဆန်းစစ်လေ့လာခြင်း

လယ်ယာမြေဥပဒေသည်လယ်ယာမြေအသုံးပြုမှုအသိအမှတ်ပြုလက်မှတ်နှင့်မှတ်ပုံတင်သည့်စနစ်ဖြင့် ကျေးလက်လယ်လုပ်ခွင့်စနစ်တစ်ရပ်ချမှတ်ရန်ကြိုးပမ်းဆောင်ရွက်ပါသည်။ဤစနစ်ကိုပြုလုပ်ရာတွင်နိုင်ငံတော်အစိုးရဥပဒေပြုကဏ္ဍသည် ပုဂ္ဂလိကမြေယာအသုံးပြုခွင့် အခွင့်အရေးကိုသတ်မှတ်ပေးပါသည်။ မြေပိုင်ခွင့်အခွင့်အရေးတွင်ရောင်းချခွင့် လဲလှယ်ခွင့် ချေးငွေရယူခွင့် (မြေပေါင်၍ ငွေချေးခွင့်) အမွေဆက်ခံခွင့်နှင့်ငှားရမ်းခွင့်များပါဝင်ပါသည်။

ဥပဒေအရ လယ်လုပ်ခွင့်အသိအမှတ်ပြုလက်မှတ်များကို အသစ်ဖွဲ့စည်းသောလယ်ယာမြေအုပ်ချုပ်မှုအဖွဲ့ FAB မှလယ်သမားများထံထုတ်ပေးပြီး ပေးအပ်ထားသောအခွင့်အရေးများကိုအသိအမှတ်ပြုပါသည်။ ကျေးရွာနှင့်မြေစာရင်းဦးစီးဌာနကမှတ်တမ်းတင်ထားရှိပါသည်။ သတ်မှတ်ထားသောအခကြေးငွေများပေးချေရပါမည်။ လယ်သမားတစ်ဦး အနေဖြင့် WCရရှိရန်လျှောက်ထားပြီးမိမိအခွင့်အရေးများကိုကောင်းမွန်စေပြီး LUC ထုတ်ပေးရသည့်အခကြေးငွေများကို ပေးချေလျက် လုပ်ငန်းစဉ်ကို လယ်ယာမြေဥပဒေတွင်ရှင်းလင်းစွာဖော်ပြထားခြင်းမရှိပါ။ နိုင်ငံတော်အစိုးရဥပဒေပြု ကဏ္ဍအနေဖြင့် လုပ်ငန်းစဉ်တွင်ပါဝင်မည့်အစိုးရအဖွဲ့အစည်းများကို သဘောသဘာဝမျှသာဖော်ပြထားပြီးအကောင် အထည်ဖော်ရန် အသေးစိတ်အချက်များနှင့် လုပ်ထုံးလုပ်နည်းများကို အုပ်ချုပ်ရေးကဏ္ဍမှ သတ်မှတ်ဆောင်ရွက်ရန် ထားရှိပါသည်။ မြေယာအသုံးပြုမှုအခွင့်အရေးအပြောင်းအလဲဖြစ်ပွားပါက ဥပမာ ပေါင်နှံ၍ချေးငွေရယူခြင်း လွှဲပြောင်းခြင်း အမွေဆက်ခံခြင်းများကရှိပါက စနစ်တကျမှတ်တမ်းတင်ရမည်ဟုလယ်ယာမြေဥပဒေတွင်ဖော်ပြထားပါသည်။

လယ်ယာမြေဥပဒေ (အပိုဒ် ၃၄)သည် မြေလွတ်မြေရပ်မြေလပ်မြေရိုင်းဥပဒေနှင့်ချိတ်ဆက်မှုမရှိဟုထင်မြင် ယူဆရပါသည်။ FAP က မြေလွတ်မြေလပ်မြေရိုင်းများမှာတည်ငြိမ်မှုအသုံးပြုမှု မြေယာအသုံးပြုမှုတည်ငြိမ်သည်ဟု သတ်မှတ်ဆုံးဖြတ်ပါက မြေလွတ်မြေလပ်မြေရိုင်းများကိုလယ်ယာမြေအဖြစ်အမျိုးအစားပြောင်းလဲသတ်မှတ်ပေးရန်ခွင့်ပြုထားပါသည်။ မြေလွတ်မြေလပ်မြေရိုင်းများဥပဒေတွင် လယ်သမားများ၏ လက်ရှိမြေယာအသုံးပြုမှုကိုအသိအမှတ်ပြု အလေးဂရုပြုရန်ပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။ယခင်ကနိုင်ငံတော်အစိုးရသည် ယင်းတို့ကိုတရားဝင် အသိအမှတ်ပြုခြင်းမရှိပါ။(မှတ်စု-၂၂) ထို့အပြင် မြေလွပ်မြေလတ်မြေရိုင်းများဥပဒေသည် လက်ရှိအသုံးပြုနေခြင်းမရှိသောမြေလွတ် မြေလပ်မြေရိုင်းတို့ကိုအသုံးပြုရန်အတွက် CCVFV ထံမှခွင့်ပြုမိန့်ရယူရန်နယ်မြေခံလယ်သမားများကလျှောက်ထားမှု ကိုခွင့်ပြုပါသည်။ ထိုအခါတွင်လယ်ယာမြေဥပဒေအရ လယ်ယာမြေအဖြစ်အမျိုးအစားပြန်လည်၍သတ်မှတ်နိုင်ပါသည်။ (မှတ်စု ၂၃) [8]

ဥပဒေအရပြဋ္ဌာန်းထားသောလယ်လုပ်ခွင့်လုံခြုံမှုမှာအားနည်းပါသည်။နိုင်ငံတော်အစိုးရမြေအားလုံး၏ နောက်ဆုံးပိုင်ဆိုင်မှုကို ထိန်းသိမ်းထားမည်။လယ်မြေအသုံးပြုမှုသတ်မှတ်ချက်များနှင့်မကိုက်ညီပါက လယ်လုပ်ခွင့်အခွင့်အရေးများကို ပယ်ဖျက်နိုင်ခြင်းကြောင့်ဖြစ်ပါသည်။ လယ်သမားတစ်ဦးသည်လယ်လုပ်ခွင့်သတ်မှတ်ချက်များကိုချိုးဖောက်ပါက ဥပမာ မြေမှာမြေလပ်အဖြစ်ဆက်လက်၍ရှိနေရခြင်းအကြောင်းများကို FAP သို့အကြောင်းကြားမပြုပါက သို့မဟုတ် ခွင့်ပြုချက်မရဘဲ အဆောက်အဦများ တည်ဆောက်ပါက FAP သည်ဒဏ်ကြေးကောက်ခံခြင်း လယ်လုပ်ခွင့်အခွင့်အရေး များပယ်ဖျက်ခြင်း သို့မဟုတ် တည်ဆောက်ထားသော အဆောက်အအုံများကို အင်အားသုံးဖယ်ရှားခြင်းများပြုလုပ်ခွင့် ရှိပါသည်။

လယ်ယာမြေခွဲဝေသတ်မှတ်ခြင်းနှင့်အသုံးပြုခြင်းဆိုင်ရာအငြင်းပွားမှုများကို FAP များကကြားနာပြီးဖြေရှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ FAB များ၏ ဆုံးဖြတ်ချက်များကိုအထက်အဆင့် FAP အဖွဲ့အစည်းသို့အယူခံဝင်နိုင်ပါ သည်။ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့်အထိ အယူခံဝင်နိုင်ပါသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့် FAP များကမြေယာအငြင်းပွားမှုများနှင့်စပ်လျဉ်း၍ ချမှတ်သောဆုံးဖြတ်ချက်များမှာအပြီးသတ်ဆုံးဖြတ်ချက်များ ဖြစ်ပါသည်။ မြေယာအသုံးပြုမှုအခွင့်အရေးများ အမွေဆက်ခံခြင်းဆိုင်ရာအငြင်းပွားမှုများကို တရားရုံးတွင်ကြားနာ စစ်ဆေးနိုင်သော်လည်း လယ်ယာမြေခွဲဝေသတ်မှတ်ပေးမှု သို့မဟုတ် အသုံးပြုမှုနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုများကို နိုင်ငံတော်အစိုးရတရားစီရင်ရေးဌာနမှကြားနာစစ်ဆေးခြင်းကိုခွင့်ပြုသည်။ အစီအမံများလယ်ယာမြေဥပဒေတွင်မပါရှိပါ။

---

[8] Article 10(a)(4), VFV Law (2012)

FAB ၏ဆုံးဖြတ်ချက်ကိုတရားရုံးတွင်အယူခံဝင်ခွင့်မရှိခြင်းမှာ အခြေခံဥပဒေနှင့်မညီညွတ်ဟုယူဆနိုင်ပါသည်။ လက်ရှိအခြေခံဥပဒေသည်ဥပဒေပြုရေး အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးကဏ္ဍ ၃ ရပ်အကြားလုပ်ပိုင်ခွင့်အာဏာများ ရှင်းလင်းစွာခွဲခြားထားခြင်းကြောင့်ဖြစ်ပါသည်။ လယ်ဧကအနည်းငယ်သာလုပ်ကိုင်သောလယ်သမားများ၏အခွင့်အရေး များ ၎င်းတို့၏သီးခြားလွတ်လပ်စွာအယူခံဝင်သည့် လုပ်ငန်းစဉ်ရှိရေးအခွင့်အရေးအပါအဝင်ကို ငြင်းပယ်သည်ဟုလည်း အဓိပ္ပာယ်သက်ရောက်ပါသည်။ ယခင်ကရှိခဲ့သောမြေယာကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ပုံအတိတ်ဖြစ်စဉ်ကိုပြန် လည်၍ကြည့်ရှုပါက ဖြစ်ရပ်အနည်းငယ်အားဖြင့်သာ လယ်ဧကအနည်းငယ်သာလုပ်ကိုင်သော လယ်သမားများ၏ အကျိုးစီးပွားများနှင့် အခွင့်အရေးများကို အသိအမှတ်ပြုရေးအစီအမံတစ်ရပ်အဖြစ်ဆောင်ရွက်ကြောင်းတွေ့ရှိရပါသည်။ FAB အသစ်များအနေဖြင့်ဤအခန်းကဏ္ဍကိုအပြည့်အဝဆောင်ရွက်ရန်အရေးကြီးပါသည်။

နိုင်ငံတော်အစိုးရက အခြားရည်ရွယ်ချက်တစ်ရပ်အတွက် မြေယာအသုံးပြုခွင့်အခွင့်အရေးများကိုရုတ်သိမ်းပါက လျော်ကြေးပေးရမည်ဟု ဥပဒေတွင်အသိအမှတ်ပြုထားပါသည်။ မြေယာသိမ်းဆည်းခြင်းအက်ဥပဒေ (၁၈၉၄ ခုနှစ်) နှင့် လက်အောက်ခံအကောင်အထည်ဖော်သော နည်းဥပဒေများနှင့် ဥပဒေအဟောင်းရှိစည်းမျဉ်းများမှာ နိုင်ငံတော်အစိုးရက မြေသိမ်းခြင်း သို့မဟုတ် မြေရယူခြင်း မြေယာအခွင့်အရေးများရယူခြင်း သို့မဟုတ် မြေသိမ်းဆည်းခြင်းနှင့်လျော်ကြေး သတ်မှတ်ဆုံးဖြတ်ခြင်းလုပ်ငန်းစဉ်များဆိုင်ရာကိစ္စရပ်များကို အဆုံးစွန်တွင် ထိန်းချုပ်ထားကြောင်းနားလည်သဘောပေါက်ရန် ဖြစ်ပါသည်။ လယ်ယာမြေဥပဒေသည်မြေယာသိမ်းဆည်းမှုအက်ဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်ကိုမှထည့်သွင်း အသုံးပြုခြင်း သို့မဟုတ် အစားထိုးခြင်းမရှိဟုထင်မြင်ယူဆရပါသည်။ (မှတ်စု ၂၄) .[9]

<u>လယ်ယာမြေဥပဒေအကောင်အထည်ဖော်ခြင်း တိုးတက်ကောင်းမွန်စေနိုင်ပုံ</u>

ပြည့်စုံသောမြေယာဥပဒေတစ်ရပ်ကိုလယ်ယာမြေဥပဒေတွင်ပါရှိသော ပုဂ္ဂလိကမြေပိုင်ခွင့်အခွင့်အရေးများဆိုင်ရာအယူအဆများ ပေါင်းစည်းထည့်သွင်းလျှက် ရေးဆွဲပြဋ္ဌာန်းခြင်းဖြင့် မြန်မာနိုင်ငံတွင်မြေယာစီမံခန့်ခွဲမှုဆိုင်ရာဥပဒေမူဘောင် သဟဇာတ ညီညွတ်စေရေးနောက်ဆုံးဖြေရှင်းချက်ရရှိနိုင်မည်ဖြစ်ပါသည်။အပြီးသတ်ဖြေရှင်းချက်ရရှိနိုင်မည်ဖြစ်ပါသည်။ သို့ရာတွင်တည်ဆဲ လယ်ယာမြေဥပဒေကိုအကောင်အထည်ဖော်မှုတိုးတက်ကောင်းမွန်စေရန်အတွက် လက်ငင်းလုပ်ငန်းများဆောင်ရွက်နိုင် မည် ဖြစ်ပါသည်။လယ်ယာမြေဥပဒေအရနည်းဥပဒေများနှင့်စည်းမျဉ်းများကို အကောင်အထည်ဖော်ခြင်းအားဂရုတစိုက် စမ်းစစ် လေ့လာ၍ နားလည်သဘောပေါက်ရန် အရေးကြီးပါသည်။ ဥပဒေပြုမှုကဏ္ဍမှာနိုင်ငံတော်အစိုးရအုပ်ချုပ်မှုကဏ္ဍ သို့ ဥပဒေကို အကောင်အထည်ဖော်မှုအသေးစိတ်အချက်များအား နိုင်ငံတော်အစိုးရအုပ်ချုပ်မှုကဏ္ဍမှဆောင်ရွက်ရန်ချန် လှပ်ထားခြင်း ကြောင့်ဖြစ်ပါသည်။လွှတ်တော်ကပြဋ္ဌာန်းသောဥပဒေများကိုပြင်ဆင်ခြင်းထက် အကောင်အထည်ဖော်ရေး နည်းဥပဒေများနှင့် စည်းမျဉ်းများကိုပြင်ဆင်ခြင်းကပိုမို၍ လွယ်ကူခြင်းကြောင့် ရရှိသောသင်ခန်းစာများကိုပိုမိုလျှင်မြန်စွာ ပေါင်းစည်းထည့်သွင်း နိုင်မည်ဖြစ်ပါသည်။

လယ်ယာမြေဥပဒေကို အကောင်အထည်ဖော်သော နည်းဥပဒေများနှင့်စည်းမျဉ်းများအတွင်းသို့ အောက်ဖော်ပြပါ အယူအဆ များကို ပေါင်းစည်းထည့်သွင်းရန်စဉ်းစားနိုင်ပါသည်။

*အခြေခံမှုများ*

- အမျိုးသမီးများ၏တန်းတူအခွင့်အရေးများကိုအတိအလင်းအသိအမှတ်ပြုသောမြေယာ အသုံးပြုမှုအခွင့်အရေးများပိုင်ဆိုင်ခွင့်ဆိုင်ရာအကောင်အထည်ဖော်မှု နည်းဥပဒေများနှင့်စည်းမျဉ်းများပြဋ္ဌာန်းခြင်း

[9] နိုင်ငံတော်အစိုးရကသိမ်းယူသော မရွှေ့ပြောင်းနိုင်သည့်ပိုင်ဆိုင်ပစ္စည်းအခွင့်အရေးများဆုံးရှုံးခြင်းအတွက် လျော်ကြေးဆိုင်ရာကိစ္စရပ်များကိုမြေယာသိမ်း ဆည်းခြင်းအက်ဥပဒေနှင့်ဆောင်ရွက်ရန်ဖြစ်ပါသည် သို့မဟုတ် ပြည့်စုံသောမြေယာဆိုင်ရာဥပဒေတစ်ရပ်အတွင်းပေါင်း စည်းထည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းတို့ကိုမြေယာအသုံးပြုမှုအခွင့်အရေးဆိုင်ရာ ကဏ္ဍအလိုက်ရှိနေသောဥပဒေများ အဖြစ်ပြန့်ကြဲလျှက်ကိုင်တွယ်ခြင်းမပြုသင့်ပါ။၎င်းဥပဒေများမှာအချင်းချင်းဆန့်ကျင်နေနိုင်ပြီး စုစည်းမှုအားနည်းခြင်း ကြောင့်ဖြစ်ပါသည်။

ဇနီးမောင်နှံအကြားတွင် မြေယာအသုံးပြုမှုအခွင့်အရေးများ ပူးပေါင်းပိုင်ဆိုင်နိုင်ရေး အစီအမံတစ်ရပ်ကို ရှင်းလင်းစွာ ဖော်ပြခြင်း

- မြေယာနှင့်စပ်လျဉ်း၍ဓလေ့ထုံးတမ်းဥပဒေကိုအသိအမှတ်ပြုခြင်းအုပ်စုသို့မဟုတ် ရပ်ရွာတစ်ခုကအလိုရှိလျှင်ရပ်ရွာပိုင် LUC များပြုလုပ်ပေးရန်အစီအမံကိုခွင့်ပြုခြင်း
- လယ်သမားများအနေဖြင့်လွတ်လပ်စွာလယ်လုပ်ခွင့်ကိုအသိအမှတ်ပြုခြင်း။ စပါးစိုက်ပျိုးရန်အတွက်နိုင်ငံတော်အစိုးရက ဆည်မြောင်းစနစ်များဖြည့်ဆည်းပေးသောနေရာတွင်သာ မြေယာပေါ်တွင် မည်သည့်သီးနှံများကိုစိုက်ပျိုးနိုင်ကြောင်း သတ်မှတ်ချက်များချမှတ်ခြင်း

*သီးခြားလွတ်လပ်သောဥပဒေကြောင်းအရကုစားမှု*

- မြေယာအငြင်းပွားမှုများကိုကြားနာစစ်ဆေးရန်အတွက် သီးခြားလွတ်လပ်သောအုပ်ချုပ်မှုအဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းခြင်း ဤအဖွဲ့အစည်းသည်အထူးသဖြင့် ကုန်းမြင့်နယ်မြေဒေသများမှ ဧကအနည်းငယ်သာ လုပ်ကိုင်သော လယ်သမားများ အလွယ်တကူလာရောက်ဆက်သွယ်နိုင်စေရပါမည်။ အသုံးပြုသောဘာသာစကား ကုန်ကျစရိတ် တည်နေရာတို့နှင့်စပ်လျဉ်း၍ဖြစ်ပါသည်။ဤအဖွဲ့ကိုနိုင်ငံတော်သမ္မတရုံးအောက်တွင်ထားရှိပြီး မြေယာအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက် တာဝန်ယူသော ကဏ္ဍအလိုက်ဝန်ကြီးဌာနများမှ သီးခြားဖြစ်စေရပါမည်။တိုင်းဒေသကြီး ပြည်နယ်များအားလုံးတွင်ရုံးခွဲများရှိရပါမည်။
- မြေယာဧကအနည်းငယ်သာ လုပ်ကိုင်သော လယ်သမားများ နိုင်ငံတော်ပုဂ္ဂလိကကဏ္ဍနှင့် လယ်သမားများ၏ လယ်လုပ်ခွင့်အခွင့်အရေးများကို ရုပ်သိမ်းရန်ဆန္ဒရှိသော ရင်းနှီးမြုပ်နှံသူများအကြားတွင် မြေယာပဋိပက္ခများကို သာတူညီ မျှဖြေရှင်းနိုင်စေမည့် တရားစီရင်ဆုံးဖြတ်ရေးအစီအမံများရေးဆွဲခြင်း

*ဥပဒေအရရှင်းလင်းစေခြင်း*

- မြေယာစီမံခန့်ခွဲရေးအဖွဲ့များ နိုင်ငံတော်အစိုးရအဆင့်အသီးသီးရှိမြေယာစီမံခန့်ခွဲ ရေးအဖွဲ့များ၏အခန်းကဏ္ဍများနှင့် တာဝန်များကိုရှင်းလင်းစေခြင်းနှင့် ယင်းအဖွဲ့များတွင်လယ်သမားများနှင့်ပြည်သူလူထု အဖွဲ့အစည်းများ ကိုယ်စားပြုပါဝင်စေရန်နှင့် လယ်ဧကအနည်းငယ်သာလုပ်ကိုင်သောလယ်သမားများ၏အခွင့်အရေးများ ကိုအာမခံချက်ပေးရန် ဆောင်ရွက်ခြင်း
- လယ်ယာမြေကိုအမျိုးအစားများ ထပ်မံခွဲခြားခြင်းအား ရှင်းလင်းစွာ အဓိပ္ပာယ်ဖော်ပြခြင်း ဥပဒေတွင်ယခုအခါ စပါးစိုက်ပျိုးမြေနှင့်နှမ်းမြေကိုသာအဓိပ္ပာယ်ဖော်ပြထားပါသည်။နိုင်ငံတော်အစိုးရအနေဖြင့်မြေ ယာအမျိုးအစားခွဲများ ပုံသေသတ်မှတ်မထားဘဲ လယ်သမားများအား ၎င်းတို့နှစ်သက်ရာသီးနှံများ ရွေးချယ်စိုက်ပျိုးနိုင်ရန် လွတ်လပ်ခွင့် ပိုမိုပေးရေးစဉ်းစားရန်ဖြစ်ပါသည်။
- မြေယာအမျိုးအစားများပြောင်းလဲသည့်လုပ်ငန်းစဉ်ကိုရှင်းလင်းစွာဖော်ပြ ခြင်း
- နိုင်ငံတော်အစိုးရကအများပြည်သူရည်ရွယ်ချက်ကိစ္စရပ်အတွက် မြေယာသိမ်းဆည်းရန်ရှင်းလင်းသောအစီအမံပြဋ္ဌာန်းခြင်း မြေသိမ်းဆည်းခြင်းမပြုမီမျှတသောဈေးကွက်ပေါက်ဈေးလျော်ကြေးကို တွက်ချက်ပုံနှင့်ပေးချေပုံတို့ အစီအမံကို ပြဋ္ဌာန်းထားခြင်း
- ပြစ်ဒဏ်ချမှတ်ရန်ပြဋ္ဌာန်းချက်များကိုရှင်းလင်းစွာအသေးစိတ်ဖော်ပြခြင်း

*လုပ်ထုံးလုပ်နည်းများကိုကျစ်လျစ်စေခြင်း*

- လျှောက်လွှာများတင်သွင်းရန် မှတ်ပုံတင်မှုအပြောင်းအလဲပြုလုပ်ရန် အခကြေးငွေများပေးချေရန်တို့ကို နိုင်ငံတော်အစိုးရအဆင့်များအနက်အနိမ့်ဆုံးဖြစ်နိုင်သမျှ အဆင့်တွင် ကောင်တာတစ်ခုတည်း၌ ဆောင်ရွက်ပေးနိုင်သော ဝန်ဆောင်မှုအဖြစ် တစ်ခုတည်းသောအစိုးရဌာနတစ်ခုဖြင့်ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း
- မြေယာမှတ်တမ်းတည်ဆောက်ရန်ကုန်ကျစရိတ်များလျော့နည်းကျဆင်းစေရန်နှင့် လယ်သမားများ၏မြေပိုင်ဆိုင်မှုအခွင့်အရေးများစနစ်တကျသတ်မှတ်ပေးရန် လိုအပ်သောအချိန်နည်းပါးနိုင်သမျှနည်းပါးစေရန်အတွက် မြေယာအသုံးပြုမှုအခွင့်အရေးများကိုသတ်မှတ်ခြင်း နယ်နိမိတ်ရေးဆွဲခြင်း မြေပုံရေးဆွဲခြင်းနှင့်မှတ်တမ်းတင်ခြင်းများပြုလုပ်ရန် သင့်တင့်လျောက်ပတ်သောရရှိနိုင်သည့်နည်းပညာများကိုတတ်နိုင်သမျှများပြားစွာအသုံးပြုခြင်း

## အခန်း ၆

## မြေလွတ်မြေလပ်နှင့်မြေရိုင်းစီမံခန့်ခွဲမှုဥပဒေ (၂၀၁၆ ၂၀၁၂)ခုနှစ်ကို ဆန်းစစ်လေ့လာခြင်း

မြေလွတ် မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေမှာအနှစ်သာရအားဖြင့် မြေရိုင်းများခွင့်ပြုရေးနည်းဥပဒေများ (၁၈၆၂ ခုနှစ်) နည်းဥပဒေဟောင်းကို ပြန်လည်မွမ်းမံထားခြင်းဖြစ်ပါသည်။မကြာသေးမီက ပြဋ္ဌာန်းခဲ့သော စိုက်ပျိုးမြေမြေလွတ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ တာဝန်များနှင့်အခွင့်အရေးများကို သတ်မှတ်ချက် (၁၉၉၁ခုနှစ်)နှင့်ထပ်တူနီးပါးတွင်ဖြစ်ပါသည်။ဥပဒေတွင်အများပြည်သူနိုင်ငံသားများ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှပ်နှံမှုများ နိုင်ငံတော်အစိုးရအဖွဲ့များနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအနေဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးရေးလုပ်ငန်းများ ဒြပ်သတ္တုတူးဖော်ခြင်းနှင့်အခြားဥပဒေအရခွင့်ပြုထားသော ရည်ရွယ်ချက်များအတွက် မြေလွတ်မြေရိုင်းများကိုငှားရမ်းရန် အသစ်ဖွဲ့စည်းလိုက်သော CCVFVသို့လျှောက်လွှာတင်သွင်းနိုင်မည့်အစီအမံတစ်ရပ်ကို ချမှတ်ထားပါသည်။ဥပဒေများချမှတ်ပါသည်။ ဤဥပဒေသည်နိုင်ငံပိုင်မြေပေါ်တွင် ကာလရှည်မြေငှားစာချုပ်များဖြင့်ယူဆနိုင်သည်။ ခွင့်ပြုချက်ပေးရန် CCVFV ကိုဥပဒေကခွင့်ပြုထား ပါသည်။ မြေလွတ်မြေလပ်နှင့်မြေရိုင်းငှားရမ်းထားသော မြေလွတ်မြေလပ်နှင့်မြေရိုင်းများကို ပေါင်နှံခြင်း၊ရောင်းချခြင်း ထပ်ဆင့်ငှားရမ်းခြင်း၊ခွဲစိတ်ခြင်း သို့မဟုတ် အခြားနည်းဖြင့်နိုင်ငံတော်အစိုးရ၏ခွင့်ပြုချက်မရှိဘဲအခြားနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်ခွင့်မရှိပါ။ (မှတ်စု ၂၅) [10]

မြေလွတ်မြေလပ်နှင့်မြေရိုင်းများဥပဒေတွင်နိုင်ငံပိုင်မြေကို နှစ် ၃၀ ကာလအထိငှားရမ်းခြင်းအားခွင့်ပြုပါသည်။ (မှတ်စု ၂၆) မြေလွတ်မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ အပိုဒ်-၁၀တွင်နိုင်ငံတော်ပိုင် မြေလွတ်မြေလပ်နှင့်မြေရိုင်းများကို ငှားရမ်းခြင်းဆိုင်ရာ အချိန်ကာလနှင့်မြေပမာဏကန့်သတ်ချက်များဆိုင်ရာကိစ္စရပ်များကိုဖော်ပြထားပါသည်။) CCVFV သည်တစ်ကြိမ်လျှင်ဧက ၅၀၀၀ သတ်မှတ်ပေးထားပြီးစုစုပေါင်းဧကငါးသောင်းအထိခွဲဝေသတ်မှတ်ပေးနိုင်ပါ သည်။ (မှတ်စု ၂၇) ငှားရမ်းသည့် သတ်မှတ်ချက်များကိုလိုက်နာခြင်းမရှိပါက CCVFV အနေဖြင့်ငှားရမ်းချိန်ကိုပယ်ဖျက်နိုင်ပါသည်။ ဥပမာ သတ်မှတ်ထားသောအချိန်အတွင်းနိုင်ငံတော်ကခွင့်ပြုသောမြေကို ဖွံ့ဖြိုးတိုးတက်အောင်မဆောင်ရွက်သောအခါတွင်ဖြစ်ပါသည်။ (မှတ်စု ၂၈) CCVFV သည်တစ်ချိန်တည်းမြေဧက ၅၀၀၀ ထက်ပိုလွန်၍ခွင့်ပြုပေးနိုင်ပြီးအခြေအနေများကို သတ်မှတ်ဆုံးဖြတ်နိုင်ပါသည်။ သို့ရာတွင်ဥပဒေသည်ယင်းသို့သောခြွင်းချက်များပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍လမ်းညွှန်ချက် ကို အကန့်အသတ်ဖြင့်သာလျှင်ဖော်ပြထားပါသည်။

မြေလွတ်မြေလပ်နှင့်မြေရိုင်းများဥပဒေအပိုဒ် ၁၂ တွင်မြေလွတ်မြေလပ်နှင့်မြေရိုင်းများကိုနိုင်ငံခြားရင်းနှီးမြှပ်နှံ သူများအား သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှပ်နှံသူများပါဝင်သော အဖွဲ့အစည်းများအား ငှားရမ်းရန်ခွင့်ပြုထားပါသည်။ သို့ရာတွင် မြေလွတ်မြေလပ်နှင့်မြေရိုင်းများဥပဒေသည် မြေများငှားရမ်းခြင်းကိုနိုင်ငံသားများအားဦးစားပေးမြေချမှတ်ပေးပါ သည်။ (မှတ်စု ၂၉) [11]

Government, the land to be reclassified as farmland, andLUCs issued to farmers that have been using the land.
မြေလွတ်မြေလပ်မြေရိုင်းများဥပဒေအပိုဒ်၂၅တွင်ပြဋ္ဌာန်းချက်များမှာယခုဖော်ပြထားသည့်အတိုင်းဆိုပါကလုံးဝ ရှင်းလင်းခြင်း မရှိသော်လည်း မြေလွတ်မြေလပ်နှင့်မြေရိုင်းများဥပဒေအပိုဒ် ၂၅ တွင် CCVFV သည်လက်ရှိမြေယာများကို အသုံးပြုနေသောလယ်သမားများ၏အကျိုးစီးပွားများကို ၎င်းတို့အားတရားဝင်အသိအမှတ်ပြုသည်ဖြစ်စေ အသိအမှတ်မပြုသည်ဖြစ်စေကာကွယ်စောင့်ရှောက်ရန်အလို့ငှာသက်ဆိုင်အကျုံးဝင်သော နိုင်ငံတော်အစိုးရဦးစီးဌာနများအဖွဲ့အစည်း များနှင့် CCVFV ကပူးပေါင်းဆောင်ရွက်ရန်ဖြစ်သည်ဟုဖော်ပြထားပါသည်။မြေလွတ်မြေလပ်နှင့်မြေရိုင်းများကိုလုပ်ပိုင် ခွင့်ပြုထားသော နယ်မြေဒေသများတွင်ဖြစ်ပါသည်။ လယ်သမားများသည် မြေလွတ်မြေလပ်နှင့်မြေရိုင်းများကို နိုင်ငံတော်အစိုးရက တရားဝင်အသိအမှတ်ပြုခြင်းမရှိဘဲအသုံးပြုနေကြကြောင်းအပိုဒ်၂၅တွင်အသိအမှတ်ပြုဖော်ပြထားပါသည်။

---

[10] Article 16, VFV Law (2012)

[11] နိုင်ငံခြားရင်း နှီးမြှပ်နှံမှုဥပဒေအရခွင့်ပြုသောငှားရမ်းခြင်းများကို နိုင်ငံသားများကမြေယာဖွံ့ဖြိုးရေးလုပ်ငန်းများမလုပ်ကိုင်နိုင်သောနယ်မြေဒေသများတွင်ခွင့်ပြုနိုင်သည်ဟုဖော်ပြထားပါသည်။ အပိုဒ် ၁၂ မြေလွတ်မြေလပ်နှင့်မြေရိုင်းများဥပဒေ (၂၀၁၂ ခုနှစ်) အလေးအနက်ပြုဖော်ပြထားခြင်းဖြစ်ပါသည်။ အလေးအနက်ပြုချက်မှာမူရင်းတွင်မပါဝင်ပါ။

ဤပြဋ္ဌာန်းချက်များကိုလယ်ယာမြေဥပဒေပါ စကားအသုံးအနှုန်းနှင့် ပေါင်းစပ်ကြည့်ပါက မြေလွတ်မြေလပ်နှင့်မြေရိုင်းများကို လက်ရှိအသုံးပြုနေသောလယ်သမားများအား နိုင်ငံတော်က တရားဝင်အသိအမှတ်ပြုရန်ခွင့်ပြုထားပြီးမြေကိုလည်း လယ်ယာမြေအဖြစ်အမျိုးအစားပြန်လည်သတ်မှတ်ရန် မြေကိုအသုံးပြုဆဲဖြစ်သောလယ်သမားများအားလက်ရှိလုပ်ငန်းအသုံးပြုနေသော လယ်သမားများအား LUC များထုတ်ပေးရန်ခွင့်ပြုထားပါသည်။ (မှတ်စု ၃၀)[12]

ကျေးလက်လယ်သမားမိသားစုများအနေဖြင့်လက်ငုပ်မဟုတ်သော မြေလွတ်မြေလပ်နှင့်မြေရိုင်းများကိုအသုံးပြု ခွင့်လျှောက်ထားရန်အစီအမံတစ်ရပ်ကိုလည်းဥပဒေတွင်ပြဋ္ဌာန်းထားပါသည်။လယ်သမားမိသားစုအနေဖြင့် မြေကိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် စီမံခန့်ခွဲရန် ဆောင်ရွက်နိုင်စွမ်းပေါ်အခြေပြု၍အများဆုံးဧက ၅၀ အထိခွင့်ပြုနိုင်ပါသည်။

မြေလွတ်မြေလပ်နှင့်မြေရိုင်းများဥပဒေတွင် CCVFV အားပေါ်ပေါက်လာသော အငြင်းပွားမှုများဖြေရှင်းပေးရန် ကူညီပံ့ပိုးရေး အခန်းကဏ္ဍတစ်ရပ်ပေးအပ်ထားသည်ဟုယူဆရပါသည်။VFVမြေလွတ်မြေလပ်နှင့်မြေရိုင်းများဥပဒေတွင် မြေလွတ်မြေလပ်နှင့်မြေရိုင်းများအသုံးပြုခြင်းနှင့်စပ်လျဥ်း၍ ချမှတ်သောဆုံးဖြတ်ချက်များကို နိုင်ငံတော်အစိုးရတရားစီရင်ရေးကဏ္ဍသို့ အယူခံဝင်ခြင်းအားကန့်သတ်သည့်ပြဋ္ဌာန်းချက်များမရှိပါ။

<u>မြေလွတ်မြေလပ်နှင့်မြေရိုင်းများဥပဒေ အကောင်အထည် ဖော်မှု တိုးတက်ကောင်းမွန်စေနိုင်ပုံ</u>

မြေလွတ်မြေလပ်နှင့်မြေရိုင်းများ ခွဲဝေသတ်မှတ်ပေးခြင်းနှင့်အသုံးပြုခြင်းဆိုင်ရာအယူအဆများ ပေါင်းစည်းပါဝင်သော ပြည့်စုံသည့် မြေယာ ဥပဒေတစ်ရပ်ရေးဆွဲပြဋ္ဌာန်းခြင်းဖြင့် မြန်မာနိုင်ငံတွင်မြေယာစီမံခန့်ခွဲမှုဆိုင်ရာဥပဒေမူဘောင် စနစ်တကျ ညီညွတ်မှုရှိစေရေး အဓိကဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ တည်ဆဲ မြေလွတ်မြေလပ်နှင့်မြေရိုင်းများဥပဒေကို အကောင်အထည် ဖော်မှု တိုးတက်ကောင်းမွန်စေရန်အတွက် ချက်ချင်းဆောင်ရွက်နိုင်မည့်လုပ်ငန်းများရှိပါသည်။ ဥပဒေပြုသည့် အပိုင်းအနေဖြင့် ဥပဒေ အကောင်အထည်ဖော်မှု အသေးစိတ်အချက် အများအပြားကို နိုင်ငံတော်အစိုးရ အုပ်ချုပ်မှုအပိုင်းက ဆောင်ရွက်ရန် ချန်ထားခြင်းကြောင့် မြေလွတ်မြေလပ် နှင့်မြေရိုင်းများ ဥပဒေအရ နည်းဥပဒေများနှင့် စည်းမျဥ်းများကို အကောင်အထည်ဖော်ခြင်းကို ဂရုတစိုက် ဆန်းစစ်လေ့လာပြီး နားလည်သဘောပေါက်ရန် အထူးလိုအပ်ပါသည်။ လွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေများကို ပြင်ဆင်ခြင်းထက် နည်းဥပဒေများနှင့် စည်းမျဥ်းများကို အကောင်အထည်ဖော်ပုံကို ပြင်ဆင်ခြင်းက ပိုမိုလွယ်ကူပြီး ရရှိလာသော သင်ခန်းစာများကို ပိုမိုလျင်မြန်စွာ ပေါင်းစည်းထည့်သွင်းနိုင်မည်ဖြစ်ပါသည်။

မြေလွတ်မြေလပ်နှင့်မြေရိုင်းများဥပဒေကို အကောင်အထည်ဖော်သည့် နည်းဥပဒေများနှင့် စည်းမျဥ်းများအတွင်း အောက်ဖော်ပြပါ အယူအဆများကို ပေါင်းစည်းထည့်သွင်းရန် စဥ်းစားနိုင်ပါသည်။

*ယေဘုယျမူများ*

- အမျိုးသမီးများ၏တန်းတူအခွင့်အရေးများကိုအတိအလင်းအသိအမှတ်ပြုသော မြေလွတ်မြေ လပ်နှင့်မြေရိုင်းများတွင် လုပ်ကိုင်ခွင့်နှင့် အသုံးပြုခွင့်အခွင့်အရေးများဆိုင်ရာ အကောင်အထည်ဖော်မှုနည်းဥပဒေများနှင့် စည်းမျဥ်းများ ချမှတ်ခြင်း
- ထုံးတမ်း အစဥ်အလာအသုံးပြုမှုကိုစိုက်ပျိုးထုတ်လုပ်မှုရှိသော အသုံးပြုမှုအဖြစ်အသိအမှတ်ပြုခြင်းအပါအဝင် (မှတ်စု ၃၁) လက်တွေ့ထွန်ယက်စိုက်ပျိုးလုပ်ကိုင်သောမြေအသုံးပြုမှုကိုကာကွယ်စောင့်ရှောက်ခြင်း
- အသက်မွေးဝမ်းကြောင်းအတွက်မြေမရှိသူများ မြေမရှိသောကျေးလက်တွင်နေထိုင်သူများအား မြေခွဲဝေသတ်မှတ်ပေးရေးကိုဦးစားပေးသတ်မှတ်ခြင်းနှင့် ၅ နှစ်ပြည့်ပြီးနောက်စိုက်ပျိုးမြေအဖြစ်ပြောင်းလဲနိုင်သော စိုက်ပျိုးမြေအဖြစ်

[12] လယ်ယာမြေဥပဒေ (၂၀၁၂ ခုနှစ်) အပိုဒ် ၈ နှင့် ၃၄ တို့သည်မြေလွတ်မြေလပ်နှင့်မြေရိုင်းများဥပဒေ (၂၀၁၂ ခုနှစ်)နှင့်ချိတ်ဆက်မှုရှိသည်ဟုယူဆရ ပါသည်။ မြေလွတ်မြေလပ်နှင့်မြေရိုင်းများအားမြေယာစီမံခန့်ခွဲရေးအဖွဲ့က မြေအသုံးပြုမှုတည်ငြိမ်မှုရှိသည်ဟုသတ်မှတ် ဆုံးဖြတ်ပါက လယ်ယာမြေအဖြစ်ပြန်လည်အမျိုးအစားသတ်မှတ်ခြင်းကိုခွင့်ပြုထားပါသည်။

ပြောင်းလဲနိုင်စေခြင်း ဝမ်းစာအတွက်လုံလောက်သောမြေပမာဏ ဝမ်းစာအတွက်လုံလောက်သောမြေပမာဏမရှိသည့် လယ်သမားများအားခွဲဝေသတ်မှတ်ပေးရန်ဦးစားပေးခြင်း (မှတ်စု ၃၂)[13]

- နိုင်ငံသား သို့မဟုတ် အုပ်စုများကလက် ရှိမြေယာဆိုင်ရာတောင်းခံချက်များနှင့်ပိုင်ဆိုင်ခွင့်တောင်းခံချက်များနှင့် ပိုင်ဆိုင်ခွင့်များအားအနှောင့်အယှက်ဖြစ်စေနိုင် သောငြိစွန်းနိုင်သော မြေလွတ်မြေလပ်နှင့်မြေရိုင်းများ ငှားရမ်းခြင်းပြုလုပ်ရာတွင် လွတ်လပ်စွာကြိုတင်၍သိမြင်နားလည်မှု ပေါ်အခြေခံသော သဘောတူညီချက်ပေးနိုင်ရေး မူများကိုကျင့်သုံးရန်ဖြစ်ပါသည်။

*သီးခြားလွတ်လပ်သောဥပဒေအရကုစားခြင်း*

- မြေလွတ်မြေလပ်နှင့်မြေရိုင်းများကို ငှားရမ်းခြင်း၊ အသုံးပြုခြင်းတို့နှင့် စပ်လျဉ်း၍ သီးခြားလွတ်လပ်သော အငြင်းပွားမှုဖြေရှင်းရေး အစီအမံတစ်ရပ် ဖွဲ့စည်းခြင်း၊ ဤအဖွဲ့သည် အသုံးပြုသော ဘာသာစကား၊ ကုန်ကျစရိတ်၊ တည်နေရာတို့နှင့် စပ်လျဉ်း၍ အထူးသဖြင့် တောင်ပေါ် နယ်မြေဒေသများမှ လယ်ဧက အနည်းငယ် လုပ်ကိုင်သော လယ်သမားများ အလွယ်တကူ ဆက်သွယ်နိုင်စေရပါမည်။ ဤအဖွဲ့အစည်းကို သမ္မတရုံးလက်အောက်တွင် ထားရှိပြီး မြေ အရင်းအမြစ်များ စီမံခန့်ခွဲရန် တာဝန်ယူရသော ကဏ္ဍအလိုက် ဝန်ကြီးဌာနများမှ သီးခြား ဖြစ်စေသင့်ပါသည်။
- အုပ်ချုပ်မှုဆုံးဖြတ်ချက်များကို နိုင်ငံတော်အစိုးရတရားစီရင်ရေးကဏ္ဍသို့အယူခံဝင်ခွင့်ပြုခြင်း
- လယ်ဧကအနည်းငယ် သာလုပ်ကိုင်သောလယ်သမားများ နိုင်ငံတော် ပုဂ္ဂလိကကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံသူများအကြားတွင် မြေယာပဋိပက္ခမှုများ ဖြစ်ပွားလာပါကသာတူညီမျှဖြေရှင်းနိုင်ရန် တရားစီရင်ရေးအစီအမံများချမှတ်ထားရှိခြင်း

ဥပဒေအရရှင်းလင်းစေခြင်း

- အပိုဒ်၁၀တွင်ကန့်သတ်ထားသည့်အတိုင်း တစ်ကြိမ်လျှင်ဧက(၅၀၀၀)ထက် ကျော်လွန်သော မြေလွတ်မြေလပ်နှင့် မြေရိုင်းများ ငှားရမ်းခြင်းကိုခွင့်ပြုရာတွင် စံချိန်စံနှုန်းများကိုရှင်းလင်းစွာသတ်မှတ်ဖော်ပြပြီး အကောင်အထည် ဖော်သော နည်းဥပဒေများနှင့်စည်းမျဉ်းများအတွင်းပေါင်းစည်းထည့်သွင်းခြင်း။
- စက်မှုလုပ်ငန်းအတွက် သီးနှံများဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် သို့မဟုတ် သတ္တုတွင်းလုပ်ငန်းများကဲ့သို့သော စိုက်ပျိုးရေးမဟုတ်သောအသုံးပြုမှု များအတွက် မြေလွတ်မြေလပ်နှင့်မြေရိုင်းများကို ငှားရမ်းအသုံးပြုစေရာတွင် သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးသက်ရောက်မှုအကဲဖြတ်ချက်များ(ESIA) ပြုလုပ်စေရေးသတ်မှတ်ချက်များ ထည့်သွင်းခြင်း။ (မှတ်စု ၃၃)[14] ESIA များမှရလဒ်များကိုအများပြည်သူသို့ထုတ်ပြန်ကြော်ငြာပြီး အကြံပြုချက်များကိုလိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။
- ထုံးတမ်းအစဉ်အလာအစီအစဉ်များ သို့မဟုတ် ရပ်ရွာမြေယာအစီအ စဉ်များဖြင့်စိုက်ပျိုးမြေအဖြစ် လယ်ဧကအနည်းငယ်သာလုပ်ကိုင်သူများကထွန်ယက်စိုက်ပျိုးနေပြီဖြစ်သောမြေများကိုအသိ အမှတ်ပြုရေးဦးစားပေး ဆောင်ရွက်ခြင်း။ ယင်းသို့သောမြေများ (အလှည့်ကျစိုက်ပျိုးရေးလုပ်ကိုင်ခြင်းအပါအဝင်)ကို မြေလွတ်မြေလပ်နှင့် မြေရိုင်းများအဖြစ်အမျိုးအစားမသတ်မှတ်ရန် ရှင်းလင်းသောနည်းလမ်းရှိဖို့လိုအပ်ပါသည်။
- Formulate a by-law to clarify how the CCVFV will recognize current land use as per *Article 25*of the VFV Law. မြေလွတ်မြေ လပ်နှင့်မြေရိုင်းများဥပဒေအပိုဒ် ၂၅ အရလက်ရှိမြေယာအသုံးပြုမှုကို CCVFV ကမည်ကဲ့သို့အသိအမှတ်ပြုမည်ဖြစ် ကြောင်းရှင်းလင်းဖော်ပြသည့်နည်းဥပဒေရေးဆွဲခြင်း။

***Transparency and Accountability:*** *ထင်သာမြင်သာရှိခြင်းနှင့်လုပ်ငန်းဆောင်ရွက်မှုတာဝန်ယူခြင်း*

- မြေလွတ်မြေလပ်နှင့်မြေရိုင်းငှားရမ်းခြင်းသဘောတူညီချက်များအားလုံးအတွက် အများပြည်သူကြည့်ရှုနိုင်သည့် မှတ်တမ်းထားရှိရေးအစီအမံတစ်ရပ်တည်ထောင်ခြင်း

---

[13] မြေလွတ်မြေလပ်နှင့်မြေရိုင်းများဥပဒေ (၂၀၁၂ ခုနှစ်) အပိုဒ် ၂၀ ဃ ၄ နှင့် ၂၅ ခ တို့တွင်ပါဝင်သောစကားအသုံးအနှုန်းကိုအားကောင်းစေခြင်းနှင့် လယ်ယာမြေဥပဒေ အပိုဒ် ၈ နှင့် ၃၄ တို့နှင့်ချိတ်ဆက်မှုများကိုအားကောင်းစေခြင်း (၂၀၁၂ ခုနှစ်)

[14] သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းစောင့်ရှောက်ရေးဥပဒေ (၂၀၁၂ ခုနှစ်)တွင် ESIA အစီအမံတစ်ရပ်တည်ထောင်ရန်ဖော်ပြထားပါသည်။ ဥပဒေများ စနစ်တကျညီညွတ်မှုရှိစေရန်နှင့်ထိုက်သင့်သောဥပဒေအရလုပ်ဆောင်မှုတူညီစေရန်အတွက် ကဏ္ဍအလိုက်သီးခြား ESIA များကိုပြန်ကြလျှက်တည်ထောင်ခြင်းမပြုသင့်ပါ။

- မြေလွတ်မြေလပ်နှင့်မြေရိုင်းဥပဒေကိုပြဌာန်းပြီးဖြစ်ပါသည်။သို့ဖြင့် CCVFVသည်မြေငှားရမ်းသည့် သဘောတူညီချက်များတွင်ဖော်ပြထားသောမူလရည်ရွယ်ချက်နှင့်အညီ ငှားရမ်းထားသောမြေကိုအသုံးမပြုသော မြေငှားရမ်းသူများအား ပြစ်ဒဏ် များချမှတ်နိုင်မည်ဖြစ်ပါသည်။

## အခန်း ၇

## <u>မြေယာဆိုင်ရာဥပဒေတိုးတက်ကောင်းမွန်စေရန်အကြံပြုချက်များ</u>

မြန်မာနိုင်ငံ၏ထူးခြားသောယဉ်ကျေးမှုသမိုင်းနှင့် နိုင်ငံရေးပကတိအခြေအနေများနှင့်သင့်တော်သော မြေယာ အရင်းအမြစ်များ စီမံခန့်ခွဲရေးနည်းလမ်းသစ်များကို လေ့လာဖော်ထုတ်ကျင့်သုံးရန်လိုအပ်ကြောင်းနိုင်ငံတော်အစိုးရမှနား လည်သဘောပေါက် ပါသည်။နိုင်ငံတော်အစိုးရအနေဖြင့်မြေယာစီမံခန့်ခွဲမှု လယ်လုပ်ခွင့်လုံခြုံမှုနှင့် မြေယာပဋိပက္ခဖြေ ရှင်းရေးချဉ်းကပ်ပုံ အသစ်များကို ကျင့်သုံးရန်ဖြစ်ပါသည်။ နိုင်ငံအတွင်းမြေယာစီမံခန့်ခွဲမှုအတွက်ခြုံငုံကျင့်သုံးသောချဉ်း ကပ်ပုံတစ်ရပ် လိုအပ်လျှက်ရှိပါသည်။ မြေယာစီမံခန့်ခွဲမှုဥပဒေများသည် တစ်ခုနှင့်တစ်ခု စနစ်တကျညီညွတ်မှုရှိစေရန် လိုအပ်ပါသည်။ လုပ်ငန်းစဉ်များမှာရှင်းလင်းပြီးအလွယ်တကူနားလည်သဘောပေါက်နိုင်ရပါမည်။ သတင်းအချက်အလက် များရယူနိုင်ရေး ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် နိုင်ငံသားများပါဝင်နိုင်ရေးတို့ကို ဥပဒေတွင်ထည့်သွင်းပြဋ္ဌာန်းထားသည့် အခွင့်အရေးများအဖြစ်သတ်မှတ်ရန်ဖြစ်ပါသည်။ယင်းသို့သော ချဉ်းကပ်ပုံကျင့်သုံးခြင်းဖြင့် ဥပဒေကို ထိရောက်စွာ အကောင် အထည် ဖော်ရေး ဥပဒေအတိုင်းအရေးယူဆောင်ရွက်ရေးတို့ကိုလွယ်ကူချောမွေ့စေမည်ဖြစ်ပါသည်။ မြေယာအရင်းအမြစ်များ ရေရှည်တည်တံ့သောနည်းလမ်းဖြင့်အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ရေးပိုမို ကောင်းမွန်လာစေမည်လည်း ဖြစ်ပါသည်။ အရေးကြီးဆုံးအချက်မှာ၎င်းချဉ်းကပ်ပုံကိုကျင့်သုံးခြင်းဖြင့် အကျိုးစီးပွားပါဝင် ပတ်သက်သူများအားလုံးအတွက် တည်ငြိမ်သောနိုင်ငံရေးပတ်ဝန်းကျင်တစ်ရပ်ဖြစ်ပေါ်လာပြီး နိုင်ငံအတွင်းပြည်သူလူထုအားလုံးအတွက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ပါသည်။

မြေယာစီမံခန့်ခွဲရန်အတွက်ခြုံငုံကျင့်သုံးသောချဉ်းကပ်ပုံတစ်ရပ်အကောင်အထည်ဖော်ရန်အလို့ငှာ မြန်မာနိုင်ငံ တွင်ပြည့်စုံသော မြေယာဥပဒေတစ်ရပ်ကိုမူကြမ်းရေးဆွဲပြဋ္ဌာန်းရန်အကြံပြုပါသည်။ နိုင်ငံတော်အစိုးရအကျိုးစီးပွားပါဝင် ပတ်သက်သူအမျိုးမျိုးနှင့် တွေ့ဆုံမှုများပြုလုပ်ခဲ့ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့်၎င်းအယူအဆကိုလက်ခံကြောင်းနှင့်၎င်း ရည်မှန်းချက်ပြည့်မီစေရေး အကောင်းဆုံးဆက်လက်ဆောင်ရွက်နိုင်မည့်နည်းလမ်းကို သုတေသနပြုလုပ်နေဆဲဖြစ်ကြောင်း ရှင်းလင်းသိသာပါသည်။

မြန်မာနိုင်ငံအတွက်မြေယာဆိုင်ရာ ပြည့်စုံသော ဥပဒေမူဘောင်တစ်ရပ်ရေးဆွဲရာတွင် နိုင်ငံတော်အစိုးရဆုံးဖြတ် ချက်ချမှတ်သူများအနေဖြင့် နိုင်ငံသားများ၏အခွင့်အရေးများနှင့်စီးပွားရေးကြီးထွားမှုနှုန်းမှာ အချင်းချင်းအပြန်အလှန်တစ်ခုကို ဆောင်ရွက်လျှင်အခြားတစ်ခုကိုမဆောင်ရွက်ဟူ၍မဟုတ်ကြောင်းသတိပြုရန်ဖြစ်ပါသည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှု ယနေ့ခေတ်နယ်ပယ်တွင်နိုင်ငံတစ်နိုင်ငံအနေဖြင့်၎င်းတို့အနက်တစ်ခုမရှိဘဲ အခြားတစ်ခုကိုဆောင်ရွက်နိုင်မည် မဟုတ်ပါ။

အောက်ဖော်ပြပါတို့မှာနိုင်ငံတော်အစိုးရနှင့်အခြားသောအကျိုးစီးပွားပါဝင်ပတ်သက်သူများအနေဖြင့်ဆက်လက် ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားသင့်သောမြေယာစီမံခန့်ခွဲမှုဆိုင်ရာ အထွေထွေအကြံပြုချက်များမှာအောက်ပါအ တိုင်းဖြစ်ပါသည်။

*မြေဧကအနည်းငယ်သာလုပ်ကိုင်သူများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း*

- အများပိုင် ဆိုင်သောမြေများကိုသိမ်းယူခြင်း သို့မဟုတ် ရောင်းချခြင်းအများပိုင်ဆိုင်မြေမှနှင်ထုတ်ခံရခြင်း သို့မဟုတ် ရောင်းချခံရခြင်းမှ အကာအကွယ်ပေးခြင်း ရပ်ရွာအတွင်းရှိပြည်သူလူထု လူပုဂ္ဂိုလ်တစ်ဦးချင်း အနေဖြင့် ရပ်ရွာဆိုင်ရာအစီအစဉ်များမှ နုတ်ထွက်ရန်အခွင့်အရေးရှိနိုင်ပါသည်။ လူတစ်ဦးချင်းစီ အသုံးပြုရန်အတွက် အများပိုင်မြေတစ်စိတ်တစ်ဒေသကိုပေးအပ်ခြင်းဖြစ်နိုင်ပါသည်(သို့မဟုတ်)အများပိုင်ဆိုင်သောမြေအသုံးပြုမှု အခွင့်အရေး၏ ၎င်းတို့ဝေစုအတွက်လျော်ကြေးပေးနိုင် ပါသည်။
- မြေယာအခွင့်အရေးများ သိမ်းဆည်းခံရခြင်းမှ ကာကွယ်စောင့်ရှောက်ပြီး ချေးငွေရယူရန်အတွက်မြေယာကို ပေါင်နှံခွင့်ကိုမူခွင့်ပြုခြင်း(မြေကိုအပေါင်ထား၍ငွေချေးယူနိုင်ခြင်း သို့ရာတွင် မြေအသုံးပြုအခွင့်အရေးပိုင်ရှင်ထံ မြေကိုမသိမ်းယူနိုင်ခြင်း ကြွေးမြီကို မြေယာမှထွက်သော အကျိုးကျေးဇူးအပေါ်၌သာလျှင် တင်ရှိစေနိုင်ခြင်း ရှိရင်းကြွေးမြီများ အကြေအလည်ပေးချေပြီးသည်အထိနောက်ထပ်ကြွေးမြီများယူခြင်းကိုကန့်သတ်ခြင်း ၎င်းအစီအမံမှာ ငွေရေးကြေးရေးစည်းကမ်းရှိ စေရန်အားပေးပြီး မြေလုပ်ပိုင်ခွင့်လယ်လုပ်ခွင့်လုံခြုံမှုနှင့်ပေါင်းစပ်၍ ပေးနိုင်မည် ဖြစ်ပါသည်။

- တရားမမှုတရားရုံးများအနေဖြင့်အဖွဲ့အစည်းများ သို့မဟုတ် လူပုဂ္ဂိုလ်များကြွေးမြီတင်ရှိကြောင်းသက်သေအထောက်အထားများပိုင်ဆိုင်ထားသောအဖွဲ့အစည်းများ သို့မဟုတ် လူပုဂ္ဂိုလ်များ၏အကျိုးစီးပွားအတွက်မြေကိုသိမ်းဆည်းခြင်းအားတားမြစ်ပိတ်ပင်ခြင်း မြေကိုပိုင်ဆိုင်သူအနေဖြင့် မြေဆိုင်ရာအခွင့်အရေးတစ်ရပ်ကို ၎င်းတို့ဆန္ဒရှိမည်ဆိုပါကရောင်းချပြီးကြွေးဆပ်နိုင်မည်ဖြစ်ပါသည်။
  သို့ရာတွင်မည်သည့်အစိုးရကဏ္ဍကမဆိုယင်းသို့ရောင်းချရန်အတွက် အ တင်းအကြပ်ဆောင်ရွက်ခွင့်ရှိမည်မဟုတ်ပါ။
- မြေယာဈေးကစားခြင်းကိုမြေယာဈေးကစားခြင်းမပြုလုပ်ရန်အားပေးသော အကောက်အခွန်အစီအမံများအသုံး ပြုခြင်း စိုက်ပျိုးထွက်ရှိနိုင်သောမြေများကိုမြေလတ်အဖြစ်ထားရှိခြင်းကိုအားမပေးခြင်း မြေများလက်ဝယ်စုဆောင်းထား ခြင်းကိုအားမပေးခြင်း မြေလွှဲပြောင်းသည့် အကောက်အခွန်အသုံးပြုခြင်းကိုကျင့်သုံးခြင်းမြေဝယ်သူကပေးရန်ဖြစ်ပါသည်။) မြေလတ်အကောက်အခွန်ကောက်ခံခြင်း လူပုဂ္ဂိုလ် သို့မဟုတ် အများပြည်သူအဖွဲ့အစည်းများပိုင်ဆိုင်သည့်မြေပမာဏနှင့်အချိုးကျမြေခွန်ဆောင်စေခြင်း
- ဖွံ့ဖြိုးရေးစီမံချက်များ၏ထိခိုက်သောသက်ရောက်မှုများကိုဖော်ထုတ်ပြီး နည်းပါးနိုင်သမျှနည်းပါးစေရန်အတွက် ESIA ကိုအစီအမံတစ်ရပ်အဖြစ်အသုံးပြုခြင်း ထိခိုက်သောသက်ရောက်မှုများကြီးမားလွန်းနေပါက စီမံချက်များကိုရပ်တန့်စေခြင်းယင်းအစီအမံသည်ရှိရင်းတည်ဆဲဘာဝပတ်ဝန်းကျင်ဥပဒေများ ၎င်းတို့နှင့်ဆက်စပ်နေသောစည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီမှုရှိစေခြင်းအားဖြင့် ယင်းအစီအမံသည် သဘာဝပတ်ဝန်းကျင်အန္တရာယ်ဖြစ်စေနိုင်မှုကို ထိရောက်စွာလျော့ ချနိုင်စေခြင်း

*မြေပိုင်ဆိုင်ခွင့်လုပ်ထုံးလုပ်နည်းများကိုတိုးတက်ကောင်းမွန်စေခြင်း*

- စနစ်တကျမှတ်ပုံတင်ထားခြင်းမရှိသောမြေကိုဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်းကိုတရားမဝင်သတ်မှတ်ခြင်း (ရောင်းချခြင်းကိုဥပဒေအရအသိအမှတ်မပြုခြင်း စနစ်တကျမှတ်ပုံတင်ထားခြင်းမရှိသောမြေကိုဝယ်ယူသည့်အတွက်ဒဏ်ငွေချမှတ်ခြင်း မြေပိုင်ဆိုင်ခွင့်ဝယ်ယူသူများအား ထိုက်သင့်သောလျော်လာမှုပြုရန်တာဝန်များသတ်မှတ်ခြင်း။)
- မြို့ပြနှင့်မြို့ပြပတ်လည်ရှိမြေများပိုင်ဆိုင်မှုအတွက်သီးခြားစနစ်များရေးဆွဲထားရှိခြင်း နိုင်ငံပိုင်မြေများကိုကာလရှည်ငှားရမ်းရန်အတွက် ကာလရှည်ငှားရမ်းသည့်အစီအမံအသီးသီးနှင့်ကျေးလက်မြေများကိုခွဲဝေသတ်မှတ်ခြင်း/မှတ်ပုံတင်ခြင်း (မြေအသုံးပြုမှုအသိအမှတ်ပြုလက်မှတ်များရပ်ရွာပိုင်ဆိုင်ခွင့်) (ရပ်ရွာသစ်တောစိုက်ခင်းများဖွံ့ဖြိုးရေးပြုလုပ်ခြင်း ကျေးလက်ဒေသများတွင်အပန်ဖြေ သို့မဟုတ် ခရီးသွားလုပ်ငန်းအစီအမံအဆောက်အဦများစသည်တို့)
- စိုက်ပျိုးမြေ ကနဦးမှတ်ပုံတင်ခြင်းနှင့် မြေယာအသိအမှတ်ပြု လက်မှတ်များထုတ်ပေးခြင်းအတွက် အခကြေးငွေများကိုအနည်းငယ်သာ သတ်မှတ်ခြင်း (မြေခွဲဝေသတ်မှတ်ခြင်း မှတ်ပုံတင်ခြင်းလုပ်ထုံးလုပ်နည်း) ၎င်းနောက်ပိုင်းတွင်မြေလွှဲပြောင်းပေးခြင်းများ အတွက် ပိုမိုမြင့်မားသောမှတ်ပုံတင်ခြင်းနှင့် မြေပိုင်ဆိုင်ခြင်းမှတ်တမ်း အခကြေးငွေများကိုကောက်ခံခြင်း မြေမှတ်ပုံတင် သည့်အခကြေးငွေများသည်ဝယ်ယူသူ၏တာဝန်ဖြစ်စေခြင်း
- မြေအသုံးပြုမှုခွဲဝေသတ်မှတ်ခြင်း မှတ်ပုံတင်ခြင်း မြေအသုံးပြုမှုအသိအမှတ်ပြုလက်မှတ်များထုတ်ပေးခြင်း မြေခွန်ပေးဆောင်ခြင်း မှတ်ပုံတင်ခြင်းပေးဆောင်ခြင်းစသည်တို့ကို နယ်မြေခံအဆင့်တွင်တစ်နေရာတည်း၌ အစိုးရအုပ်ချုပ်မှုပိုင်းဝန်ဆောင်မှုများပေးရန်စနစ်တစ်ရပ်ကျင့်သုံးခြင်း ဤသို့ဆောင်ရွက်ခြင်းဖြင့်မြေငှားခရယူရန်ကြိုးပမ်းခြင်းအခွင့်အလမ်းနည်းပါးပြီး လုပ်ငန်းစဉ်များကျစ်လစ်လျှက်တွယ်ကျင်မှုဖြစ်လာပါမည်။
- ကဏ္ဍအလိုက်မြေယာအဖွဲ့အစည်းများ ဤအယူအဆကိုကျင့်သုံးခြင်းဖြင့်မြေဧရိယာများအပေါ်တွင် အကျိုးဆောင်လုပ်ပိုင်ခွင့်အပ်နှင်းထားသောဝန်ကြီးဌာနများထားရှိသော်လည်း ၎င်းတို့အနေဖြင့်မြေကိုမပိုင်ဆိုင်စေရန်ဖြစ်ပါ သည်။ ၎င်းတို့၏စီရင်ပိုင်ခွင့်ရှိသောမြေမှရရှိသောမြေငှားခများကို ၎င်းတို့ချည်းထိန်းချုပ်မှုမရှိစေရန်ဖြစ်ပါသည်။ ပြည်ထောင်စုနိုင်ငံ၏မြေအရင်းအမြစ်များ နယ်မြေဒေသများပေါ်တွင်စီမံခန့်ခွဲခြင်း စောင့်ကြည့်လေ့လာခြင်း သတင်းအချက်အလက်ပေးပို့ခြင်းတို့အတွက်တာဝန်များကို၎င်းတို့အားလွှဲအပ်ပေးရန်ဖြစ်ပါသည်။
  တာဝန်လွှဲအပ်ပေးရာ၌အတိအလင်း ဖော်ပြပြီးရှင်းလင်းမှုရှိရပါမည်။တာဝန်လွှဲအပ်ပေးခြင်းများကို ပြည်ထောင်စုလွှတ်တော် (နိုင်ငံတော်အစိုးရ၏ဥပဒေပြုကဏ္ဍနှင့်)၏ အစိုးရအဖွဲ့ (နိုင်ငံတော်အစိုးရ၏အုပ်ချုပ်မှုကဏ္ဍတို့မှ သတ်မှတ်ပေးရန်ဖြစ်ပါသည်။

*ရှိရင်းမြေယာအသုံးပြုမှုကို အသိအမှတ်ပြုခြင်း*

- ထုံးတမ်းစဉ်လာမြေယာအသုံးပြုနှင့် ယင်းသို့သောမြေယာအသုံးပြုမှုဆိုင်ရာ ထုံးတမ်းအစဉ်အလာဥပဒေကို အသိအမှတ်ပြုပြီးလေးစားခြင်း လယ်ယာမြေ၊ အိုးအိမ်တည်ဆောက်သောနယ်မြေ၊ စားကျက်မြေနှင့် သစ်တောမြေများ အပါအဝင် ရပ်ရွာအား ထုတ်ပေးထားသော ရပ် ရွာမြေယာအသုံးပြုမှု အသိအမှတ်ပြုလက်မှတ်များခွင့်ပြုခြင်း
- မြေယာပဋိပက္ခကိုရှောင်လွှဲနိုင်ရန်အလို့ငှာထုံးတမ်းအစဉ်အလာရပ်ရွာဥပဒေအစီအစဉ်များအရ အသုံးပြုနေပြီးဖြစ်သော အများပိုင်သစ်တောမြေများကိုဥပဒေမူဘောင်တွင်အသိအ မှတ်ပြီးကာကွယ်စောင့်ရှောက်ခြင်း
- လက်ရှိမြေယာအသုံးပြုမှုကိုလေးစားခြင်း(မြေယာအသုံးပြုမှုအသိအမှတ်ပြုလက်မှတ်များထုတ်ပေးခြင်းရပ်ရွာပိုင်ဆိုင်မှု ပိုင်ဆိုင်ခွင့်များထုတ်ပေးခြင်းကိုမှတ်တမ်းတင်ထားရှိခြင်း) ရှိရင်းမြေအသုံးပြုမှုအခွင့် အရေးများကိုလေးစားပြီး နောင်အခါတွင်မြေပဋိပက္ခမှုများတိုးပွားမလာစေရန်အတွက်လုံလောက်သော ကာကွယ်စောင့်ရှောက်မှုများ ချမှတ်ထားရှိခြင်း
- အလှည့်ကျစိုက်ပျိုးရေးစနစ်များကိုလေးစားခြင်း မစိုက်ပျိုးဘဲအနားပေးထားသောမြေကို ယင်းသို့မြေလပ်အဖြစ်ထားရှိသည့်ကာလအတွက် ခိုင်လုံသောအကြောင်းရှိပါကမြေလပ် သို့မဟုတ် မစိုက်ပျိုးဘဲထား သောမြေဟုမယူဆခြင်း ယင်းသို့မစိုက်ပျိုးဘဲထားသောအချိန်ကာလမှာကြောင်းကျိုးစီလျော်ပါကမသတ်မှတ်ခြင်း ဤစနစ်များကို သွင်းအားစု လိုအပ်ချက်နည်းပါးသောရေရှည်တည်တံ့နိုင်သည့်စိုက်ပျိုးရေးအဖြစ်အသိအမှတ်ပြုရန်ဖြစ်ပါသည်။မစိုက်ပျိုးဘဲထား သောမြေကို မသိမ်းဆည်းခြင်း သစ်ထုတ်ယူရန်သတ်မှတ်ထားသောမြေကွက်များ စီးပွားဖြစ်သစ်ပင်စိုက်ပျိုးထားသောစိုက်ခင်းများ၊စားကျက်မြေများ၊တရိစ္ဆာန်အစာဖြတ်ယူနိုင်သောမြေ စိုက်ပျိုးရေးသစ်တောစနစ်များကိုမစိုက်ပျိုးဘဲထားသောမြေများအဖြစ်မယူဆရန်ဖြစ်ပါသည်။

မြေအမျိုးအစားသတ်မှတ်သည့်စနစ်တိုးတက်ကောင်းမွန်စေခြင်း

- နိုင်ငံတော်အဆင့်၊တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊မြို့နယ်အဆင့်နှင့် ရပ်ကွက်ကျေးရွာအုပ်စုအဆင့်များတွင် ပါဝင်ဆောင်ရွက်သောမြေအသုံးပြုမှုစီမံကိန်းရေးဆွဲခြင်းအပေါ် ဖြည့်ဆည်းသည့် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် မြေအမျိုးအစားသတ်မှတ်ခြင်း/ဇုန်နယ်သတ်မှတ်ခြင်းစနစ်ကိုကျင့်သုံးခြင်း နည်းပညာပိုင်းအုပ်ချုပ်မှုအဖွဲ့များ အနေဖြင့်ပိုမို၍မြင့်မားသောအဆင့်များတွင် မြေအသုံးပြုမှု စီမံကိန်းရေးဆွဲခြင်းကို ဆောင်ရွက်ရန်ဖြစ်ပါသည်။ လယ်ဧကအနည်းငယ်သာလုပ်ကိုင်သောလယ်သမားများ ပြည်သူလူထု အဖွဲ့အစည်းများ နိုင်ငံတော်အစိုးရကိုယ်စားလှယ်များနှင့် ပုဂ္ဂလိကကဏ္ဍတို့က မြေယာအသုံးပြုမှုစီမံကိန်းမူ အများအပြားကို ရယူကြည့်ရှုနိုင်ပြီး ပြန်လည်သုံးသပ်၍မှတ်ချက်ပြုနိုင်ခြင်း အတည်ပြုပြီးသောမြေအသုံးပြုမှုစီမံကိန်းများကိုအများပြည်သူနှင့်အစိုးရအာဏာပိုင်များလွတ်လပ်စွာရယူကြည့်ရှုနိုင်စေခြင်း
- လယ်မြေဇရိယာများအမှန်တကယ်အသုံးပြုပုံနှင့်ကိုက်ညီစေရေး ကျေးလက်ဒေသလယ်သမားများ၏ လယ်လုပ်ခွင့်တောင်းခံချက်များ ရှိရင်းလယ်လုပ်ခွင့်တောင်းခံချက်များကို ကာကွယ်စောင့်ရှောက်ရေးတို့အတွက် မြေအမျိုးအစားပြန်လည်သတ်မှတ်သည့်ရှင်းလင်းသော အစီအမံတစ်ရပ်ချမှတ်ခြင်း
- စားကျက်မြေများကို သီးခြားမြေအမျိုးအစားတစ်ရပ်အဖြစ်အသိအမှတ်ပြုပြီး မြေအသုံးပြုမှုစီမံကိန်းများတွင်ပေါင်းစည်းထည့်သွင်းလျှက်စနစ်တကျမှတ်တမ်းတင်ထားရှိပြီး နယ်မြေခံအာဏာပိုင်များကနိုင်ငံပိုင်မြေအဖြစ်စီမံခန့်ခွဲခြင်း
- မြေမပိုင်ဆိုင်သူများအသက်ရှင်ရပ်တည်ရန်အတွက် မြေအလုံအလောက်မရှိသူများကို ဦးစားပေးလျှက် မြေပိုင်မရှိသော ရပ်ရွာများနှင့်လယ်သမားများကို မြေအသုံးပြုမှုခွဲဝေသတ်မှတ်ပေးရေး အလေးအနက်ထားဆောင်ရွက်ခြင်း (၅ဧက အောက် ဖြစ်ပါ သည်။)

## အခန်း ၈

## နိဂုံး

မြန်မာနိုင်ငံအနေဖြင့်ပြည်သူလူထုအဖွဲ့အစည်းများအပါအဝင် သက်ဆိုင်အကျုံးဝင်သော အကျိုးစီးပွားပါဝင်ပတ်သက်သူများနှင့် ဂရုတစိုက်တိုင်ပင်ဆွေးနွေးလျှက် နိုင်ငံအတွင်းမြေယာစီမံခန့်ခွဲမှုစနစ်တိုးတက် ကောင်းမွန်စေရန်ဆောင်ရွက်ရပါမည်။ မြေဧက အနည်းငယ်သာလုပ်ကိုင်သောလယ်သမားများနှင့်ရပ်ရွာများ၏ မြေယာ အခွင့်အရေးများကို ဤလုပ်ငန်းစဉ်တွင် အလေး ဂရုပြုခြင်းဖြင့် မြေယာပဋိပက္ခလူမှုရေးမတည်ငြိမ်မှုပြဿနာများကို ရှောင်လွှဲနိုင်ပါမည်။ယင်းပြဿနာများသည် မြန်မာ နိုင်ငံတွင်လက်ရှိဖြစ်ပွားနေသော စီးပွားရေးနှင့်ဒီမိုကရေစီရေးဖွံ့ဖြိုးတိုးတက်မှုကိုထိခိုက်စေနိုင်ပါသည်။ လက်ရှိပြဋ္ဌာန်း ထားသော လယ်ယာမြေဥပဒေနှင့် မြေလွတ်မြေလပ်နှင့်မြေရိုင်းများဥပဒေတို့တွင် အားနည်းချက်များမဖြစ်မီ ၎င်းတို့ကို ပြင်ဆင်ရန်လိုအပ်ကြောင်း ၎င်းတို့ကိုဖြေရှင်းဆောင်ရွက်ရန်လိုအပ်ကြောင်းအသိအမှတ်ပြုရပါမည်။ မြေယာဆိုင်ရာ ပြည့်စုံသောမူဝါဒတစ်ရပ်နှင့် မြေယာဥပဒေတစ်ရပ်တို့ကို ရေးဆွဲပြဋ္ဌာန်းရန်အထူးအကြံပြုပါသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာမြေဥပဒေနှင့်မြေလွတ်မြေလပ်နှင့်မြေရိုင်းဥပဒေတို့အတွက် နည်းဥပဒေများ တိုးတက်ကောင်းမွန်စေရေးလုပ်ငန်းစဉ်ကို မည်သူမဆိုပါဝင်နိုင်သောတိုင်ပင်ဆွေးနွေးသည့်လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဖွင့်လှစ် ပေးရန်အကြံပြုပါသည်။

# Annex
## နောက်ဆက်တွဲ

**Annex 1 -** နောက်ဆက်တွဲ ၁ မိမိသဘောဆန္ဒအလျောက်မဟုတ်ဘဲပြန်လည်နေရာချထားခြင်း နိုင်ငံတကာစံချိန်စံနှုန်းများ (adopted from World Bank Group's Resettlement Policy) (ကမ္ဘာ့ဘဏ်အုပ်စု၏ပြန်လည်နေရာချထားရေးမူဝါဒမှယူ၍ဖော်ပြပါသည်။)

မိမိသဘောဆန္ဒအလျောက်မဟုတ်ဘဲပြန်လည်နေရာချထားခြင်းသည် ကာလရှည်ပြင်းထန်သောအခက်အခဲများ ဆင်းရဲနွမ်းပါးမှုနှင့်သဘာဝပတ်ဝန်းကျင်ထိခိုက်မှု တို့ကိုဖြစ်စေနိုင်ပါသည်။ ယင်းသို့မဖြစ်စေရန်အတွက် စနစ်တကျအစီအမံများ ဂရုတစိုက်စီစဉ်ပြီး ဆောင်ရွက်ခြင်းမရှိပါက ယင်းသို့ဖြစ်ပွားနိုင်ပါသည်။ ဤအကြောင်းများကြောင့် မိမိသဘောဆန္ဒအလျောက်မဟုတ်ဘဲ ပြန်လည်နေရာခြင်းဆိုင်ရာ မြန်မာနိုင်ငံ၏မူဝါဒတွင်ခြုံငုံအထွေထွေဦးတည်ချက်များကို အောက်ပါအတိုင်း ချမှတ်သင့်ပါသည်။

(a)ဖြစ်နိုင်သည့်နေရာများ တွင်မိမိသဘောဆန္ဒမပါဘဲပြန်လည်နေရာချထားခြင်းကိုရှောင်ရှားသင့်ပါသည် သို့မဟုတ်နည်းပါးနိုင်သမျှနည်းပါးစေရန်ဖြစ်ပါသည်။ စီမံချက်ပုံစံထုတ်စီစဉ်ရာတွင်အခြားဖြစ်နိုင်သော ရွေးချယ်နိုင်သည့် နည်းလမ်းများအားလုံးကို စူးစမ်းလေ့လာ ရန်ဖြစ်ပါသည်။

(b) ပြန်လည်နေရာချထားခြင်းကိုရှောင်လွှဲရန် မဖြစ်နိုင်သောနေရာများတွင်ပြန်လည်နေရာချထားရေးလုပ်ငန်းများ ကို ရေရှည်တည်တံ့နိုင်သောဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များအဖြစ်ရေးဆွဲဆောင်ရွက်ရန်ဖြစ်ပါသည်။ စီမံချက်ကြောင့် ဖယ်ရှားပေးရသောသူများအနေဖြင့် စီမံချက်မှရရှိမည့် အကျိုးကျေးဇူးများကို မျှဝေခံစားနိုင်စေရန်အတွက် လုံလောက်သော ရင်းနှီးမြုပ်နှံမှုအရင်းအမြစ်များဖြည့်ဆည်းပေးရပါမည်။ ဖယ်ရှားပေးရသူများအား အဓိပ္ပာယ်ရှိသောနည်းလမ်းဖြင့်တိုင်ပင် ဆွေးနွေးပြီး ပြန်လည်နေရာချထားသည့်လုပ်ငန်းအစီအစဉ်များ စီစဉ်ရေးဆွဲအကောင်အထည်ဖော်ရာတွင် ပါဝင်နိုင်ရန်အခွင့်အလမ်းများရှိစေရပါမည်။

(c) ဖယ်ရှားပေးရသူများအားငင်းတို့၏ စားဝတ်နေရေးနှင့်လူနေမှုအဆင့်အတန်းတိုးတက်ကောင်းမွန်စေရန်သို့မ ဟုတ် မဖယ်ရှားပေးရမီရှိခဲ့သောအဆင့်အတန်းအတိုင်းပြန်လည်ရှိစေရန် စစ်မှန်သောသတ်မှတ်ချက်များယှဉ်ကြည့်ပါက ပြန်လည်၍ရှိစေရန် စီမံချက်အကောင်အထည်ဖော်ခြင်းစတင်၍ အကောင်အထည်မဖော်မီက ရှိခဲ့သော အဆင့်များအထိ ပြန်လည်ရောက်ရှိစေရန် ၎င်းတို့ထက်ပိုမို၍မြင့်မားသည့်အဆင့်သို့ရောက်ရှိစေရန်အတွက် ကြိုးပမ်းအားထုတ်မှုများတွင် ကူညီပံ့ပိုးပေးရန်ဖြစ်ပါသည်။

## **Annex 2 -** နောက်ဆက်တွဲ ၂ - မကြာသေးမီကပယ်ဖျက်ခဲ့သောဥပဒေများ

### *Foreign Investment Law (1988) နိုင်ငံခြားရင်းနှီးမြုပ်နှံမှုဥပဒေ (၁၉၈၈ ခုနှစ်)*

ဤဥပဒေသည်မြန်မာနိုင်ငံတွင်နိုင်ငံခြားရင်းနှီးမြုပ်နှံမှုအတွက်မူဘောင်ကိုပြဋ္ဌာန်းပေးပါသည်။မြေပါဝင်သော စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြုပ်နှံမှုအပါအဝင်ဖြစ်ပါသည်။ ဤဥပဒေသည်နိုင်ငံခြားရင်းနှီးမြုပ်နှံမှုကိုပြည်ပငွေရင်းငွေနှီး ၁၀၀ ရာခိုင်နှုန်းအထိခွင့်ပြုပါသည်။ နယ်မြေခံစီးပွားရေးလုပ်ငန်းနှင့်ဖက်စပ်လုပ်ကိုင်မည်ဆိုပါက နိုင်ငံခြား ရင်းနှီးမြုပ်နှံမှုမှာ စုစုပေါင်းရင်းနှီးမြုပ်နှံသည့်ငွေရင်းငွေနှီးအနည်းဆုံး ၃၀ ရာခိုင်နှုန်းရှိရပါမည်။ ဥပဒေတွင်ရင်းနှီးမြုပ်နှံမှု ၌မြေကိုအသုံးပြုနိုင်ကြောင်း ဖော်ပြထားခြင်းမရှိသော်လည်း ဥပဒေအရအကောင်အထည်ဖော်သောလုပ်ထုံးလုပ်နည်းများ တွင် ရင်းနှီးမြုပ်နှံမှုအဆိုပြုရာ၌ လိုအပ်သောမြေအမျိုးအစားနှင့် နယ်မြေဇရိယာကိုရှင်းလင်းစွာ ဖော်ပြထားပါသည်။ ဤဥပဒေတွင်မြေအသုံးပြုမှုဆိုင်ရာ ကန့်သတ်ချက်များ ဖော်ပြထားခြင်းမရှိပါ။

### *Land Nationalization Act (1953) မြေယာပြည်သူပိုင်သိမ်းခြင်းအက်ဥပဒေ(၁၉၅၃ ခုနှစ်)*

မြေယာပြည်သူပိုင်သိမ်းခြင်းဥပဒေသည် မြေအများအပြား ရရှိသောမြေပိုင်ရှင်စနစ်ကိုပယ်ဖျက်ရန်ပြဋ္ဌာန်းခြင်းဖြစ်ပါသည်။ နိုင်ငံအတွင်းမြေဖြန့်ဝေရေးစနစ်တည်ထောင်ခဲ့ပါသည်။
နိုင်ငံတော်အစိုးရကမြေဖြန့်ဝေရာတွင်မြေငှားခြင်းအစီအမံဖြင့်စီမံခန့်ခွဲဆောင်ရွက်ပါသည်။မြေငှားခနှုန်းထားကိုဖြန့်ဝေပေးသော စိုက်ပျိုးမြေအမျိုးအစားပေါ်တွင်အခြေပြု၍ကောက်ခံပါသည်။ မြေငှားခနှုန်းထားမှာအနှစ်သာရအားဖြင့်၎င်းတို့ ငှားရမ်းယူသော မြေအမျိုးအစားပေါ်အခြေပြု၍ လယ်သမားများကပေးရသည့် နှစ်စဉ်အကောက်အခွန်ဖြစ်ပါသည်။ ဤအက်ဥပဒေအရ မြေယာကိုပေါင်နှံခြင်း ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခွင့်လွှဲပြောင်းများမှာတရားမဝင်ပါ။ နိုင်ငံတော် အစိုးရက ဖြန့်ဝေပြီးစီမံခန့်ခွဲသောမြေများကို ငှားရမ်းခြင်းအဆင့်အတန်းမှာယာယီနှင့်အမြဲတမ်းဟူ၍အမျိုးအစားခွဲခြားနိုင် ပါသည်။ အမြဲတမ်းငှားရမ်းခွင့်အခွင့်အရေးများကိုပင် ငှားရမ်းခြင်းသတ်မှတ်ချက်များအတိုင်း ငှားရမ်းခွင့်ပိုင်ဆိုင်သူလယ်သမားက ပြည့်မှီအောင်မဆောင်ရွက်ပါကပယ်ဖျက်နိုင်ပါသည်။ ထို့ကြောင့်မြေယာပြည်သူပိုင်သိမ်းရေးအက်ဥပဒေသည် လယ်သမားများအတွက် အားနည်းသောလယ်လုပ်ခွင့်လုံခြုံမှုကိုသာဖြည့်ဆည်းပေးနိုင်ပါသည်။

ဤဥပဒေတွင်စိုက်ပျိုးရေးအသင်းများဖွဲ့စည်းတည်ထောင်ခြင်းကိုခွင့်ပြုထားပါသည်။ ယင်းအသင်းများမှာအနှစ် သာရအားဖြင့် မြန်မာနိုင်ငံကုန်သည်ကြီးများအသင်းအောက်တွင် လက်ရှိတည်ထောင်ထားသောကုန်သွယ်ရေးအဖွဲ့အ စည်းများဖြစ်ပါသည်။ ယင်းတို့ကိုစိုက်ပျိုးရေးထွက်ကုန်များအဖြစ်သတ်မှတ်ထားပါသည်။ (ပဲမျိုးစုံအသင်း ဝါဂွမ်းအသင်း စသည်တို့ဖြစ်ပါသည်။) ဥပဒေတွင် စိုက်ပျိုးမြေများဖြန့်ဝေခြင်းနှင့် အသုံးပြုခြင်းကိုကြီးကြပ်ကွပ်ကဲရန်အတွက် မြေယာစီမံခန့်ခွဲရေးကော်မတီများကို တည်ထောင်ထားပါသည်။

ဤဥပဒေသည်ဥပဒေပါသတ်မှတ်ချက်များအရချမှတ်ထားသောဆုံးဖြတ်ချက်များကိုပြန်လည်သုံးသပ်ရန်တရားမမှုတရားရုံးများ တွင်လုပ်ပိုင်ခွင့်မရှိကြောင်းအတိအလင်းတားမြစ်ထားပါသည်။

### *Disposal of Tenancies Law (1963) သီးစားပယ်ဖျက်ခြင်းဥပဒေ (၁၉၆၃ ခုနှစ်)*

ဤဥပဒေမှာအထက်တွင်ဖော်ပြထားသောမြေငှားရမ်းသည့် အစီအစဉ်များအဖြစ် ဖြန့်ဝေထားခြင်းမဟုတ်သည့် နိုင်ငံတွင်းရှိ စိုက်ပျိုးမြေများကိုစီမံခန့်ခွဲရန်အတွက် မြေပိုင်ရှင်နှင့်သီးစားစ နစ်ကိုတည်ထောင်ခြင်းဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ သို့မဟုတ် နိုင်ငံတော်အစိုးရကသတ်မှတ်ပေးသူသာလျှင်မြေပိုင်ရှင်အဖြစ်သတ်မှတ်နိုင်ကြောင်းဥပဒေတွင်ဖော်ပြထားပါသည်။
ဥပဒေအရမြေယာကိုသီးစားများသို့ခွဲဝေပေးသည့် စနစ်တစ်ရပ်ချမှတ်ပါသည်။ သီးစားများသည် အလုပ်သမားများအဖြစ် လယ်ကိုထွန်ယက်စိုက်ပျိုးရန်ဖြစ်ပါသည်။ (သီးစားဖျက်သိမ်းခြင်းဖြစ်ပါသည်။) သို့ဖြင့်သီးစားများအနေဖြင့် မိမိတို့အသုံးပြုရန် သတ်မှတ်ပေးသောမြေများအတွက် အသုံးပြုခကို အခကြေးငွေကောက်ခံနိုင်ရန်အစီအမံတစ်ရပ်လည်းချမှတ်ပါသည်။ မြေယာခွဲဝေသတ်မှတ်ရာတွင်ဆင်းရဲနွမ်းပါးသောအလုပ်သမားများအား ချမ်းသာသောအလုပ်သမားများထက်ဦးစားပေးပါသည်။ ခွဲဝေဖြန့်ဖြူးသောစနစ်တွင်မြေနုကျွန်းများကိုလည်းထည့်သွင်းထားပါသည်။
မြေယာစီမံခန့်ခွဲရေးကော်မတီများသည်သီးစားများအားမြေခွဲဝေသတ်မှတ်ပေးခြင်း မြေငှားခကောက်ခံခြင်း မြေကိုစိုက်ပျိုး သီးနှံများ ထွက်ရှိစေသောနည်းလမ်းဖြင့်အသုံးပြုစေခြင်းတို့ကို ကြီးကြပ်ကွပ်ကဲရန်တာ ဝန်ယူရပါသည်။

ဤသို့သောနိုင်ငံတော်အစိုးရကစီမံခန့်ခွဲသည့်လယ်ယာမြေကို မြေရှင်နှင့်သီးစားစနစ်မှာမြေယာနိုင်ငံပိုင်ပြုလုပ် ရေးအက်ဥပဒေ (၁၉၅၃ခုနှစ်)အရတည်ထောင်ခဲ့သော စိုက်ပျိုးမြေငှားရမ်းခြင်းဖြန့်ဝေသည့်စနစ်နှင့်ယှဉ်ပြိုင်လျှက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ဤအစီအစဉ်တွင်ပါဝင်သောမြေများကိုကြီးကြပ်ကွပ်ကဲရန်အတွက် တူညီသောမြေယာစီမံခန့်ခွဲရေးကော်မတီများ ပါဝင်သည့် တူညီသောစနစ်ကိုပင်အသုံးပြုခဲ့ပါသည်။

ဤဥပဒေသည်ဥပဒေပါပြဋ္ဌာန်းချက်များအရချမှတ်ခဲ့သောဆုံးဖြတ်ချက်များကို အရပ်ဘက်တရားရုံးများကပြန် လည်သုံးသပ်ရန် လုပ်ပိုင်ခွင့်မရှိကြောင်းအတိအလင်းတားမြစ်ထားပါသည်။

***Law Safeguarding Peasants Rights (1963)*** *လယ်သမားမြေကာကွယ်စောင့်ရှောက်သည့်ဥပဒေ (၁၉၆၃ ခုနှစ်)*
ဤဥပဒေသည်ယခင်ကလယ်သမားများအား ပြဋ္ဌာန်းပေးခဲ့သော အမှန်တကယ်ကာကွယ်စောင့်ရှောက်မှုများနှင့် နိုင်ငံအတွင်း စိုက်ပျိုးမြေဆိုင်ရာအခွင့်အရေးများကိုရှုပ်ထွေးမှုများရှိသည်ဟုယူဆပါသည်။
ဥပဒေမှာသာရှိပြီးနောက်ထပ်သွင်းအားစုများအနေဖြင့် မြေအသုံးပြုမှုအခွင့်အရေး များကိုသိမ်းဆည်းသော သို့မဟုတ် ပြဿနာဖြစ်နေသောမြေဆိုင်ရာအခွင့်အရေးများနှင့် ဆက်စပ်နေသည့် အခြားမည်သည့်ပိုင်ဆိုင်ပစ္စည်းကိုမျှသိမ်းဆည်းသောဝန်ထမ်း သို့မဟုတ် အမိန့်များထုတ်ပြန်နိုင်ခြင်းမရှိဟုရိုးရှင်းစွာမရှိဟုသာဖော် ပြထားခြင်းဖြစ်ပါသည်။ ဤဥပဒေမှာချေးငွေအတွက် အပေါင်အဖြစ်ထားရှိသောမြေကို မြေရှင်များက သိမ်းဆည်းရန်ကြိုးပမ်းခြင်းမှ လယ်သမားအား အကာအကွယ်ပေးရန် ရည်ရွယ်ပါသည်။ ဤဥပဒေတွင်အမွေဆက်ခံခွင့်အငြင်းပွားမှုများဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု သို့မဟုတ် ကာကွယ်စောင့်ရှောက်မှု ပြဋ္ဌာန်းထားခြင်းမရှိပါ။ မြေယာသိမ်းဆည်းခြင်းအက်ဥပဒေ (၁၈၉၄ ခုနှစ်) သို့မဟုတ် အခြားဥပဒေများတွင် ပါရှိသောပြဋ္ဌာန်းချက်များအရနိုင်ငံတော်အစိုးရက မြေကိုသိမ်းယူခြင်းမှ လည်းလယ်သမားများအားအကာအကွယ်ပေးခြင်းမရှိပါ။

ဤဥပဒေအရအရေးယူမဆောင်ရွက်သော အချိန်ကာလအတန်ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ အဓိကအကြောင်းမှာ စည်းမျဉ်းနှင့်အညီ ငွေချေးခြင်းမဟုတ်သော ငွေချေးငှားသူများသည်ချေးငွေဖြင့်မြေအခွင့်အရေးများပေါ်တွင် ချေးငွေများ သတ်မှတ်ခြင်းသည်ဥပဒေနှင့်မညီညွတ်သည်မှာ အချိန်ကာလကြာမြင့်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ နောက်ဆုံးပြဋ္ဌာန်းထားသော အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဤဥပဒေသည်အခြေခံဥပဒေနှင့်မညီညွတ်ဟုယူဆရပါသည်။ ယင်းအခြေခံ ဥပဒေတွင် နိုင်ငံတော်အစိုးရ၏ သီးခြားလွတ်လပ်သောတရားစီရင်ရေးကဏ္ဍကိုတည်ထောင်ထားခြင်းဖြစ်ပါသည်။ လယ် ယာမြေဥပဒေသစ် (၂၀၁၂ခုနှစ်)ပြဋ္ဌာန်းရာတွင်လယ်သမားများအားလယ်လုပ်ခွင့်အခွင့်အရေးဖြင့် ကြွေးမြီရယူရန်ခွင့်ပြု ထားရာလယ်သမားများအနေဖြင့် ထိုက်သင့်သောနှုန်းထားဖြင့်ကြွေးမြီရယူနိုင်ရန်အတွက် မြေကိုအပေါင်ထားသောလယ်သမားများအား ထိုက်သင့်သောကာကွယ်စောင့်ရှောက်မှုပေးရန်လိုအပ်ချက်ရှိနေပါသည်။ မြေပေါင်၍ငွေချေးခြင်း (ပေါင်နှံခြင်းများ) ပြုလုပ်ရန်ခွင့်ပြုထားသော အဖွဲ့အစည်းများအနေဖြင့် မြေများလက်ဝယ်စုဆောင်းမိခြင်းကိုလည်းခွင့်ပြုရန်လို အပ်လျက်ရှိပါသည်။ (မှတ်စု ၃၄)[15].

[15] ဤသို့ဆောင်ရွက်နိုင်ရန်အတွက်စည်းမျဉ်းလိုက်နာဆောင်ရွက်သော လိုင်စင်ရယူထား သည့်မြေရှင်များအားဎင်းတို့ပိုင်မြေအပေါင်များကို မြေအသုံးပြုမှုအခွင့်အရေးများ လယ်လုပ်ခွင့်အခွင့်အရေးများအားတ ရားရုံးအမိန့်ဖြင့် သိမ်းဆည်းရောင်းချရန်သတ်မှတ်ခြင်းဖြင့်ဆောင်ရွက်နိုင်ပါသည်။ ယင်းသို့ရောင်းချခြင်းမှာချေးငွေပြန် လည်ပေးချေရန်ထိုက်သင့်သော အခြားအုပ်ချုပ်မှုပိုင်းကုစားမှုများအားလုံးလုပ်ဆောင်ပြီးသောအခါမှသာ ဆောင်ရွက်ရန် ဖြစ်ပါသည်။ သို့ဖြင့်နိုင်ငံအနေဖြင့်ငွေချေးသူများလက်တွင်စိုက်ပျိုးမြေအများအပြားစုဆောင်မိနေသည့် အတိတ်ကအခြေ အနေမျိုးပြန်လည်မဖြစ်ပွားစေရန်လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

## **Annex 3 -** နောက်ဆက်တွဲ ၃ ဒေသတွင်းအခြားနိုင်ငံများမှမြေယာစီမံခန့်ခွဲမှုဆိုင်ရာသင်ခန်းစာများ

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်းရှိ အိမ်နီးချင်းနိုင်ငံများမှသင်ခန်းစာများရယူနိုင်မည်ဖြစ်ပါသည်။ ဒေသတွင်းတွင် မြေယာပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်း၍ဖြစ်ပေါ်ပြောင်းလဲမှုများအများအပြားရှိပါသည်။
မြေယာပဋိပက္ခနှင့်မြေယာသိမ်းယူခြင်းတို့ကြောင့် ကြီးလေးသောပြဿနာများလည်းရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းတို့ကိုသိရှိထားရန်လိုအပ်ပါသည်။ ဒေသတွင်းတွင် မြေယာပြဿနာများနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်နေသော ပြည်သူလူထုအဖွဲ့အစည်းများနှင့်ထိတွေ့ဆောင်ရွက်ရန် အထူးအားပေးတိုက်တွန်းပါသည်။ သို့ဖြင့်ကြုံတွေ့ရသော ပြဿနာအမျိုးအစားများနှင့်စပ်လျဉ်း၍ပိုမိုလေ့လာ သိရှိနိုင်မည်ဖြစ်ပါသည်။

## **Cambodia** ကမ္ဘောဒီးယား

ကမ္ဘောဒီးယားနိုင်ငံသည် ၂၅နှစ်ကြာမျှ ပြည်တွင်းစစ်နှင့်ပဋိပက္ခမှုဖြစ်ပွားနေခဲ့ပြီးနောက်အလွန်ခက်ခဲပြီးထူးခြားသော ဖွံ့ဖြိုးရေးပြဿနာအချို့ကိုရင်ဆိုင်ရပါသည်။မြန်မာနိုင်ငံတော်အစိုးရအနေဖြင့်၎င်းတို့၏အောင်မြင်မှုရရှိသောမြေယာစီမံခန့်ခွဲမှုစနစ်အချို့သောအပိုင်းကဏ္ဍများမှသင်ခန်းများရယူနိုင်သော်လည်း ကမ္ဘောဒီးယားနိုင်ငံ၏ အမှားအယွင်းများကိုလည်း အထူးသတိပြုရန်ဖြစ်ပါသည်။ ယင်းအမှားအယွင်းများကြောင့်မြေယာပဋိပက္ခနှင့် နိုင်ငံတွင်းလူမှုရေးမတည်ငြိမ်မှုဆိုင်ရာကြီးလေးသောပြဿနာများဖြစ်ပွားနေပါသည်။

ကမ္ဘောဒီးယားနိုင်ငံတွင်မြေဝယ်ယူခြင်းနှင့် ယင်းမှပေါ်ပေါက်လာသောမြေယာပဋိပက္ခတို့မှာကြီးလေးသောပြ ဿနာဖြစ်ပါသည်။ အထူးသဖြင့်နိုင်ငံအတွင်း ကြီးမားသော စက်မှုစိုက်ပျိုးရေးလုပ်ပိုင်ခွင့်များချထားပေးခြင်းမှာ ထိန်းချုပ်မှု ကွပ်ကဲမှုမရှိဘဲ တိုးချဲ့လာနိုင်ခြင်းကြောင့်ဖြစ်ပါသည်။ယင်းတို့ကြောင့် ကမ္ဘောဒီးယားနိုင်ငံ၏အမြဲတမ်းသစ်တောကြိုးဝိုင်းများနှင့် ကာကွယ်စောင့်ရှောက်ထားသောနယ်မြေများအများအပြားပျက်စီးခဲ့ပါသည်။လယ်သမားများအနေဖြင့်လယ်ယာလုပ်ကိုင်ရန်လုံလောက်သော လယ်ယာမြေဧရိယာမရှိသောကြီးလေးသည့်ပြဿနာနှင့်ရင်ဆိုင်ရပါသည်။ နယ်မြေဒေသ အများအပြားတွင် အစဉ်အလာအသက်မွေးဝမ်းကြောင်းသည့်စနစ်များပျက်စီးသွားပြီး အခြားရွေးချယ်နိုင်သည့်အသက် မွေးဝမ်းကြောင်းနိုင်သော စနစ်များဖြင့်အစားထိုးနိုင်ခြင်းမရှိပါ။

.

ကမ္ဘောဒီးယားနိုင်ငံသည်ဥပဒေစနစ်အားဖြင့်နိုင်ငံအတွင်း မြေယာစီမံခန့်ခွဲမှုနှင့်ခွဲဝေမှုအတွက်ခိုင်မာသောမူဘောင်တစ်ရပ်ကိုချမှတ်ထားရှိပါသည်။ သို့ရာတွင်နိုင်ငံသားများ၏ အခွင့်အရေးများကိုအလေးဂရုပြုသောနည်းလမ်းဖြင့် ယင်းစနစ်များကိုစနစ်တကျအကောင်အထည်ဖော်ရန်နိုင်ငံရေးအရ လိုအင်ဆန္ဒမရှိဘဲဖြစ်နေပါသည်။

ကမ္ဘောဒီးယားနိုင်ငံသည်မြေစာရင်းဖြင့်မှတ်တမ်းတင်သောစနစ်ကိုကျင့်သုံးပါသည်။ယင်းစနစ်တွင်ပုဂ္ဂလိကအပိုင်မြေနှင့် ပိုင်ဆိုင်ပစ္စည်းအခွင့်အရေးများကိုအသိအမှတ်ပြုပါသည်။မြေပိုင်ခွင့်များကိုအမှန်တကယ်စနစ်တကျမှတ်တမ်းတင်သော နယ်မြေဒေသများတွင်ဤစနစ်မှာအောင်မြင်မှုရရှိပါသည်။ပြဿနာမှာလူအများအပြားသည်၎င်းတို့၏အခွင့် အရေးများကို စနစ်မှတ်ပုံတင်ခြင်းမရှိခြင်း မှတ်ပုံမတင်ခြင်းဖြစ်ပါသည်။ သို့ဖြင့်လယ်လုပ်ခွင့်မသေချာခြင်း လယ်လုပ်ခွင့် လုံခြုံမှုမရှိခြင်း မြေသိမ်းဆည်းမှုများအနှံ့အပြားဖြစ်နေသည့်ဖိအားပေးမှုကြုံတွေ့ရခြင်းများဖြစ်နေပါသည်။

လယ်သမားများအနေဖြင့်အသေးစားချေးငွေလည်းရယူနိုင်ပါသည်။ အသေးစားချေးငွေမှာကျေးလက်ဒေသလယ် သမားများအားလယ်ယာမြေဖွံ့ဖြိုးရေးဆောင်ရွက်ရန် အောင်မြင်စွာပံ့ပိုးမှုပေးနိုင်ပြီး လယ်မြေပိုင်ဆိုင်မှုအခွင့်အရေးများ ထိုးရောင်းရသည့်အခြေအနေကိုရှောင်ရှားနိုင်စေပါသည်။ အသေးစားချေးငွေများပြန်မဆပ်သည့်နှုန်းမှာအလွန်နည်းပါး သည်ဟု သတင်းများထွက်ပေါ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံသည်သမိုင်းတစ်လျှောက်မြေယာစီမံခန့်ခွဲရေးနှစ့်စီမံကိန်းရေးဆွဲရေးတွင် အထူးသဖြင့်အစိုးရ အဖွဲ့အစည်းအသီးသီး၏လုပ်ပိုင်ခွင့်များထပ်နေခြင်းနှင့်စပ်လျဉ်း၍ ဥပဒေများတစ်ခုနှင့်တစ်ခုသဟဇာတညီညွတ်မှုရှိရေး ပြဿနာများကြုံတွေ့ရပါသည်။

ကမ္ဘောဒီးယားနိုင်ငံတွင်ကြုံတွေ့ရသောအကြီးမားဆုံးပြဿနာတစ်ရပ်မှာ နိုင်ငံတော်အစိုးရအနေဖြင့်မြို့ပြနှင့် မြို့ပြပတ်လည် တစ်ဝိုက်နယ်မြေဒေသများတွင်သာ မြေပိုင်ခွင့်အခွင့်အရေးများမှတ်ပုံတင်ခြင်းကိုတစ်ခုတည်းနီးပါးမျှပထမဦးစွာ အာရုံစူးစိုက်ပြီး အခြားနယ်မြေဒေသများကိုဆောင်ရွက်ခဲ့ခြင်းမရှိသည့်ပြဿနာဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တစ်ချိန်တည်းမှာပင် ကျေးလက်ဒေသပြည်သူလူထုအတွက် လယ်လုပ်ခွင့်လုံခြုံမှုကိုလည်းဆောင်ရွက်ရန် အဓိထားဆောင်ရွက်ခဲ့သင့်ပါသည်။ သို့ဖြင့်မြေယာပဋိပက္ခမှုနှင့်လူမှုရေးမတည်ငြိမ်မှု နိုင်ငံအနေဖြင့်ရင်ဆိုင်နေရသော လယ်ယာမြေပဋိပက္ခနှင့် လူမှုရေး မတည်ငြိမ်မှုပြဿနာအများအပြားကိုရှောင်လွှဲနိုင်မည်ဖြစ်ပါသည်။

ကမ္ဘောဒီးယားအစိုးရသည်ရပ်ရွာမြေပိုင်ခွင့်အခွင့်အရေးများကို လူနည်းစုတိုင်းရင်းသားရပ်ရွာများအတွက်အသိ အမှတ်ပြုရန် ဥပဒေအရအစီအမံများချမှတ်ထားပါသည်။

**Laos** လာအိုနိုင်ငံ

မြေယာသိမ်းဆည်းမှုများအနှံ့အပြားဖြစ်ပွားခြင်း၊ မြေယာပဋိပက္ခဖြစ်ခြင်း၊ လူမှုရေးမတည်ငြိမ်မှုမြင့်တက်လာခြင်း ဟူသော ကမ္ဘောဒီးယားနိုင်ငံ ရင်ဆိုင်နေရသည့်ပြဿနာ အများအပြားကိုပင် လာအိုနိုင်ငံသည်လည်း ရင်ဆိုင်ရလျက်ရှိပါသည်။

ဤအခြေအနေတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရသည် လယ်ယာမြေနှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ မူဝါဒနှင့်ဥပဒေအသီးသီးကို ပြန်လည်သုံးသပ်ပြီးပြင်ဆင်ရန် ဆောင်ရွက်လျှက်ရှိပါသည်။ ဤလုပ်ငန်းစဉ်ကို ၂၀၁၁ ခုနှစ်တွင် စတင်ပြီး ၂၀၁၂ ခုနှစ်နှစ်ကုန်ပိုင်းတွင်မြေအသုံးပြုမှု မူဝါဒများပြန်လည်ပြင်ဆင်မှုပြီးဆုံးရန်စီစဉ်ထားပါသည်။ လာမည့်ဇူလိုင်လ တွင်ဆက်စပ်နေသောဥပဒေများပြင်ဆင်ခြင်း ပြီးဆုံးရန်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်ပြီးဆုံးသည်နှင့်တစ်ပြိုင်နက် အခြားသော ဆက်စပ်မူဝါဒများနှင့် စည်းမျဉ်းများကို လည်းဆက်လက်ပြင်ဆင်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေး သစ်တော သတ္တုတွင်းနှင့် ရေဆိုင်ရာမူဝါဒများနှင့်စည်းမျဉ်းများ ဖြစ်ပါသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ စီးပွားရေးစီမံကိန်းနှင့်ဘဏ္ဍာရေးကော်မတီ အမျိုးသားလွှတ်တော် စီးပွားရေး စီမံကိန်းနှင့်ဘဏ္ဍာရေးကော်မတီက နယ်ပယ်အများ ကဏ္ဍများနှင့်သက်ဆိုင်သောလယ်ယာမြေနှင့်ဆက်စပ် နေသည့် ပြဿနာများကိုဖော်ထုတ်ထားပါသည်။ ယင်းတို့မှာ လယ်လုပ်ခွင့် ပိုင်ဆိုင်မှု ပိုင်ဆိုင်မှုစာရွက်စာတမ်းရှိမှု ငှားရမ်းခြင်း နှင့်အခြားမြေအသုံးပြုမှုအမျိုးအစားများသည် စိန်ခေါ်မှုအခက်အခဲများဖြစ်စေပြီး မဟာဗျူဟာရှုမြင်ပုံဖြင့် မူဝါဒများရေးဆွဲလျှက် စီးပွားရေးနှင့်လူမှုရေးယှဉ်ပြိုင်နေသောအင်အားစုများအသီးသီးကိုဟန်ချက်ညီစေပြီး လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ အတွင်းစီးပွားရေးကြီးထွားမှုအများဆုံးရှိစေလျှက် ဆင်းရဲနွမ်းပါးမှုနည်းပါးသက်သာစေရန် လုပ်ဆောင်ရပါမည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် စီပွားရေးစီမံကိန်းနှင့်ဘဏ္ဍာရေးကော်မတီက ဖော်ထုတ် ထားသော အဓိကအရေးပါသည့် စိုးရိမ်ပူပန်မှုအချို့တွင်အောက်ပါတို့ပါဝင်ပါသည်။

- လာအိုနိုင်ငံကျေးလက် နှင့်မြို့ပြဒေသများရှိအိမ်ထောင်စုအများစုသည် မြေယာဆိုင်ရာအခွင့်အရေးများ လုံခြုံစွာ ရှိစေခြင်း ဥပမာ မြေယာများ ကိုနိုင်ငံခြားရင်းနှီးမြုပ်နှံသူများအတွက်ဖွင့်လှစ်ခြင်းမပြုမီ မြေယာအသုံးပြုသူ အခွင့်အရေးများတရားဝင်မှတ်ပုံတင်ပြီးဖြစ် စေလျှက် မိမိတို့မြေကို အစဉ်အလာမြေယာအခွင့်အရေးများ ရှိစေရေးသီးသန့်ပြုစုခြင်း
- ဥပဒေမူဘောင်တွင်ရှင်းလင်းခြင်းနှင့်ရှေ့နောက်ညီညွတ်မှုရှိစေခြင်း ဥပဒေများနှင့်အကောင်အထည်ဖော်ရေး လမ်းညွှန် ချက်များ
- မြေအရောင်းအဝယ်ပြုလုပ်မှုများကိုအုပ်ချုပ်ပြီးစောင့်ကြည့်လေ့လာနိုင်ရန်အတွက်ဗဟိုအဆင့်နှင့်နယ်မြေခံအဆင့်များ တွင်အဖွဲ့အစည်းစနစ်ပိုင်းနှင့်အုပ်ချုပ်မှုပိုင်းထိရောက်သောစွမ်းဆောင်ရည်ရှိစေခြင်း
- နိုင်ငံခြားရင်းနှီးမြုပ်နှံသူများအားလာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့လာရောက်ရန်မဖိတ်ခေါ်မီ မြေပိုင်ဆိုင်မှု နှင့်စပ်လျဉ်းသောအခွင့် အလမ်းများနှင့် အန္တရာယ်ကျရောက်နိုင်မှုများအကြောင်းနိုင်ငံသားများအကြားတွင် သိမြင်နားလည်မှုမြင့်တင်ခြင်းနှင့်

- နိုင်ငံသားများနှင့်နယ်မြေခံရပ်ရွာများသည် ဥပဒေများနှင့်စည်းမျဉ်းများကိုမည်မျှကောင်းမွန်စွာအကောင်အထည်ဖော် ဆောင်ရွက်ကြောင်း စောင့်ကြည့်လေ့လာနိုင်စေရန်အတွက်မြေနှင့်ပတ်သက်သောအရောင်းအဝယ် လက်ပြောင်း လက်လွှဲ ကိစ္စရပ်များအားလုံးတွင်ထင်သာမြင်သာရှိစေခြင်း နယ်မြေခံအဆင့်တွင် စောင့်ကြည့်လေ့လာရေးလုပ်ငန်းကို ထိရောက်စွာ ဆောင်ရွက်ခြင်း

လာအိုနိုင်ငံသည်ရပ်ရွာအတွက်မြေယာခွဲဝေသတ်မှတ်ပေးမှုများ၌ သစ်တောမြေအရင်းအမြစ်များအပေါ်အခွင့် အရေးများ အပါအဝင် လူနည်းစုတိုင်းရင်းသားရပ်ရွာများ၏အခွင့်အရေးများ မြေယာအသုံးပြုမှုအခွင့်အရေးများကိုအသိ အမှတ်ပြုပါသည်။

မြေပိုင်ခွင့်ကိုလည်းအသိအမှတ်ပြုပါသည်။ မြေယာအသုံးပြုမှုအသိအမှတ်ပြုလက်မှတ်များထုတ်ပေး ရန်အတွက်ဥပဒေပြဋ္ဌာန်းပြီး အစီအမံချမှတ်ထားပါသည်။ ငွေရင်းငွေနှီးရယူနိုင်ရန်လည်းခွင့်ပြုထားပါသည်။

## Thailand ထိုင်းနိုင်ငံ

ထိုင်းနိုင်ငံသည် သမိုင်းတစ်လျှောက် နိုင်ငံရေးတည်ငြိမ်မှုရရှိစေနိုင်သော နည်းလမ်းတစ်ရပ်အဖြစ် ကျေးလက်ဒေသ ပြည်သူလူထုအား မြေယာနှင့် သစ်တောအရင်းအမြစ်များခွဲဝေခြင်းကို အောင်မြင်စွာအသုံးပြုခဲ့ပါသည်။ မကြာသေးမီ နှစ်များအတွင်းက မြေသိမ်းဆည်းခြင်းနှင့်စပ်လျဉ်းသောပြဿနာများနှင့် ယင်းတို့မှဖြစ်ပေါ်လာသောမြေယာ ပဋိပက္ခမှုများ စတင်၍တိုးပွားလာပါသည်။ အချို့သောအကြီးမားဆုံးပြဿနာအချို့မှာ လူနည်းစုတိုင်းရင်းသားအုပ်စုများသည် အစဉ်အလာ အားဖြင့်မြေယာအရင်းအမြစ်များကိုမျိုးဆက်များစွာကြာမြင့်အောင်ရေရှည်တည်တံ့သောနည်းလမ်း ဖြင့်အသုံးပြုခဲ့သော်လည်း ယခုအခါဂင်းတို့၏မြေပိုင်ခွင့်များဆုံးရှုံးနေသောနယ်မြေဒေသများတွင် အကြီးမားဆုံးပြဿနာအချို့ဖြစ်ပွားလျှက်ရှိပါသည်။ ထိုင်းနိုင်ငံသည်နိုင်ငံသားများ၏ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်ခွင့်ကိုအသိအမှတ်ပြုပါသည်။

မြန်မာနိုင်ငံအနေဖြင့် သင်ခန်းစာရယူနိုင်ပြီး ထိုင်းနိုင်ငံ၏အရေးကြီးဆုံးအပိုင်းကဏ္ဍမှာ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အများပြည်သူပါဝင်ဆောင်ရွက်နိုင်ရေးခွင့်ပြုထားပုံပင်ဖြစ်ပါသည်။ ယင်းကိုထိုင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားပြီး လွန်ခဲ့သောနှစ်ပေါင်း ၂၀ အတွင်းတွင်အရေးပါသောတိုးတက်ဖွံ့ဖြိုးမှုများ ပြောင်းလဲမှုများပြု လုပ်ခဲ့ပါသည်။

၁၉၉၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်သဘာဝပတ်ဝန်းကျင် သဘာဝအရင်းအမြစ်များထိန်းသိမ်းခြင်း ကာကွယ် စောင့်ရှောက်ခြင်းနှင့်အသုံးပြုခြင်း သဘာဝပတ်ဝန်းကျင်အရည်အသွေးကာကွယ်စောင့်ရှောက်ခြင်း မြှင့်တင် ခြင်းနှင့် ထိန်းသိမ်းခြင်းတို့တွင် လူပုဂ္ဂိုလ်များနှင့်ရပ်ရွာများတိုက်ရိုက်ပါဝင်ဆောင်ရွက်ရန်အခွင့်အရေးကို အတိအလင်း အသိအမှတ်ပြု ဖော်ပြထားပါသည်။ (မှတ်စု ၃၅ ထိုင်းဘုရင့်နိုင်ငံအခြေခံဥပဒေအပိုဒ် ၆၇ ထိုင်းသက္ကရာဇ် ၂၅၅၀ (၂၀၀၇ ခုနှစ်) အခြားပြဋ္ဌာန်းချက်များတွင်သဘာဝပတ်ဝန်းကျင်သဘာဝအရင်းအမြစ်များ သို့မဟုတ် ရပ်ရွာပြည်သူ လူထုကျန်းမာရေးကို ပြင်းထန်စွာထိခိုက်နိုင်သောမည်သည့်စီမံချက် သို့မဟုတ် လုပ်ဆောင်ချက်ကိုမဆိုတားမြစ်ရန် တားဆီးပိတ်ပင်ရန် သတ်မှတ်ထားပါသည်။ သဘာဝပတ်ဝန်းကျင်သက်ရောက်မှုနှင့်ကျန်းမာရေးအကဲဖြတ်ချက်အစီရင်ခံ စာများကိုစနစ်တကျပြုစုပြီး အများပြည်သူကြားနာမှုများကျင်းပလျှက်ကျွမ်းကျင်သူများ၏ထင်မြင်ချက်များကိုရယူပြီးမှသာ နောက်ဆုံးအတည်ပြုချက်ကို ခွင့်ပြုနိုင်ပါသည်။ (မှတ်စု ၃၆) ယင်းအခွင့်အရေးများရရှိစေရန်နှင့် ရရှိစေရန်အလို့ငှာ နိုင်ငံတော်အဖွဲ့အစည်းများက မိမိတို့၏တာဝန်ကိုဆောင်ရွက်ကြစေရေး လူတစ်ဦးချင်းနှင့်ရပ်ရွာများတွင်တရားစွဲဆိုရန် အခွင့်အရေးပေးထားခြင်းနှင့် ယင်းသို့သောမှုခင်းများကိုအုပ်ချုပ်မှုတရားရုံးဖွဲ့စည်းပြီး ကြားနာစစ်ဆေးစေခြင်းတို့ကို လည်းအပြောင်းအလဲများအဖြစ် ထည့်သွင်းထားပါသည်။ (မှတ်စု ၃၇) ဤအပြောင်းအလဲများကြောင့်သဘာဝပတ်ဝန်း ကျင်ကိစ္စရပ်များတွင် နိုင်ငံသားများနှင့်ပြည်သူလူထုအဖွဲ့အစည်းအခန်းကဏ္ဍတိုးမြှင့်လာပြီး သဘာဝပတ်ဝန်းကျင် တရားမျှတမှု သဘာဝပတ်ဝန်းကျင် ဆိုင်ရာတရားစီရင်ရေးရယူအသုံးပြုမှုနိုင်မှု ပိုမိုကောင်းမွန်လာရန်အထောက်အကူ ပြုခဲ့ပါသည်။

ထိုင်းနိုင်ငံတွင်သဘာဝပတ်ဝန်းကျင်ဆိုင်ရာတရားစီရင်ရေးဖွံ့ဖြိုးရေးကိုလည်းအထောက်အကူပြုခဲ့ပါသည်။

နောက်ဆုံးပြဋ္ဌာန်းခဲ့သောအခြေခံဥပဒေ (၂၀၀၇ ခုနှစ်)တွင် ၁၉၉၇ ခုနှစ်ကပြုလုပ်ခဲ့သောအပြောင်းအလဲ များပေါ်ဆက်လက်၍ တည်ဆောက်ခဲ့ပါသည်။ နိုင်ငံတော်အနေဖြင့် ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးရေးမူနှင့်အညီ သဘာဝပတ်ဝန်းကျင် အရည်အသွေးကောင်းစေရန်ပံ့ပိုးမှုပေးခြင်း ထိန်းသိမ်းခြင်း ကာကွယ်စောင့်ရှောက်ခြင်းများပြုလုပ် ရန်သတ်မှတ်ထားရုံမျှမက လူပုဂ္ဂိုလ်တစ်ဦးချင်း၏ကျန်းမာရေးသာယာဝပြောရေး ဘဝအရည်အသွေးတို့တွင်ထိခိုက်စေသော ညစ်ညမ်းစေသည့် အရင်းအမြစ်များကိုထိန်းချုပ်၍ ကင်းပျောက်စေရန်သတ်မှတ်ထားပါသည်။ လုပ်ငန်းပိုင်း အစီအစဉ်များရေးဆွဲရာတွင် လူတစ်ဦးချင်း နယ်မြေခံရပ်ရွာများနှင့်အုပ်ချုပ်မှုအဖွဲ့အစည်းများကိုလည်းပါဝင်ဆောင် ရွက်ရန်ခွင့်ပြုထားပါသည်။ (မှတ်စု ၃၈) အပိုဒ် ၈၅) လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် ရပ်ရွာ၏သဘာဝပတ်ဝန်းကျင် အရည်အသွေး ကျန်းမာရေး လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် ရပ်ရွာ၏ကျန်းမာရေး နေထိုင်မှုအရည်အသွေး သို့မဟုတ် အခြားအကျိုးစီးပွားများကိုထိခိုက်နိုင်သောစီမံချက်များ သို့မဟုတ် လုပ်ဆောင်ချက်များနှင့်စပ်လျဉ်း၍နိုင်ငံတကာထံမှ သတင်းအချက်အလက်ရှင်းလင်းချက်နှင့် အကြောင်းပြချက်များ ရရှိရန်အခွင့်အရေးကိုလည်းကာကွယ်စောင့်ရှောက်ထား ပါသည်။ ထို့အပြင်ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ထင်မြင်ချက်များကို နိုင်ငံတကာအားထုတ်ဖော်ပြောကြားရန်အခွင့် အရေးကိုလည်းသတ်မှတ်ဖော်ပြပါသည်။ (မှတ်စု ၃၉ အပိုဒ် ၅၇) နည်းဥပဒေ၌လူပုဂ္ဂိုလ်များအားသဘာဝပတ်ဝန်းကျင် ကိုကာကွယ်စောင့်ရှောက်ရေးနှင့်ပါဝင်ဆောင်ရွက်ရန် ၎င်းတို့၏ အခွင့်အရေးအပါအဝင် အကျယ်ဥပဒေပါအခွင့်အရေးများ လွတ်လပ်ခွင့်များကိုချိုးဖောက်မှုဖြစ်ပါကအကျယ်ဥပဒေတရားရုံးတွင် တောင်းခံချက်တိုက်ရိုက်တင်သွင်းရန်လည်း လူတစ်ဦးချင်းအား အခွင့်အရေးအပ်နှင်းထားပါသည်။ အခြားသော ရရှိနိုင်သည့်ကုစားရန်နည်းလမ်းများအားလုံးကို ဆောင်ရွက်ပြီးပါကယင်းသို့ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## Vietnam ဗီယမ်နမ်နိုင်ငံ

ဗီယမ်နမ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံအများအပြားမှာကဲ့သို့ပင် နိုင်ငံအတွင်းမြေယာသိမ်းဆည်းခြင်းနှင့် ပဋိပက္ခမှုဆိုင်ရာ ပြဿနာများရင်ဆိုင်ရပါသည်။ ဤပြဿနာအများအပြားမှာမြေရယူအသုံးပြုမှုနှင့်စပ်လျဉ်း၍ နိုင်ငံပိုင်လုပ်ငန်းများနှင့် လယ်ဧကအနည်းငယ်လုပ်ကိုင်သောလယ်သမားများ၏ အခွင့်အရေးများပဋိပက္ခဖြစ်ခြင်း နှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးမှုဖိအားပေးမှုများနှင့်ရင်ဆိုင်ရသောအခါတွင်မြေအသုံးပြု မှုအခွင့်အရေးများဆုံးရှုံးရသည့် အတွက်လျော်ကြေးတွက်ချက်ပုံနှင့်စပ်လျဉ်း၍လည်းကြီးလေးသောပြဿနာများရှိပါသည်။မြေကိုနိုင်ငံတော်အစိုးရက စီးပွားရေး ဖွံ့ဖြိုးရန်အတွက် ရယူနိုင်ပါသည်။ သို့ဖြင့်နိုင်ငံအတွင်းမြေယာပဋိပက္ခမှုနှင့် လူမှုရေး မတည်ငြိမ်မှုများပိုမိုများပြားလာပါသည်။

ဗီယမ်နမ်နိုင်ငံမြေယာစီမံခန့်ခွဲမှုစနစ်များတွင်အခြားသောပြဿနာများမှာ မြေယာအခွင့်အရေးများပေးအပ်ရာ တွင်ကျား မမျှတမှုမရှိခြင်း(ကျားမ)ဘက်မလိုက်မှုရှိခြင်း၊လယ်ယာစိုက်ပျိုးရာတွင်လွတ်လပ်ခွင့်မရှိခြင်း၊ အသက်မွေးဝမ်း ကြောင်းအတွက် လယ်သမားများအား ခွဲဝေသတ်မှတ်ပေးသော လယ်ယာမြေဧရိယာမလုံလောက်ခြင်း၊ မြေအသုံးပြုမှုအခွင့်အရေးများ ပေးအပ်သည့်စနစ်မှာရှုပ်ထွေးလွန်းခြင်းနှင့် မြေယာစီမံခန့်ခွဲမှုဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များမှာ ယေဘူယျအားဖြင့် ထင်သာမြင်သာရှိမှုမရှိခြင်းတို့ဖြစ်ပါသည်။

မြေယာနှင့်စပ်လျဉ်း၍ ဗီယမ်နမ်နိုင်ငံ၏ ဥပဒေမူဘောင်အားသာချက်များတွင် မြေအသုံးပြုမှုအမျိုးအစားများအား လုံးပေါင်းစည်းထည့်သွင်းပါဝင်သော ပြည့်စုံသည့်မြေယာဥပဒေရှိခြင်း၊ မြေစာရင်းဖြင့်မှတ်တမ်းတင်သောစနစ်ပေါင်းစည်း ထည့်သွင်းထားခြင်း၊ မြေယာဇုန်သတ်မှတ်သည့်စနစ်ကိုအသုံးပြုခြင်းနှင့် နိုင်ငံအတွင်းမြေအသုံးပြုမှုအစီအစဉ်ရေးဆွဲရာတွင် ပြည့်စုံသောလုပ်ငန်းစဉ်ကိုအသုံးပြုခြင်းတို့ဖြစ်ပါသည်။

ဗီယမ်နမ်နိုင်ငံအနေဖြင့်နိုင်ငံအတွင်း မြေယာသိမ်းဆည်းခြင်းနှင့် ယင်းကြောင့်ဖြစ်ပေါ်လာသောမြေယာပဋိပက္ခများဆိုင်ရာ ပြဿနာများရင်ဆိုင်နေရကြောင်း နားလည်သဘောပေါက်ပြီး ကျေးလက်ဒေသလယ်သမားများ၏လယ်လုပ်ခွင့်လုံခြုံမှုကို ပိုမိုကောင်းမွန်စွာ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် မြေယာဥပဒေကိုပိုမိုစောင့်ရှောက်နိုင်ရေးအတွက်မြေယာဥပဒေကို ပြင်ဆင်လျှက်ရှိပါသည်။ မြေပိုင်ခွင့်အခွင့်အရေးများဆုံးရှုံးပါက မြေအသုံးပြုခွင့်နှင့်ပိုင်ဆိုင်ခွင့်အခွင့်အရေး များဆုံးရှုံးပါက လျော်ကြေးတွက်ချက်ရန် အစီအမံများ ပိုမိုကောင်းမွန်စေရေး မြေယာနှင့်စပ်လျဉ်းသည့်ပဋိပက္ခများဖြစ်ပွားလာနိုင်မည့် အလားအလာလျော့ချရေးတို့ကိုလုပ်ဆောင်လျှက်ရှိပါသည်။ လက်ရှိမြေယာဥပဒေများတွင်ပြင်ဆင်ချက်များ ကို ၂၀၁၃ ခုနှစ်တွင်ပြီးစီးအောင်ဆောင်ရွက်နိုင်မည်ဟုမျှော်မှန်းပါသည်။

LCG

FSWG-LAND CORE GROUP

Room 206,2nd Floor,Tower(E), Diamond Condominium, 497 Pyay Road, Kamaryut Township, Yangon 11041
Tel:+95 09 425026461~2 Fax: 09 7303 1749 Website: www.myanmarfswg.org